မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily
၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက် ၂၀၁၉ ခုနှစ်၊ ဇွန် ၆ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၈)၊ အမှတ် (၂၄၉)

**အနှစ်ရှိသော တရားကိုရနိုင်**

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ မိန့်ခွန်းပြောကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၅**

၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှ မြို့တော်ဝန်များ၊ နေပြည်တော်ကောင်စီဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ရေးရာကော်မတီဥက္ကဋ္ဌများ၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သံအမတ်ကြီးများ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချက်သမ္မတနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ချက်သမ္မတနိုင်ငံသမ္မတ **Mr. Milos Zeman** က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

**ဘူဒါပတ်စ် ဇွန် ၅**

ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ချက်သမ္မတနိုင်ငံသမ္မတ Mr. Milos Zeman နှင့် ဇွန် ၄ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ပရာ့ဂ်မြို့ရှိ သမ္မတရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ထိတွေ့ဆက်ဆံသွားရေး ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပရာ့ဂ်မြို့ရှိ အမျိုးသားပြတိုက်၌ ကျင်းပသည့် "မြန်မာ့အလှ" ဓာတ်ပုံပြပွဲဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး

စာမျက်နှာ ၅ ကော်လံ ၁ ✻

**အီးယူမှ ဗြိတိန်နုတ်ထွက်ပြီးနောက် ကုန်သွယ်ရေးသဘောတူ လက်မှတ်ရေးထိုးလိုကြောင်း ထရမ့်ပြော**

နိုင်ငံတကာသတင်း စာ » ၁၄

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# နေ့နေ့ညည ထာဝရကုသိုလ်

မုတ်သုံလေဦးနှင့်အတူ နိုင်ငံအနှံ့အပြားမှာ မိုးရွာစပြုပြီ။ နွေအပူကို ကျော်ကော့အောင်ခံခဲ့ရသမျှ မိုးအကျတွင် သစ်ပင်စိုက်ပျိုးကြဖို့ လုံးပန်းကြသည်။ သစ်ပင်မျိုးစုံ ပျိုးပင်အရေအတွက် သောင်းနှင့်ချီကာ စိုက်ပျိုးကြရန် ဒေသအသီးသီးတို့မှာ ဆောင်ရွက်နေကြကြောင်း သတင်းများကိုလည်း ဖတ်ရှုရသည်။ ဒေသစိမ်းလန်းစိုပြည်ရန်၊ အရိပ်ရအေးမြစေရန်၊ ဥတုသပ္ပါယ မျှတစေရန်၊ ရေဝေရေလဲ ဒေသများ ထိန်းသိမ်းနိုင်ရန် အစရှိသည့် ရည်ရွယ်ချက်ကောင်းများနှင့်ဖြစ်သည်။

အရိပ်ရသစ်ပင်များက အရိပ်အာဝါသကိုပေးသည်။ သစ်ပင်၏ အရိပ်မိုးထားသော အောက်မှ မြေပြင်သည် အကာအကွယ်ကင်းမဲ့သည့် မြေပြင်ကဲ့သို့ မပူ။ ရွက်အုပ်များသော သစ်ပင်များတွင် ရေငွေ့ထုတ်လွှတ်မှု သဘာဝကြောင့် ပတ်ဝန်းကျင်ကိုလည်း အပူလျော့စေသည်။ အရိပ်ချင်းဆက်နေသော သစ်ပင်များ၏ အောက်မှာ မြေပြင်သည် အစိုဓာတ်ရှိနေသည့်အတွက် အပင်ငယ်များကိုလည်း ထပ်မံပေါက်ရောက်စေနိုင်ပြီး မြေသြဇာနှင့်ရေတို့ကို ထိန်းပေးနိုင်သည်။ သစ်ပင်တို့က လေထဲမှာရှိသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူကာ အောက်ဆီဂျင်ဓာတ်ငွေ့ကို ပြန်လည်ထုတ်လွှတ်ပေးခြင်းဖြင့် လူသားတို့ကို အကျိုးပြုပြန်သည်။ သစ်ပင်၏ စိမ်းလန်းသည့်အရောင်က စိတ်ကိုလည်း အေးချမ်းစေသည်။ သို့ဖြစ်သည့်အလျောက် သစ်ပင်စိုက်ပျိုးသည့်အလုပ်ကို ကုသိုလ်ကောင်းမှုတစ်ရပ်အဖြစ်နှင့် ရှေးကတည်းကပင် မြန်မာတို့ ပြုခဲ့ကြသည်။

သစ်ပင်ကို နှစ်စဉ်စိုက်ကြရန် တိုက်တွန်းနှိုးဆော်ကာ မိုးဦးကျတိုင်းတွင် စိုက်ခဲ့ကြသော သစ်ပင်ပျိုးပင်ပေါင်းမှာ တစ်နိုင်ငံလုံးတွင် နှစ်စဉ်သန်းနှင့်ချီသည်။ သို့ရာတွင် စတင်စိုက်ပျိုးစဉ်ကတည်းကပင် စနစ်တကျမစိုက်ပျိုးမှု၊ ဝတ်ကျေတန်းကျေလုပ်ကိုင်မှု၊ စိုက်ပျိုးပြီးသည့် အပင်ငယ်များကို ရှင်သန်ကြီးထွားအောင် နောက်ဆက်တွဲ ထိန်းသိမ်းစောင့်ရှောက်မှုများ ဆက်လက်မပြုလုပ်နိုင်မှု စသည့်အကြောင်းများစွာတို့ကြောင့် သစ်ပင်ပျိုးပင်ငယ်များစွာတို့မှာ အဟောသိကံ ဖြစ်သွားကြရသည်ကများသည်။ သို့ဖြစ်သည့်အလျောက် သစ်ပင်စိုက်ရာသီတွင် စိုက်ပျိုးမည့် သစ်ပင်များကို စနစ်တကျပျိုးထောင်ခြင်း၊ စိုက်ပျိုးမည့်နေရာ စိုက်ကျင်းများကိုလည်း သစ်ပင်ရှင်သန်နိုင်ရန် လိုအပ်သော အကျယ်အဝန်းနှင့် အနက်တို့ရအောင် ကြိုတင်တူးဖော်ခြင်း၊ မြေသြဇာနှင့်မြေဆွေးတို့ လုံလောက်အောင် ဖြည့်သွင်းထားခြင်း၊ သစ်ပင်စိုက်ပျိုးရာတွင် ရှင်သန်စေလိုသော စိတ်စေတနာအပြည့်ဖြင့် စိုက်ပျိုးခြင်းအားဖြင့် စိုက်ပျိုးသည့် သစ်ပင်တို့ ရှင်သန်ကာ အရိပ်ရသစ်ပင်၊ သီးပင်၊ စားပင်တို့ စိုက်ပျိုးခြင်းဖြင့် ရရှိအပ်သော ကောင်းမှုကုသိုလ်ကို ပြုရာရောက်မည်ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းဝပ်စံပယ်စဉ် တစ်ခုသော ညဉ့်သန်းခေါင်းယံ့ဝယ် အဖူးအမြော်ရောက်လာသော နတ်သားတစ်ပါးက နေ့ရောညပါ ကုသိုလ်အမြဲရစေနိုင်သော အလှူဒါန အကြောင်းကို လျှောက်ကြားမေးမြန်းခဲ့ရာ ဗုဒ္ဓမြတ်စွာဘုရားက- အကြင်သူတို့သည် သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ်စိုက်ပျိုးကုန်၏၊ တောသစ်ပင်ကို စိုက်ပျိုးကုန်၏၊ တံတားခင်းကုန်၏၊ အကြင်သူတို့သည် ရေအိုးစင်ကိုလည်းကောင်း၊ ရေတွင်းကိုလည်းကောင်း၊ နေရာကျောင်းကိုလည်းကောင်း လှူဒါန်းကုန်၏။ ထိုသူတို့အား နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း အခါခပ်သိမ်းကောင်းမှုသည် တိုးပွား၏။ ထိုသူတို့သည် တရား၌ တည်ကုန်၏။ ထိုသူတို့သည် ကောင်းသော အလေ့အထ စာရိတ္တသီလနှင့် ပြည့်စုံကုန်၏။ ထိုသူတို့သည် နတ်ပြည်သို့ သွားရ၏ဟု မိန့်တော်မူခဲ့သည်။

သီးပင်၊ ပန်းပင်၊ အရိပ်ရပင်တို့ကို ရှင်သန်အောင် စိုက်ပျိုးကာ နေ့နေ့ညည ထာဝရကုသိုလ်ထူးတို့ကို ယူနိုင်ကြပါစေကြောင်း။ ။

## အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ် နိုင်ငံ့အမွေအနှစ် မှတ်တမ်းနှင့်မော်ကွန်းများ လေ့လာကြည့်ရှုနိုင်

နေပြည်တော် ဇွန် ၅

အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် နိုင်ငံ့အမွေအနှစ် မှတ်တမ်း၊ မော်ကွန်းများကို အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်၊ရန်ကုန်) ၌ ၈-၆-၂၀၁၉ (စနေနေ့) နှင့် ၉-၆-၂၀၁၉ (တနင်္ဂနွေနေ့)များတွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ခင်းကျင်းပြသသွားမည် ဖြစ်သဖြင့် ရာဇသင်္ဂဟလမ်း ကုမုဒြာကြာပန်းဝိုင်းအနီး ဥတ္တရသီရိမြို့နယ် နေပြည်တော်တွင် လာရောက်လေ့လာကြည့်ရှုနိုင်ပါကြောင်း သိရသည်။ **သတင်းစဉ်**

## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး ကျင်းပမည်

နေပြည်တော် ဇွန် ၅

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ဒုတိယအစည်းအဝေးကို ၁၃၈၁ ခုနှစ် ဝါဆိုလဆန်း ၃၊ ၄၊ ၅၊ ၆ ရက် (၂၀၁၉-ခုနှစ် ဇူလိုင် ၄၊ ၅၊ ၆၊ ၇) ရက်၊ ကြာသပတေး၊ သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၁ ခုနှစ် ဝါဆိုလဆန်း ၇၊ ၈ ရက် (၂၀၁၉-ခုနှစ်၊ ဇူလိုင် ၈၊ ၉) ရက် တနင်္လာ၊ အင်္ဂါနေ့များတွင် အစည်းအဝေးကျင်းပမည်ဖြစ်သည်။

နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၈၁ ခုနှစ် ဝါဆိုလဆန်း ၂ ရက် (၂၀၁၉ ခုနှစ် ဇူလိုင် ၃)ရက် ဗုဒ္ဓဟူးနေ့အရောက် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီးသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်ထားပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ရွှေတိဂုံစေတီတော်ရွှေသင်္ကန်းအလှူရှင်များ ရေစက်သွန်းချအမျှပေးဝေနိုင်ရန်ဖိတ်ခေါ်

နေပြည်တော် ဇွန် ၅

ရန်ကုန်မြို့ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် အလှူရှင်များ လှူဒါန်းခဲ့သည့် ရွှေစင်၊ ရွှေပြားရွှေ သင်္ကန်း တော်များအား ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် မတ် ၂၆ ရက်အထိ ရထားပုံဖြင့် ကပ်လှူပူဇော်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခုအခါ လုံးတော်ပြည့် ရွှေသင်္ကန်းများ ဆက်ကပ်ခြင်းလုပ်ငန်း အောင်မြင်စွာပြီးဆုံး၍ ကုသိုလ်ရှင်အပေါင်း၏ ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း မဟာကုသိုလ်တော်အောင်ပွဲ ရေစက်ချအမျှပေးဝေခြင်း မင်္ဂလာအခမ်းအနားကို ဇွန် ၁၇ ရက် (တနင်္လာနေ့)၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်၊ နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသွားမည်ဖြစ်၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၁၉ ခုနှစ် မတ် ၂၀ ရက်အထိ လှူဒါန်းခဲ့သည့် ရွှေသင်္ကန်းအလှူရှင်များ ကြွရောက်တရားတော်နာ ရေစက်သွန်းချအမျှပေးဝေနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပြည့်စုံမှန်ကန်စွာကောက်ယူနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၅

မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပြည့်စုံမှန်ကန်စွာ ကောက်ယူနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်စနစ် ပိုမိုအားကောင်းလာစေရန်နှင့် နိုင်ငံတကာအဆင့်အတန်းမီ စနစ်တစ်ခု ဖြစ်လာစေရန် ရည်ရွယ်၍ မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများကို ယခင်ကတည်းက ကောက်ယူပြုစုဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးကိစ္စအရပ်ရပ်တို့အတွက် လူဦးရေစာရင်းဇယားမှန်ကန်စွာ ရရှိရေးသည် အရေးကြီးသကဲ့သို့ မွေးဖွားသူ၊ သေဆုံးသူစာရင်းများ မှန်ကန်စွာရရှိနိုင်ရေးသည်လည်း အရေးကြီးပါကြောင်း။

ယခုအစည်းအဝေးတွင် အဓိကအားဖြင့် မွေးဖွားမှု၊ သေဆုံးမှုအပေါ် အခြေခံပြီး မှတ်ပုံတင်ခြင်းလုပ်ငန်းအား ထိရောက်စွာဆောင်ရွက်နိုင်ရန် တာဝန်ယူဆောင်ရွက်မည့်ဌာန သတ်မှတ်ခြင်း၊ ပြည်သူ့ရေးရာမှတ်ပုံတင် အရာရှိချုပ်ခန့်အပ်ခြင်းနှင့် ပြည်သူ့ရေးရာ မှတ်ပုံတင်ခြင်းနှင့် ဖွား/သေစာရင်းအင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းပေးခြင်းစသော လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်သည် ဌာနအားလုံးနှင့် ဆက်စပ်နေသကဲ့သို့ ဌာနအားလုံး ပူးပေါင်းဆောင်ရွက်ကြမှသာ စာရင်းအင်းများ စနစ်တကျဖြစ်ပြီး ထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ မွေးဖွားမှု၊ သေဆုံးမှုဖြစ်စဉ်များတွင် မြေပြင်၌ လက်ရှိ ဦးဆောင်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အခြားသော ဆက်စပ်ဌာနများအနေဖြင့် မိမိတို့နိုင်ငံ၏အနာဂတ် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးတို့အတွက် ထိရောက်ပြီးအကျိုးရှိစေမည့် နိုင်ငံတကာအဆင့်မီ မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်စနစ်တစ်ခု ပေါ်ပေါက်လာစေရေးအတွက် အဓိကကျသော အချက်အလက်များနှင့် အခြားသော လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ညှိနှိုင်းဆွေးနွေးအကြံပြုကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများက မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ဌာနအလိုက်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ယင်းလုပ်ငန်းနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့် ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဖွား/သေစာရင်း တိကျမှန်ကန်ရေးအတွက် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း၊ လုပ်ငန်းစဉ်အား တာဝန်ယူဆောင်ရွက်မည့် ဌာနသတ်မှတ်၍ ပါဝင်သင့်သည့် ဆက်စပ်ဌာနအားလုံးက ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေး၏ ဆွေးနွေးအကြံပြုချက်များအား ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပြည့်စုံမှန်ကန်စွာ ကောက်ယူနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

## ရုပ်ရှင်ဇာတ်ကား ကြည့်ရှုလေ့လာမှု အစီအစဉ်ပြုလုပ်မည်

ရန်ကုန် ဇွန် ၅

Cria Cuervos ရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုပြီး ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ်ကို ဇွန် ၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့အမှတ်(၅၀)၊ ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၁၈) ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဒါရိုက်တာ Carlos Saura ၏ “Cria Cuervos” ရုပ်ရှင်ဇာတ်ကားသည် Spanish Art-Film အမျိုးအစား လက်ရာကောင်း ဇာတ်ကားတစ်ကားဖြစ်ပြီး ၁၉၇၆ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ကိန်းရုပ်ရှင်ပွဲတော်တွင် Special Jury Prize ကို ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းပြောကြားရာ၌ ယနေ့ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့သည် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အလွန်ထူးခြားလေးနက်သည့်နေ့ဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် အမျိုးသားအဆင့်နှင့် ဒေသအဆင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ ကျင်းပပြုလုပ်ခဲ့ကြပါကြောင်း၊ ၂၀၁၉ ခုနှစ် နိုင်ငံတကာအဆင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို မိမိတို့၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိပါကြောင်း။

**အလေးထားဖြေရှင်း**

မိမိတို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားအနေဖြင့် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုဆိုင်ရာ စိန်ခေါ်မှုပြဿနာများထဲတွင် လေထုညစ်ညမ်းမှုပြဿနာသည် ဦးစားပေးအနေဖြင့် အရေးတကြီးအလေးထား ဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်သည်ကို မီးမောင်းထိုးပြသည့်အနေဖြင့် ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနား၏ ဆောင်ပုဒ်အဖြစ် လေထုညစ်ညမ်းမှု တိုက်ဖျက်စို့ (Beat Air Pollution) ဟု သတ်မှတ်ထားပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်မှုပြကွက်ကို ကြည့်ရှုစဉ်။ သတင်းစဉ်


နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဒုတိယဆုရ ဒေါ်ညိုညိုအောင်(ညိုညိုအောင်-စိုက်ပျိုးရေး)အား ဂုဏ်ပြုဆုတံဆိပ်ပေးအပ်စဉ်။ သတင်းစဉ်

**နေ့စဉ်ရှူရှိုက်နိုင်ရန်လိုအပ်**

လူသားများသည် ကောင်းစွာအသက်ရှင်နေထိုင်နိုင်ရန် အတွက် သန့်ရှင်းသည့်ရေကို သောက်သုံးရန်၊ သန့်ရှင်းသည့် အစားအသောက်များကို စားသုံးရန်လိုအပ်သကဲ့သို့ သန့်ရှင်းသည့်လေကို အချိန်တိုင်း နေ့စဉ်ရှူရှိုက်နိုင်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ အနာရောဂါကင်းရှင်းပြီး တစ်ဦးချင်းစီ ကျန်းမာဖွံ့ဖြိုးမှုမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ကောင်းကျိုးအဖြာဖြာကို လုပ်ဆောင်ပေးနိုင်မည်ဖြစ်သည့်အတွက် သန့်ရှင်းသောလေကို ရှူရှိုက်နိုင်ရန် "လေထု ညစ်ညမ်းမှု တိုက်ဖျက်စို့" ဆောင်ပုဒ်နှင့် ပြည်သူများ အသိပညာပိုမိုနိုးကြားလာစေရန် ယနေ့ အခမ်းအနားကို ကျင်းပခြင်း ဖြစ်ပါကြောင်း။

လေထုညစ်ညမ်းမှု၏ ဆိုးကျိုးများနှင့် စပ်လျဉ်းပြီး အိမ်တွင်း၊ ရုံးတွင်းလေထုညစ် ညမ်းမှု (Indoor Air Pollution) နှင့် ပြင်ပလေထုညစ်ညမ်းမှု (Outdoor Air Pollution) ဟူ၍ နှစ်ပိုင်းခွဲပြီး လေ့လာကြည့်နိုင်ပါကြောင်း၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ လေ့လာဆန်းစစ်တွေ့ရှိချက်အချို့ကို ကောက်နုတ်ပြောရမည်ဆိုပါက ကမ္ဘာတစ်ဝန်းတွင် နေ့စဉ် ချက်ပြုတ်နိုင်ရန်အတွက် ထင်း၊ မီးသွေးနှင့် အခြားရုပ်ကြွင်းလောင်စာများကို အသုံးပြုရာမှ အိမ်တွင်းနှင့် စက်ရုံအလုပ်ရုံအတွင်း လေထုညစ်ညမ်းမှုများကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်စေပြီး နှစ်စဉ်ဦးရေ ၄ ဒသမ ၃ သန်းခန့် သေဆုံးနေကြရပါကြောင်း၊ ထို့ပြင် စက်မှု၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍများမှ အခိုးအငွေ့ထုတ်လွှတ်မှုများ၊ တောမီးလောင်ကျွမ်းမှုများ၊ သဲနှင့် ဖုန်မှုန့်များပါရှိသည့် မုန်တိုင်းတိုက်ခတ်မှုများကြောင့် ပြင်ပလေထုညစ်ညမ်းမှုဖြစ်စေပြီး နှစ်စဉ်လူဦးရေ ၃ ဒသမ ၇ သန်းခန့် သေဆုံးနေကြရပါကြောင်း၊ အဆိုပါ သေဆုံးမှုများထဲတွင် မိမိတို့၏ အရှေ့တောင်အာရှနှင့် အနောက်ပစိဖိတ်ဒေသများတွင် ဆုံးရှုံးမှုအများဆုံးဖြစ်ပြီး ကလေးများနှင့် အမျိုးသမီးများသည် ပိုပြီးခံစားရသည်ဟု လေ့လာသိရှိရပါကြောင်း။

**တားဆီးကာကွယ်ထိန်းချုပ်**

ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကို ဟင်းလင်းပြင်တွင် မီးရှို့ဖျက်ဆီးခြင်းသည်လည်း လေထုညစ်ညမ်းစေပြီး အနီးပတ်ဝန်းကျင်တွင် နေထိုင်ကြသူများ၏ ကျန်းမာရေးအပေါ် ထိခိုက်မှုအန္တရာယ်ကြီးမားသည့်အပြင် ရာသီဥတုပြောင်းလဲမှုကိုပါ ဖြစ်ပေါ်စေသည့်အတွက် တားဆီးကာကွယ်ထိန်းချုပ်မှုများ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကိန်းဂဏန်းများအရ ကမ္ဘာ့မြို့ပြဒေသများတွင် နေထိုင်သည့် လူဦးရေ၏ထက်ဝက်ကျော်သာ သန့်ရှင်းသည့်လေကို ရှူရှိုက်ခွင့်ရကြသည်ဟု လေ့လာသိရှိရပါကြောင်း။

**အဓိကစိန်ခေါ်မှုတစ်ခုဖြစ်**

ထို့ကြောင့် ကမ္ဘာကြီးတွင် လေထုညစ်ညမ်းမှုပြဿနာသည် ဦးစားပေးအနေဖြင့် အစဉ်တစိုက်ရေရှည်ဖြေရှင်းဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်ဆိုင်ရာ အဓိကစိန်ခေါ်မှု တစ်ခုဖြစ်သည်ကို ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်က ဖော်ညွှန်းနေပါကြောင်း။

ကမ္ဘာ့ဘဏ်၏ လေ့လာဆန်းစစ်ချက်များအရ လေထုညစ်ညမ်းမှုကြောင့် စီးပွားရေးဆုံးရှုံးမှု နှစ်စဉ်အမေရိကန်ဒေါ်လာ ၅ ထရီလီယံကို တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် အသုံးပြုနေရပါကြောင်း၊ သာဓကအချို့ကို ပြောရလျှင် အမေရိကန်နိုင်ငံတွင် စွမ်းအင်ထုတ်လုပ်ရာမှ လေထုညစ်ညမ်းမှု ဖြစ်ပေါ်ခြင်းကြောင့် ၂၀၁၁ ခုနှစ်၌ ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ် အပါအဝင် စီးပွားရေးအပေါ် ထိခိုက်မှုများအတွက် အမေရိကန်ဒေါ်လာ ၁၃၁ ဘီလီယံခန့် ကုန်ကျခဲ့ကြောင်း၊ အောက်စဖို့ဒ်တက္ကသိုလ်၏ လေ့လာမှုအရ မော်တော်ယာဉ်များနှင့် မီးရထားများကြောင့် လေထုညစ်ညမ်းမှုအတွက် နှစ်စဉ်ပေါင် ၆ ဘီလီယံခန့် ကုန်ကျနေရကြောင်း၊ ဥရောပပတ်ဝန်းကျင်အေဂျင်စီ (European Environment Agency)၏ လေ့လာတွေ့ရှိချက်အရ ဥရောပတွင်လည်း ပြင်ပလေထုညစ်ညမ်းမှုကြောင့် အချိန်မတိုင်ခင် သေဆုံးမှုများအတွက် တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် နှစ်စဉ်ကုန်ကျစရိတ်သည် ၂၀၆၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈ ထရီလီယံမှ ၂၅ ထရီလီယံအထိ ရှိလာနိုင်သည်ဟု သိရှိရပါကြောင်း၊ မိမိတို့အားလုံး အသက်ရှင်နေထိုင်နိုင်ရန်အတွက် သန့်ရှင်းသည့်လေကို နေ့စဉ်ရှူရှိုက်ခွင့်ရရှိနေရန် အလွန်ပင်အရေးကြီးလှပါကြောင်း၊ ထို့ကြောင့် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂပတ်ဝန်းကျင် ညီလာခံတွင် လေထုညစ်ညမ်းမှုပြဿနာကို အလျင်အမြန် အရေးယူဖြေရှင်းဆောင်ရွက်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်ဟု သိရှိရပါကြောင်း။

**ကဏ္ဍအသီးသီးတွင်အလေးထား**

မကြာသေးမီ ကာလအထိ



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် အလွတ်တန်းစာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်ပေးအပ်စဉ်။ သတင်းစဉ်

စက်မှုလုပ်ငန်းပေါင်း ၁၄၀၀၀ ကျော်မှ ထုတ်လွှတ်သည့် အခိုးအငွေ့များကြောင့် ၂၀၁၂ ခုနှစ်တွင် ယူရို ၁၈၉ ဘီလီယံခန့် ကုန်ကျခဲ့ရသည်ဟု သိရှိရပါကြောင်း။

Organization for Economic Co- operation and Development (OECD) ၏ လေ့လာတွေ့ရှိချက်တွင် မြန်မာနိုင်ငံအနေဖြင့် အခြားဖွံ့ဖြိုးပြီးနိုင်ငံများကဲ့သို့ စက်မှုလုပ်ငန်းများစွာ မရှိသေးသည့်အတွက် မြို့ပြဒေသများတွင် လေထုညစ်ညမ်းမှုသည် ဆိုးဝါးပြင်းထန်သည့် အခြေအနေလောက်အထိ မဖြစ်ပေါ်သေးပါကြောင်း၊ သို့သော်လည်း ယခုနောက်ပိုင်းကာလများတွင် စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များနှင့် စက်မှုလုပ်ငန်းရင်းနှီးမြှုပ်နှံမှုများ၊ မြို့ပြပို့ဆောင်ရေး၊ အဆောက်အအုံနှင့် မော်တော်ယာဉ်အသုံးပြုမှု များပြားလာမှုများသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအပါအဝင် စွန့်ပစ်ပစ္စည်းများနှင့် အခိုးအငွေ့ထုတ်လွှတ်မှုများ များပြားလာမှုကြောင့် ပတ်ဝန်းကျင်နှင့် လေထုညစ်ညမ်းမှုပြဿနာများ ဖြစ်ပေါ်လာနိုင်သည့်အတွက် စွန့်ပစ်ပစ္စည်းနှင့် လေထုညစ်ညမ်းမှုထိန်းချုပ်ရေး အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအမံများကို ကဏ္ဍအသီးသီးတွင် အလေးထားပေါင်းစပ်နိုင်ရန်အတွက် စနစ်တကျကြိုတင်စီမံ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**နည်းပညာများအသုံးပြု**

မိမိတို့၏ ပတ်ဝန်းကျင်တွင် သန့်ရှင်းသည့် လေထုအရည်အသွေးကို ရရှိခံစားနိုင်ရန် လက်တွေ့ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ပြန်ကြည့်မည်ဆိုပါက ပတ်ဝန်းကျင် အထောက်အကူပြု နည်းပညာများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ လေထုညစ်ညမ်းမှုနည်းစေသည့် သန့်စင်သည့် စွမ်းအင်အရင်းအမြစ်များကို ပြောင်းလဲအသုံးပြုခြင်း၊ ရေရှည်တွင် နေရောင်ခြည်၊ လေ၊ ရေစွမ်းအင်ကဲ့သို့သော ပတ်ဝန်းကျင်လေထုကို ညစ်ညမ်းမှုမရှိစေသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဲ့သို့သော အစိမ်းရောင်စီးပွားရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ အများပြည်သူပို့ဆောင်ရေးစနစ် ပိုမိုတိုးမြှင့်ပြီး မော်တော်ယာဉ်များ၏ ထုတ်လွှတ်အခိုးအငွေ့အပါအဝင် လေထုအရည်အသွေး စံချိန်စံညွှန်းများ ချမှတ်ပြီး စနစ်တကျကြပ်မတ်ဆောင်ရွက်ခြင်း၊ စွန့်ပစ်အမှိုက်များကို ဟင်းလင်းပြင်တွင် မီးရှို့သည့်နည်းကိုမသုံးဘဲ စွန့်ပစ်အမှိုက်များကို လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ အသစ်တစ်ဖန်ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများ အသုံးပြုခြင်း၊ အိမ်တွင်း

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ဆုရရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# “ကမ္ဘာကြီးတွင် လေထုညစ်ညမ်းမှုပြဿနာသည် ဦးစားပေးအနေဖြင့် အစဉ်တစိုက် ဖြေရှင်းဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်ဆိုင်ရာ အဓိကစိန်ခေါ်မှုတစ်ခု ဖြစ်သည်ကို ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်က ဖော်ညွှန်းနေ”

*စာမျက်နှာ ၃ မှ*

ချက်ပြုတ်မှုများအတွက် လောင်စာသက်သာပြီး အပူစွမ်းအင်ပိုကောင်းသည့် မီးဖိုများကို ကျေးလက်ဒေသများတွင် ကျယ်ပြန့်စွာဖြန့်ဝေပေးခြင်း၊ ပတ်ဝန်းကျင်ဆန်းစစ်မှုနှင့် စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းများနှင့် အတူ လူတစ်ဦး တစ်ယောက်ချင်းစီ၏ ခံယူချက်၊ လုပ်ဆောင်ချက်များကစပြီး အခြေခံကျကျ ပြုပြင်ပြောင်းလဲသွားရမည် ဖြစ်ပါကြောင်း။

### နိုင်ငံတကာနှင့်ပူးပေါင်း

အဆိုပါ လုပ်ငန်းစဉ်များအတွက် ရေရှည်မူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ တစ်ချိန်တည်းတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ကြရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း။

ယခုနှစ်နွေရာသီ မတ်လနှင့် ဧပြီလအတွင်း မြန်မာ- ထိုင်းနယ်စပ်၌ တောမီးလောင်ကျွမ်းမှုကြောင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုများနှင့် ကြုံတွေ့ခဲ့ရပါကြောင်း၊ အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution) အရ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု မရှိစေရန် ကာကွယ်ခြင်းနှင့် စောင့်ကြည့်တိုင်းတာခြင်း လုပ်ငန်းများကို သက်ဆိုင်ရာဌာနများက နိုင်ငံအတွင်း မီးထိန်းချုပ်ရေး အစီအမံများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ပိုမိုအားကောင်းလာအောင် ညှိနှိုင်း ဆောင်ရွက်သွားရန်လည်း တိုက်တွန်းလိုပါကြောင်း။

### ကဏ္ဍအသီးသီးတွင် ပေါင်းစပ်

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan- MSDP)၏ လမ်းညွှန်ချက်နှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးလုပ်ငန်းစဉ်များကို ကဏ္ဍအသီးသီးတွင် ပေါင်းစပ်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုပြီးဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မအစီအစဉ်များကို ယနေ့ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း။

### လက်တွေ့ကျကျပေါင်းစပ်

နိုင်ငံတော်အနေဖြင့် အဆိုပါမူဝါဒများ ထုတ်ပြန်နိုင်ခြင်းအပေါ် များစွာ ဂုဏ်ယူမိပါကြောင်း၊ တစ်ဆက်တည်းတွင် ယင်းမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်များကို ရေတိုရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများစသည့်ကဏ္ဍအသီးသီးတွင်လက်တွေ့ကျကျ ပေါင်းစပ်ပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အလေးအနက်ထား ပြောကြားလိုပါကြောင်း။

လေထုညစ်ညမ်းမှုသည် ဒေသဆိုင်ရာ၊ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေသည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်သည့်အတွက် လေထုညစ်ညမ်းမှုကို လျော့နည်းအောင် ပြုလုပ်ခြင်းအားဖြင့် အခြားတစ်ဖက်တွင်လည်း ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေသော မှန်လုံအိမ်အာနိသင်ရှိသည့် ဓာတ်ငွေ့များ လျော့ပါးရေးကို အထောက်အကူဖြစ်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့်ယနေ့မိတ်ဆက်ဖြန့်ဝေထားပြီးဖြစ်သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းစဉ် အတည်ပြုထုတ်ပြန်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးကို တင်ပြလာသည့် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ကို ကဏ္ဍအသီးသီးတွင် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် လေထုညစ်ညမ်းမှုကို ကာကွယ်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

### အာမခံချက်ရရှိနိုင်

လက်ရှိထုတ်ပြန် ပြဋ္ဌာန်းထားပြီးဖြစ်သည့် ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို သက်ဆိုင်ရာဝန်ကြီးဌာန၊ မြို့ပြအဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ ကျောင်းသူ ကျောင်းသားများ၊ ပြည်သူများ အနေဖြင့် သိရှိနားလည်ရန်၊ မိမိတို့၏ကဏ္ဍအလိုက် ဖွံ့ဖြိုးမှုစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်း အသီးသီးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးလုပ်ငန်းစဉ်များကို မဖြစ်မနေထည့်သွင်းပေါင်းစပ်ပြီး အလေးထား အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် နိုင်ငံတကာတွင် အောင်မြင်နေသည့် နည်းပညာ၊ အတွေ့အကြုံများအပေါ်အခြေခံပြီး သဘာဝဂေဟစနစ်နှင့် သယံဇာတများ ရေရှည်တည်တံ့ရေး၊ မှန်လုံအိမ်ဓာတ်ငွေ့လျော့ချရေးနှင့် လေထုညစ်ညမ်းမှုကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက် သွားခြင်းအားဖြင့် ရေရှည်တည်တံ့ပြီး စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ဟန်ချက်ညီသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အာမခံချက်ရရှိနိုင်လိမ့်မည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း။

### ဆက်လက်ပူးပေါင်းဆောင်ရွက်

ယခုကဲ့သို့ မူဝါဒ၊ မဟာဗျူဟာ၊ ပင်မလုပ်ငန်းစဉ်များ ထုတ်ပြန်နိုင်ရန်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများအတွက် နည်းပညာ၊ ငွေကြေးအထောက်အပံ့ ပေးနေသည့် ဥရောပသမဂ္ဂ (European Union)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (United Nations Development Programme-UNDP)၊ ကုလသမဂ္ဂအခြေချနေထိုင်မှုအစီအစဉ် (UN-Habitat)၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (United Nations Environmental Programme-UNEP)၊ ကမ္ဘာ့ဘဏ် (World Bank)၊ အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank-ADB)၊ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization of the United Nations-FAO)၊ ဂျပန်နိုင်ငံအခြေစိုက် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ မဟာဗျူဟာအဖွဲ့(Institute for Global Environmental Strategics -IGES)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JapanInternational Cooperation Agency- JICA)၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(Korea International Cooperation Agency -KOICA)၊ နော်ဝေပတ်ဝန်းကျင်အေဂျင်စီ (Norwegian Environment Agency-NEA)၊ ကမ္ဘာ့သဘာဝဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့ (World Wide Fund for Nature-WWF)၊ ကမ္ဘာ့အစိမ်းရောင် ဖွံ့ဖြိုးရေးအဖွဲ့ (Global Green Growth Institute-GGGI)စသည့် နိုင်ငံတကာအဖွဲ့အစည်းများကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မူဝါဒရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော် နိုင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြရန် အလေးအနက်တိုက်တွန်းပါကြောင်း။

### အချိန်မီထိန်းသိမ်းနိုင်မည်

လူသားအားလုံး အသက်ရှင်နေထိုင်နိုင်ရေးအတွက် သန့်ရှင်းသော လေနှင့် ရေသည် မရှိမဖြစ်လိုအပ်သောကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့်လည်း လေထုနှင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေနိုင်သည့် ကိစ္စအဝဝကို ဆင်ခြင်တုံတရားလက်ကိုင်ထားပြီး ရှောင်ကြဉ်ကြရန် လိုအပ်ပါကြောင်း၊ ပျက်စီးယိုယွင်းလာသည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ကမ္ဘာ့နိုင်ငံများအားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာလျှင် အချိန်မီ ထိန်းသိမ်းနိုင်မည် ဖြစ်ပါကြောင်း၊ ကမ္ဘာ့သူ၊ ကမ္ဘာ့သားများကလည်း အသိတရားရှိရှိဖြင့် ပံ့ပိုးကူညီကြမှသာလျှင် ကမ္ဘာ့ပတ်ဝန်းကျင်ပျက်စီးမှုကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း။

ခြုံငုံပြီးပြောရမည်ဆိုပါက မိမိတို့၏ အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ ရေရှည် မျှော်မှန်းချက်ဖြစ်သည့် “မြန်မာနိုင်ငံတွင်း မှီတင်းနေထိုင်နေကြသူအားလုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာပျော်ရွှင်ရေးအတွက် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန်”၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၏ ရည်မှန်းချက်ဖြစ်သည့် “လက်ရှိနှင့် အနာဂတ်မျိုးဆက်များ ချမ်းသာသုခရရှိစေရေးအတွက် ရေရှည်တည်တံ့ပြီး ကြွယ်ဝချမ်းသာမှုရှိကာ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသော ကာဗွန်ထုတ်လွှတ်မှု လျော့နည်းသည့် လူမှုအဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန်” အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မအစီအစဉ်၏ မျှော်မှန်းချက်ဖြစ်သည့် “မြန်မာနိုင်ငံ၏ တောက်ပသော အနာဂတ်ကိုရည်မှန်း၍ ထာဝစဉ် စိမ်းလန်းသန့်ရှင်းပြီး ကောင်းမွန်မျှတသော ပတ်ဝန်းကျင်ကို ဖော်ဆောင်သွားရန်” စသည့်မူဝါဒနှင့် လုပ်ငန်းစဉ်များကို အထိမ်းအမှတ် ဆောင်ပုဒ်နှင့်အညီ လေထုညစ်ညမ်းမှုကို တိုက်ဖျက်နိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် ချမှတ်ထားပြီးဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် ဧည့်သည်တော်များ အပါအဝင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေသည့် မိမိတို့၏ နေ့စဉ်ပြုမူနေထိုင်မှုပုံစံများကို ပြုပြင်ပြောင်းလဲပြီး မြန်မာနိုင်ငံ၏ အမျိုးသား အကျိုးစီးပွား ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး Mr.Peter Batchelor က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

### အတည်ပြုထုတ်ပြန်ပြီးဖြစ်

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်(UNEP) အမှုဆောင်ညွှန်ကြားရေးမှူးတို့၏ သဝဏ်လွှာ ဗီဒီယိုဖိုင်များကိုပြသပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအစည်းအဝေး အမှတ်စဉ် (၂၂/၂၀၁၈)နှင့် (၄/၂၀၁၉)တို့၏ အတည်ပြုချက်အရ မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒနှင့် မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀) တို့ကို အတည်ပြုထုတ်ပြန်ပြီးဖြစ်ကြောင်း အသိပေးကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အဖြစ်ကျင်းပခဲ့သည့် အလွတ်တမ်းဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ဦးနေဦးလွင် (မောင်နေဦး- မြို့ပြ)၊ ဒုတိယဆုရရှိခဲ့သည့် ဒေါ်ညိုညိုအောင် (ညိုညိုအောင်- စိုက်ပျိုးရေး)နှင့် တတိယဆုရရှိခဲ့သည့် ဦးကျော်ဆွေဦး (ကျော်ဆွေဦး) တို့ထံ ဂုဏ်ပြုဆုတံဆိပ်များကို လည်းကောင်း၊ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုရရှိကြသည့် အခြေခံပညာအထက်တန်းကျောင်း- ရေနံသာမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆန်းဥ၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း- စမ်းချောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ စန္ဒာမြင့်မြမ်း၊ အခြေခံပညာမူလတန်းကျောင်း- သရက်ပင်ကံဆွယ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရို့စ်မေရီမင်းနှင့် အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်း- ပင်းတယမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိမိတို့ထံ ဂုဏ်ပြုဆုတံဆိပ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပခဲ့သည့် အလွတ်တမ်းစာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့ သည့် ဦးဝေယံမိုး၊ ဒုတိယဆုရရှိခဲ့သည့် ဦးဝင်းထွန်းနှင့် တတိယဆုရရှိခဲ့သည့် ဦးနေဇော်အောင်တို့ထံ ဂုဏ်ပြုဆုတံဆိပ်များကို လည်းကောင်း၊ Video clip ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ဒေါ်မေဇော်ထွန်း၊ ဒုတိယဆုရရှိခဲ့သည့် ဒေါ်နှင်းအိဝင်း၊ တတိယဆုရရှိခဲ့သည့် ဒေါ်ခင်သန္တာမျိုးနှင့် နှစ်သိမ့်ဆုရရှိခဲ့သည့် ဦးမင်းစိုးသူရတို့ထံ ဂုဏ်ပြုဆုတံဆိပ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

### အသိပညာပေးဗီဒီယိုဖိုင်ပြသ

ထို့နောက် ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်“သန့်စင်သော လေရှူရှိုက်ဖို့ လေထုညစ်ညမ်းမှု တိုက်ဖျက်စို့” အသိပညာပေးဗီဒီယိုဖိုင်ကို ပြသသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ အတွင်း သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများမှ ခင်းကျင်းပြသထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်မှုပြကွက်များကို လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပရာ့ဂ်မြို့ ဓာတ်ပုံပြပွဲတွင် ပြသထားသည့် မြန်မာနိုင်ငံ၏ သဘာဝတောတောင်အလှဓာတ်ပုံများနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများအား ရိုက်ကူးထားသည့် ဓာတ်ပုံများအား ကြည့်ရှုစဉ်။ သတင်းစဉ်

✻ ရှေ့ဖုံးမှ

ဓာတ်ပုံပြပွဲတွင် ပြသထားသည့် မြန်မာနိုင်ငံ၏ သဘာဝတောတောင်အလှ ဓာတ်ပုံများနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများအား ရိုက်ကူးထားသည့် ဓာတ်ပုံများအား လိုက်လံကြည့်ရှုသည်။

**ပို့ဆောင်နှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ညနေပိုင်းတွင် ချက်သမ္မတ နိုင်ငံ ပရာ့ဂ်မြို့မှ ဟန်ဂေရီနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး Mr. Martin Tlapa၊ ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ချက်နိုင်ငံ သံအမတ်ကြီး Mr. JaroslavDolecek နှင့် တာဝန်ရှိသူများက ပရာ့ဂ်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ဟန်ဂေရီနိုင်ငံသို့ ရောက်ရှိကြရာ ဟန်ဂေရီနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန Deputy State Secretary Mr. Laszlo Varadi၊ ဟန်ဂေရီနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးမျိုးအေး၊ မြန်မာနိုင်ငံ ဆိုင်ရာ ဟန်ဂေရီနိုင်ငံသံအမတ်ကြီး Mr. SzilvesZter Bus၊ အာရှ ပစိဖိတ်ရေးရာ ညွှန်ကြားရေးမှူးချုပ် Mr. Peter Jakab၊ သံတမန်ရေးရာ ညွှန်ကြားရေးမှူးချုပ် Ms. Edina PasZtor နှင့် ဟန်ဂေရီနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိသူများက ဟန်ဂေရီနိုင်ငံ ဘူဒါပတ်စ်မြို့ အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက် ကြသည်။

**ရောက်ရှိ**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ဘူဒါပတ်စ်မြို့ရှိ ခေတ္တတည်းခိုမည့် Kempinski ဟိုတယ်သို့ ရောက်ရှိကြသည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံကာကွယ်ရေး စက်မှုလက်မှု၊ သိပ္ပံနှင့်နည်းပညာဌာန၏ ဒုတိယအကြီးအကဲအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၅**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်နိုင်ငံ ကာကွယ်ရေး စက်မှု လက်မှု၊ သိပ္ပံနှင့်နည်းပညာဌာန၏ ဒုတိယအကြီး အကဲ Mr. Xu Zhanbin အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ကာကွယ်ရေး စက်မှုလက်မှု၊ သိပ္ပံနှင့်နည်းပညာ ဌာန၏ ဒုတိယအကြီးအကဲ Mr. Xu Zhanbin အား လက်ခံတွေ့ဆုံစဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ် အကြား စစ်ဘက်နည်းပညာများနှင့် အခြားကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်း ဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက် ခိုင်မာစေသည့်အခြေအနေ၊ စစ်ဘက် ဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်မှု မှတစ်ဆင့် နိုင်ငံနှင့်ပြည်သူများအတွက် အကျိုးပြုနိုင်သည့် နည်းပညာများကိုပါ ဆောင်ရွက်နိုင်မည့် အခြေအနေများ အား ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြ ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## သံအမတ်ကြီး ဦးမြင့်လွင် အီသီယိုးပီးယားဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၆**

အီသီယိုးပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်လွင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၉ ခုနှစ် မေလ ၃၀ ရက်တွင် အဒစ်(စ်) အဘာဘာမြို့၌ အီသီယိုးပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ ဆာ(ဟ)လေး-ဝဲ့က်(ခ်)ဇီဒီ ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

## ဒေါ်ကေသီစိုး အား ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဇွန် ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေး ဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြား ရေးမှူးချုပ် ဒေါ်ကေသီစိုး အား ချက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး အဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေ

**နေပြည်တော် ဇွန် ၅**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်း ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက် ဖြစ်ပေါ်နေမည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာ စိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာ အနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## တပ်ကုန်းမြို့နယ်၌ မိုးကြိုပဲတီစိမ်း ဧက ၇၀၀ ကွင်းပြပွဲ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန် တက်ရောက်

**တပ်ကုန်း ဇွန် ၅**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာ၊ ရှောက်ကုန်း ကျေးရွာနှင့် မကျီးကုန်းကျေးရွာများမှ မိုးကြိုပဲတီစိမ်းစိုက် တောင်သူများအား မိုးကြိုပဲတီစိမ်း ဧက ၇၀၀ ကွင်း ပြပွဲကို ကျားသေအိုင်ကျေးရွာ ကွင်း အမှတ် ၁၄၀၇၊ တောင်သူ ဦးညီညီ၏ စိုက်ခင်း၌ ယနေ့ နံနက်က ပြုလုပ်ခဲ့သည်။

အဆိုပါမိုးကြိုပဲတီစိမ်း ဧက ၇၀၀ ကွင်းဆင်းသရုပ်ပြပွဲတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ညွန့်(စိုက်ပျိုးပညာပေးရေး ဌာနခွဲ)၊ ညွှန်ကြားရေးမှူး ဦးကိုကိုကြီး (စပါးသီးနှံဌာနခွဲ) နေပြည်တော်တိုင်း ဦးစီးမှူး ဦးဝင်းဦး၊ ဒုတိယတိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဦးစီးမှူး ဦးထွန်းညွန့်နှင့် ဝန်ထမ်းများ၊ မိုးကြိုပဲတီစိမ်းစိုက်တောင်သူ ၁၅၁ ဦး တက်ရောက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် စိုက်ပျိုးနိုင်ရေးကို ပညာပေး ဆွေးနွေးခဲ့ကြပြီး မိုးကြိုပဲတီစိမ်းစိုက်ခင်း အတွင်း ကြည့်ရှုခဲ့သည်။

**မောင်ကျော်ကြီး**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟန်ဂေရီနိုင်ငံဝန်ကြီးချုပ်နှင့်တွေ့ဆုံ

## မြန်မာနှင့် ဟန်ဂေရီနိုင်ငံတို့အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များဆွေးနွေး

ဘူဒါပက်စ် ဇွန် ၅

**ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဟန်ဂေရီနိုင်ငံ ဝန်ကြီးချုပ်** Mr. Viktor Orban **နှင့် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဘူဒါပက်စ်မြို့ရှိ ဟန်ဂေရီနိုင်ငံ ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံသည်။**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဟန်ဂေရီနိုင်ငံ ဝန်ကြီးချုပ် Mr. Viktor Orban တို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

**ဒေးညှုမြစ် ရှုခင်းပြသ**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဟန်ဂေရီနိုင်ငံဝန်ကြီးချုပ်ရုံးသို့ ရောက်ရှိရာ ဝန်ကြီးချုပ်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး ဝန်ကြီးချုပ်ရုံးအတွင်းနှင့် ဝန်ကြီးချုပ်ရုံးအပေါ်မှနေ၍ ဒေးညှုမြစ် ရှုခင်းအား လိုက်လံပြသသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၎င်းနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ ဟန်ဂေရီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးအေး၊ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးရာ ဟန်ဂေရီနိုင်ငံ ဝန်ကြီးချုပ်ကလည်း ၎င်းနှင့်အတူ ကြိုဆိုကြသည့် ဟန်ဂေရီနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး Mr. Peter Szijjarto၊ မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီသံအမတ်ကြီး၊ တာဝန်ရှိသူများအား ပြန်လည်မိတ်ဆက်ပေးသည်။

**နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ရေး**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဟန်ဂေရီနိုင်ငံဝန်ကြီးချုပ်တို့ တွေ့ဆုံကြရာ မြန်မာနိုင်ငံနှင့် ဟန်ဂေရီနိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုကိစ္စရပ်များ၊ မြန်မာနှင့် ဟန်ဂေရီနှစ်နိုင်ငံအကြား အပြန်အလှန် ထိတွေ့ဆက်ဆံမှု ပိုမိုထိရောက်စွာ တိုးမြှင့်သွားနိုင်ရေးအတွက် နှစ်နိုင်ငံမြို့တော်များတွင် သံရုံးများ အပြန်အလှန်ဖွင့်လှစ်သွားနိုင်ရေးကိစ္စရပ်များကို နှစ်ဖက်အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

**ဟန်ဂေရီနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဟန်ဂေရီနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးရုံးသို့ ရောက်ရှိပြီး နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး Mr. Peter Szijjarto နှင့် တွေ့ဆုံသည်။

**မြန်မာနှင့် အီးယူအကြား ဆက်ဆံရေး**

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံနှင့် ဟန်ဂေရီနိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် နှစ်ဦးနှစ်ဖက် ဆန္ဒရှိသည်နှင့်အညီ လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရေး ကိစ္စရပ်များ၊ ဟန်ဂေရီနိုင်ငံမှ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် အထောက်အကူပြုနိုင်ရန် Tied Aid Credit ချေးငွေပေးအပ်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြားကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင်သာမက လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးမြှင့် ရေးကိစ္စရပ်များ၊ အာဆီယံဒေသတွင်းနှင့် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟန်ဂေရီနိုင်ငံမှ မြန်မာနိုင်ငံသို့ ပညာတော်သင်ဆုများ ဆက်လက်ပေးအပ်သွားရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့်အီးယူအကြား ဆက်ဆံရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးအတွက် ဟန်ဂေရီနိုင်ငံမှ အကူအညီပေးသွားမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းအားထုတ်မှုများတွင် ဟန်ဂေရီနိုင်ငံမှ အပြုသဘောအကူအညီပေးသွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဟန်ဂေရီနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး Mr. Peter Szijjarto တို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

**ပူးတွဲသတင်းစာရှင်းလင်း**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဟန်ဂေရီနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးတို့သည် ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီး Mr. Peter Szijjarto က တည်ခင်းဧည့်ခံသည့် အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**

**"ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုကိစ္စရပ်များ၊ မြန်မာနှင့် ဟန်ဂေရီနှစ်နိုင်ငံအကြား အပြန်အလှန် ထိတွေ့ဆက်ဆံမှု ပိုမိုထိရောက်စွာ တိုးမြှင့်သွားနိုင်ရေးအတွက် နှစ်နိုင်ငံမြို့တော်များတွင် သံရုံးများ အပြန်အလှန်ဖွင့်လှစ်သွားနိုင်ရေးကိစ္စရပ်များကို နှစ်ဖက်အမြင်ချင်း ဖလှယ်ဆွေးနွေး"**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟန်ဂေရီနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးတို့ ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။**

သတင်းစဉ်

# တရားမဝင်တင်သွင်းလာသော မော်တော်ယာဉ်များကို နယ်မြေအတွင်း စစ်ဆေးတွေ့ရှိပါက အရေးယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း၏ **လက်ပံတန်းမြို့နယ် ဇီးဖြူကုန်းကျေးရွာအုပ်စုတွင် ယခင်ဇီးဖြူကုန်းတိုက်နယ်ဆေးရုံမြေ ၆ ဒသမ ၃၃၆ ဧကအနက်မှ စိုက်ပျိုးရေးဂိုဒေါင်ဆောက်လုပ်ရန်အတွက် ၁၉၇၈-၁၉၇၉ ခုနှစ် စိုက်ပျိုးရေးဦးစီးဌာနက ရယူခဲ့သော မြေရိယာ ၂ ဒသမ ၁၉၉ ဧကအား ယခုဆေးရုံမြေအဖြစ် ပြန်လည်လွှဲပြောင်းရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဇီးဖြူကုန်းတိုက်နယ်ဆေးရုံအတွက် ဇီးဖြူကုန်းအထွက်တိုးစခန်းမြေနေရာများအားလုံး ရလိုသည့်အတွက် ၂၀၁၄ ခုနှစ်မှစ၍ သက်ဆိုင်ရာဌာနများသို့ တင်ပြခဲ့ကြပါကြောင်း၊ အထွက်တိုးစခန်းမြေနေရာတွင် သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း၊ ဂိုဒေါင်တစ်လုံး၊ အုတ်ရေကန်ပျက်တစ်လုံးနှင့် အဝီစိတွင်းပျက်တစ်လုံး ရှိပါကြောင်း၊ ယခုအခါ ဦးစီးဌာနပိုင် ဂိုဒေါင်တစ်လုံးသာ ရှိပါကြောင်း၊ သို့ဖြစ်၍ ဇီးဖြူကုန်းတိုက်နယ်ဆေးရုံအနေဖြင့် ဒေသနေပြည်သူလူထုအကျိုးအတွက် တိုးချဲ့ရန် ဆေးရုံမြေနေရာရရှိရေးအတွက် ၂ ဒသမ ၁၉၉ ဧကအား လုပ်ထုံးလုပ်နည်းများနှင့်အညီ စွန့်လွှတ်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း၏ **လှိုင်လင်မြို့နယ် တန့်အယ်ကျေးရွာအုပ်စုရှိ လယ်ယာမြေများ အပြည့်အဝစိုက်ပျိုးလုပ်ကိုင်နိုင်ရန် ရေစီးရေလာအားကောင်းသည့် နမ့်ပွန်ချောင်းပေါ်တွင် ဖိုင်လုံဆည်နှင့် ကုန်းကျောင်းဆည်တို့အား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၏ **ခိုင်းနွား၊ နို့စားနွား၊ အသားစားနွားများမွေးမြူမှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားပါသည်**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ **ကြီးအုံကြီးဝနှင့် မုန်းတမံရေဝပ်ဧရိယာ ရေကန်ပြင်တွင် ရေချိုငါးစီးပွားဖြစ် မွေးမြူရန်နှင့် သဘာဝငါးမွေးမြူရေးသုတေသနစခန်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

## ရောဝတီတံတား(ထီးချိုင့်)ရေလမ်းကောင်းမွန်ရေး လုပ်ငန်းအတွက် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေး

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၏ **ထီးချိုင့်မြို့နယ် ရောဝတီတံတား(ထီးချိုင့်)၏ ရေလယ်တိုင်များကြောင့် တံတား၏ အထက်နှင့် အောက်ဘက်တို့တွင် သောင်များဖြစ်ထွန်းလာပြီး မြစ်ကမ်းအနီးရှိ ကျေးရွာများနှင့် စိုက်ပျိုးမြေများ ကမ်းပါးပြိုတိုက်စားခြင်းမှ ကာကွယ်ရန် ရောဝတီမြစ်ကြောင်း ထိန်းသိမ်းခြင်းကို မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရောဝတီမြစ်ရေလမ်းဖွံ့ဖြိုးရေးသည် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မဖြစ်မနေ ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းများအတွက် ရန်ပုံငွေလျာထားတင်ပြတောင်းခံလျက်ရှိပြီး ခွဲဝေရရှိသည့် ရန်ပုံငွေအပေါ်မူတည်၍ လိုအပ်ချက်ပြည့်မီစေရန် ကြိုးပမ်းဆောင်ရွက်နေသောကြောင့် ထီးချိုင့်မြို့နယ် ရောဝတီတံတား(ထီးချိုင့်)ရေလမ်းကောင်းမွန်ရေးလုပ်ငန်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ လျာထားတောင်းခံထားသည့်စာရင်းတွင် ပါဝင်ခြင်းမရှိသေးသောကြောင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၏ **ပြည်တွင်းသို့ မော်တော်ကားများ တင်သွင်းရာတွင် ကောက်ခံနေသော အခွန်မျိုးစုံအား သင့်လျော်သော နှုန်းထားသို့ ဖြေလျှော့ပေးခြင်း၊ မော်တော်ယာဉ်ပိုင်ရှင်တို့အား လမ်းဘေးတွင် ယာဉ်ရပ်နားခ၊ ညအိပ်ရပ်နားခ၊ မောင်းနှင်နေစဉ် လမ်းအသုံးပြုခတို့ကို တိုးမြှင့်ကောက်ခံပြီး ဥပဒေနှင့်မညီသည့် အသုံးပြုသောယာဉ်နှင့် ယာဉ်အသုံးပြုသူတို့အား ထိရောက်သော အရေးယူခြင်းတို့ ပြုလုပ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြည်တွင်းသို့ မော်တော်ကားများ တင်သွင်းရာတွင် ကောက်ခံနေသော အခွန်မျိုးစုံအား သင့်လျော်သောနှုန်းထားသို့ ဖြေလျှော့ပေးခြင်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းရာတွင် ထုတ်လုပ်သည့် ခုနှစ်သတ်မှတ်သော အမိန့်ကြော်ငြာစာကို ထုတ်ပြန်၍ လူစီးမော်တော်ယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များ၊ ဘတ်စ်ကားများနှင့် ထရပ်ကားများကို ခွင့်ပြုပေးလျက်ရှိပါကြောင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်အခွန်ဦးစီးဌာနအနေဖြင့် ပြည်တွင်းသို့ မော်တော်ယာဉ်တင်သွင်းမှုကို ကောက်ခံသော အကောက်ခွန်နှုန်းထားများမှာ ယာဉ်အမျိုးအစားကိုလိုက်၍ ယာဉ်တန်ဖိုး၏ ၃ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအတွင်းသာရှိပြီး အဆိုပါနှုန်းထားမှာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအတွင်း ဆွေးနွေးညှိနှိုင်းသတ်မှတ်ထားသော AHTN( ASEAN Harmonized Tariff Nomenclature 2017) အရ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စတင်ကျင့်သုံးခြင်းဖြစ်သဖြင့် လတ်တလောလျှော့ချရန် အစီအစဉ်မရှိသေးပါကြောင်း။

## ကင်းလွတ်ခွင့် ပြုသင့် ပြုထိုက်သည့် ယာဉ်များကိုလည်း ဥပဒေနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လက်ရှိ ကောက်ခံနေသော ယာဉ်မှတ်ပုံတင်ခနှုန်းထားများသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုနှုန်းထားများဖြစ်ပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သော ဘဏ္ဍာငွေများရရှိစေရန် နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းပါ လျာထား



လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းစဉ်။



ဒုတိယဝန်ကြီး ဦးလှကျော် ဖြေကြားစဉ်။



ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် မေးမြန်းစဉ်။



ဒုတိယဝန်ကြီး ဦးကျော်မျိုး ဖြေကြားစဉ်။

ချက်များ ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိနိုင်ရန်အတွက် ရည်မှန်းချက်ဖြင့် စိစစ်ကောက်ခံနေခြင်းဖြစ်ပါကြောင်း၊ ကင်းလွတ်ခွင့် ပြုသင့် ပြုထိုက်သည့် ယာဉ်များကိုလည်း ဥပဒေနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခ၊ ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးများကို ဖြေလျှော့ပေးရန် အစီအစဉ်မရှိပါကြောင်း။

ယာဉ်ရပ်နားခနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနှင့် ရှမ်းပြည်နယ်တို့တွင် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ယာဉ်ရပ်နားခများကို ကောက်ခံလျက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ဆိပ်ငယ်ဈေးယာဉ်ရပ်နားခကို ကောက်ခံလျက်ရှိပါကြောင်း၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ယာဉ်ရပ်နားခကောက်ခံခြင်း မရှိပါကြောင်း။

မော်တော်ယာဉ် ညအိပ်ခွန်ကောက်ခံခြင်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီ၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ စစ်တွေမြို့နှင့် တောင်ကုတ်မြို့နယ်တို့တွင် ညအိပ်ခွန်ကောက်ခံလျက်ရှိပြီး ချင်းပြည်နယ်ရှိ ဟားခါးမြို့တွင် ညအိပ်မော်တော်ယာဉ်ရပ်နားခဒဏ်ကြေးကို ကောက်ခံနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ညအိပ်ခွန်ကောက်ခံခြင်း မရှိပါကြောင်း။

လမ်းအသုံးပြုခ တိုးမြှင့်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းဦးစီးဌာနပိုင်လမ်းများပေါ်၌ လက်ရှိကောက်ခံလျက်ရှိသော လမ်းအသုံးပြုခကောက်ခံနှုန်းထားများသည် ၂၀၁၁ ခုနှစ်က အခြေခံစံနှုန်းဖြင့် တွက်ချက်ထားခြင်းဖြစ်ပါကြောင်း၊ ယခုအခါ အချိန်ကာလနှင့် လျော်ညီသော နှုန်းထားတစ်ခုဖြစ်စေရန် ငွေဖောင်းပွမှုနှုန်း၊ ဘဏ်တိုးနှုန်းကို အခြေခံတွက်ချက်ပြီး IRR လျော်ညီသော နှုန်းထားတစ်ခု တိုးမြှင့်ရန်အတွက် ADB နည်းပညာအထောက်အပံ့နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေအတိုင်ပင်ခံအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များအားလုံးနှင့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့ပြီး တိုးမြှင့်ကောက်ခံရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

## ဥပဒေနှင့်မညီသော ယာဉ်တင်သွင်းမှု၊ ထုတ်လုပ်ရောင်းချမှုများကို တားဆီးနိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိ

ဥပဒေနှင့်မညီသည့် အသုံးပြုသောယာဉ်နှင့် ယာဉ်အသုံးပြုသူတို့အား ထိရောက်သော အရေးယူခြင်းတို့ကို ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေနှင့် လည်းကောင်း၊ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေနှင့်လည်းကောင်း အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး ဥပဒေနှင့်မညီသော ယာဉ်တင်သွင်းမှု၊ ထုတ်လုပ်ရောင်းချမှုများကို တားဆီးနိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့်အပြင် တရားမဝင်တင်သွင်းလာသော မော်တော်ယာဉ်များကို နယ်မြေအတွင်းစစ်ဆေးတွေ့ရှိပါက ပို့ကုန်၊ သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ပေါင်းစပ်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးအောင်ကျော်လွင်၏ **စေတုတ္တရာမြို့နယ် စလင်း- စေတုတ္တရာကားလမ်းမပေါ်ရှိ MPT ဖုန်းတိုင်များ၊ ဖုန်းကြိုးများနှင့် တယ်လီဖုန်း Connection box များမှာ လဲပြိုနေခြင်း၊ မြေပြင်ပေါ်ကျနေခြင်းများ နှစ်နှင့်ချီ၍ ကြာမြင့်စွာဖြစ်ပွားနေမှုကြောင့် MPT ဖုန်းလိုင်းများ မကြာခဏပျက်နေမှုအား မည်သူက တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၏ **သံဖြူဇရပ်မြို့အမှတ်(၃) သုခကာရီရိပ်သာ၏ မျက်နှာစာတွင် ပိတ်ကာနေသော မီးရထားနှင့် ကားလမ်းခွဲတံခါးစောင့်၏ သစ်သားတဲကို အခြားလွတ်ကင်းရာ မီးရထားမြေသို့ ရွှေ့ပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၏ **ကျွန်းစုမြို့နယ်ဆိပ်ကမ်းရှိ ဆိပ်ခံတံတားနှင့် ဗောတံတား (Jetty) အကြား ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် အထက် (၄၈×၂၀×၆ ဒသမ ၅) ပေ တလင်းပေါင်းကူးတံတားအား အသေးစား နှစ်စင်း သို့မဟုတ် ကြားခံ (Jetty) သံမဏိဆိပ်ခံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏ **အန္တရာယ်ရှိ ကုန်ပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ထိန်းသိမ်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် စက်သုံးဆီအရောင်းဆိုင်များ ဆီဘောက်ဆာယာဉ်များတွင် လုပ်ကိုင်ဆောင်ရွက်နေသူများအား လိုအပ်သော သင်တန်းများကို သင့်လျော်သော ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာနက သင်တန်းများပေးရန်နှင့် အသိအမှတ်ပြု လက်မှတ်ရရှိသူများကိုသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှင်းလင်းဖြေကြားသည်။

မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၏ **မက်မန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(မက်မန်း)တွင် ပေ(၁၀၀×၃၀)နှစ်ထပ်စာသင်ကျောင်းဆောင် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်း အသစ်ဆောက်လုပ်မည့် ကျောင်းဆောင် ၁၁ ဆောင်၊ အန္တရာယ်ရှိ ကျောင်းဆောင်များအား ဖျက်သိမ်း၍ အသစ်ဆောက်လုပ်မည့် ကျောင်း ငါးကျောင်း၊ ကျောင်းသားဦးရေအရ တိုးချဲ့အသစ်ဆောက်လုပ်ရန် ခြောက်ကျောင်း၊ သိပ္ပံဆောင်ဆောက်လုပ်ရန် တစ်ကျောင်း၊ ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် တစ်ကျောင်း၊ စာကြည့်တိုက်ဆောက်လုပ်ရန် တစ်ကျောင်းတို့အတွက် ဦးစားပေးအဆင့်များ ခွဲခြားပြီး ဘဏ္ဍာငွေ ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း။

## မက်မန်းမြို့နယ် မက်မန်းအခြေခံပညာ အထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသည့် ကျောင်းဆောင်သစ်တစ်ဆောင် အသစ်ဆောက်လုပ်ရန် ရန်ပုံငွေထည့်သွင်းလျာထားပြီး

ထိုသို့ ထည့်သွင်းလျာထားရာတွင် မက်မန်းမြို့နယ် မက်မန်းအခြေခံပညာ အထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသည့် ကျောင်းဆောင်သစ်တစ်ဆောင် အသစ်ဆောက်လုပ်ရန် ရန်ပုံငွေထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက တည်ဆောက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၏ **ဆီဆိုင်မြို့နယ် ဆိုက်ခေါင်အခြေခံပညာ အထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော ဆရာ ဆရာမများကို အခြားသော အ.ထ.က ကျောင်းများကဲ့သို့ ခွဲဝေ ၁၂ ဦးနှင့်အညီ အမြန်ဆုံး ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၏ **မိုင်းပျဉ်းမြို့နယ် ဟောင်ကန်ကျေးရွာအုပ်စု နားယန့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အား လာမည့် ဘဏ္ဍာရေးနှစ်တွင် အသစ်ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်း၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၏ **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဒေသသင်ရိုးရေးဆွဲနိုင်ရန် တိကျသည့် မူဝါဒချမှတ်ပေးခြင်း၊ ပညာရှင်များ၊ ဒေသခံများ ပါဝင်ဆွေးနွေးခွင့်ရရှိနိုင်သည့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန်နှင့် အချိန်မီ စာအုပ်ရိုက်နှိပ်နိုင်ရန်အတွက် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့် ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း၏ **ဘုတ်ပြင်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ဥပဓိရုပ်မကောင်းတော့သည့် နဝရတ်(ခန်းမ) အဆောက်အအုံနေရာတွင် (၁၅၀×၃၀×၂၂)ပေ အရွယ်အစားရှိ စံကိုက်နှစ်ထပ် ပင်မကျောင်းဆောင်တစ်ဆောင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းဖြေကြားသည်။

## မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်းအား အတည်ပြုပေးနိုင်ပါရန် တင်သွင်း

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဝင် ဒေါ်မြခွာညိုဦးက မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်းအား အတည်ပြုပေးနိုင်ပါရန်တင်သွင်းပြီး အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးပါထန်းက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း တင်သွင်းသည့် **အခြေခံပညာ မူလတန်းသင် ဆရာ ဆရာမ ဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသားဒေသ ကျေးရွာကျောင်းများ၏ လိုအပ်ချက်အလိုက် ထိုဒေသခံကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသား၊ သူများကို ဦးစားပေးခန့်အပ်ရေး မူဝါဒတစ်ရပ် ထည့်သွင်းချမှတ်အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မိုးကျော်ဦးက လက်ရှိ စတင်ကျင့်သုံးနေသည့် KG+12 ပညာရေးစနစ်တွင် ယခင်စနစ်ဟောင်း ပညာရေးစနစ် သင်ကြားမှုပုံစံနှင့် ကွဲလွဲပါကြောင်း၊ တန်းစဉ်အလိုက် သင်တန်းတက်ထားသည့် ဆရာ ဆရာမ မဟုတ်ပါက သင်ကြားရေးတွင်

*စာမျက်နှာ ၈ သို့*

# ကလောမြို့နယ် အောင်ပန်းမြို့ရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို (၂၅)ခုတင် တိုးမြှင့်ပေးမည်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြေကြားစဉ်။



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင် မေးမြန်းစဉ်။



ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြေကြားစဉ်။



မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလင်းတင်ဌေး မေးမြန်းစဉ်။

**နေပြည်တော် ဇွန် ၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် ကုန်းကြမ်းမြို့နယ်တွင် မိုးလုံလေလုံ အားကစားရုံတစ်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကုန်းကြမ်းမြို့နယ်တွင် မိုးလုံလေလုံအားကစားကွင်း ဆောက်လုပ်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမည်ပေါက်မြေ ရရှိမည်ဆိုပါက ရှမ်းပြည်နယ်အစိုးရ၏ အနီးကပ်ဆုံးဘဏ္ဍာရေးနှစ် ခွင့်ပြုငွေစာရင်းတွင် ထည့်သွင်းလျာထားဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ လတ်တလောတွင် ကုန်းကြမ်းမြို့နယ်၌ အခြေခံပညာကျောင်းများရှိသည်ဟု သိရှိရပါကြောင်း၊ ကျောင်းသူ ကျောင်းသားများ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ရန်အတွက် သင့်တော်သည့် အားကစားပစ္စည်းများ ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ပြိုင်းတိုင်ကျေးရွာနှင့် ရွှေလှိုင်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အသစ်တစ်ခုစီ တိုးချဲ့ပေးမည်

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း မီးဝကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ပြိုင်းတိုင်ကျေးရွာ၊ ရွှေလှိုင်ကျေးရွာ၊ ကျင်ကြီးကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခုစီကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျောက်တော်မြို့နယ် မီးဝကျေးလက်ကျန်းမာရေးဌာန (ခွဲ)ကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း၊ ကျင်ကြီးကျေးရွာကိုလည်း ကျေးလက်ကျန်းမာရေးဌာန(ခွဲ) မပေးနိုင်သေးပါကြောင်း၊ ပြိုင်းတိုင်ကျေးရွာနှင့် ရွှေလှိုင်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အသစ်တစ်ခုစီ တိုးချဲ့ပေးမည်ဖြစ်ပါကြောင်း၊ သို့သော် ပြည်ထောင်စုအစိုးရအဖွဲ့မှ အမိန့်ချမှတ်ထားပါကြောင်း၊ ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ခြင်း၊ ဝန်ထမ်းအသစ်ခန့်ထားခြင်းနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု အစီရင်ခံစာအပေါ် အခြေခံသော အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးမှသာ အဆိုပါအမိန့်ကြော်ငြာစာတွင် ပါရှိသော သတ်မှတ်ချက်များနှင့်အညီ စိစစ်တင်ပြရန် လမ်းညွှန်ထားပါကြောင်း၊ ထို့ကြောင့် အဆိုပါအမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးမှသာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွဲ့စည်းပုံကို တင်ရမည်ဖြစ်ပါကြောင်း၊ သို့သော် လတ်တလောတွင် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြီး ခွင့်ပြုပါက ရရှိမည်ဟု သိရှိရသည့်အတွက် မိမိအနေဖြင့် ယခုကိစ္စကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၏ **ရှမ်းပြည်နယ် တောင်ကြီးခရိုင် ကလောမြို့နယ် အောင်ပန်းမြို့ရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံကို (၂၅)ခုတင်ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆေးရုံသည် အသုံးချမှုများပြီး ခွင့်ပြုခုတင် အသုံးချမှုတွင်လည်း ၂၀၀ ရာခိုင်နှုန်းကျော်နေပါကြောင်း၊ ထို့ပြင် လမ်းပန်းဆက်သွယ်ရေးအချက်အချာကျသည့်အတွက် ယာဉ်တိုက်မှုများကို ချက်ချင်းကုသမှုပေးလိုသည့်အတွက် ၂၅ ခုတင် တိုးမြှင့်ပေးမည်ဖြစ်ပါကြောင်း၊ ထိုသို့ တိုးမြှင့်ရာတွင် ပိုမိုသေချာစေရန်အတွက် ပြည်နယ်ဦးစီးမှူးကို မေးမြန်းသည့်အခါတွင် ထောက်ခံသည့်အတွက် အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလင်းတင်ဌေး၏ **မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်အတွင်း မုဒူး - ဒေါင်းရပ် အနောက်လမ်းမပေါ်ရှိ တံတားအမှတ်(၁)အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကွန်ကရစ်တံတားတစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားသည့် မုဒူး - ဒေါင်းရပ် အနောက်လမ်းမပေါ်ရှိ တံတားအမှတ်(၁)သည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့်(၁)တွင် ပါဝင်ပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီးဖြစ်သဖြင့် အတည်ပြုချက်ရရှိပါက ကွန်ကရစ်တံတားအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလှဦး၏ **စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် နေရာခင်းကျေးရွာအုပ်စု နေရာခင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်ကျော်ဇံ၏ **ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကူတောင်ကျေးလက်ကျန်းမာရေးဌာနလက်အောက်ခံ ဇီးကိုင်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးပြီး ရွှေလောင်းတင်၊ ကံပြင်၊ ကပ်ချောင်း၊ ညောင်ပင်လယ်၊ ဖြူချောင်းကျေးရွာအုပ်စုတို့တွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခုစီ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်း**ကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

## သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်း

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက **သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းရာတွင် မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ကုန်စည်တစ်မျိုးမျိုး၏ သွင်းကုန်ပမာဏ မြင့်တက်ခြင်းကြောင့် ပြည်တွင်းအသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ထိခိုက်နစ်နာမှုကို ကာကွယ်ပေးနိုင်ရန်နှင့် ကုစားပေးနိုင်မည့် သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်းကို ဆောလျင်စွာ ပြဋ္ဌာန်းနိုင်ရေးအတွက် လွှတ်တော်မှ ဦးစားပေးဆောင်ရွက်ပေးနိုင်ပါရန် တင်သွင်းအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက **သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်း

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက **မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းရာတွင် မြို့ပြများကို စနစ်တကျ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့်အတွက် ရေးဆွဲပြဋ္ဌာန်းရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အခြေခံအဆောက်အအုံကဏ္ဍတွင် အရေးပါသည့် မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းဥပဒေကြမ်းကို လွှတ်တော်မှ ဆွေးနွေးစဉ်းစားဆောင်ရွက်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင်က **မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဒေါ်လှိုင်ဇာက ကော်မတီ၏ **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ**ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာတွင် ကော်မတီသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင် ကတိဖြစ်ပေါ်ခဲ့ပြီး ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သလို ညှိနှိုင်းဆွေးနွေးအကြံပြုတင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ လွှတ်တော်အကြိမ်အရေအတွက် ပိုမိုများပြားလာသည့်အလျောက် ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ မေးခွန်းများလည်း ယခင်ကထက် ပိုမို၍ များပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းအဆိုပြုချက်များသည် ယင်းတို့၏ မဲဆန္ဒနယ်မြေမှ ဒေသခံပြည်သူများ၏ အမှန်တကယ် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရှိရသည့်အပြင် ကော်မတီမှလည်း ကိုယ်စားလှယ်များမေးမြန်းခဲ့သည့် ကတိဖြစ်ပေါ်ပြီး အဆိုမေးခွန်းများကို ယခုထက်ပိုမို၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ကာ အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ကြိုးစားသွားမည်ဖြစ်ပါကြောင်း။

လွှတ်တော်ရပ်နားသည့် အချိန်များတွင်လည်း ကော်မတီမှ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းသို့ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်း၍ ကွင်းဆင်းစိစစ်သွားရောက်ရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် လိုအပ်သည့် နေရာများသို့လည်း အခါအားလျော်စွာ ကွင်းဆင်းစိစစ်လေ့လာမှုများအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဇွန် ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်**

---

*စာမျက်နှာ ၇ မှ*

အခက်အခဲဖြစ်နိုင်ပါကြောင်း၊ တိုင်းရင်းသားဒေသရှိ ကျောင်းများမှ ဆရာ ဆရာမများအနေဖြင့် ကျန်းမာရေးကြောင့်သော် လည်းကောင်း၊ အခြားလူမှုရေးကိစ္စကြောင့်သော်လည်းကောင်း ခွင့်ရက်ရှည်ယူသည့်အခါ ယင်းဆရာ ဆရာမများနေရာတွင် အစားထိုးခန့်အပ်နိုင်မှုမရှိသည့်အတွက် ကလေးများသည် ကျောင်းခေါ်ချိန်အတိုင်း၊ သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားရခြင်း မရှိသောကြောင့် ကလေးများ၏ ပညာရည်တိုးတက်မှုကို ထိခိုက်စေနိုင်ပါကြောင်း၊ ထို့ကြောင့်သင်ကြားရေးအတွက် အခက်အခဲဖြစ်ပေါ်သည့် ကျောင်းများအား ချက်ချင်းအစားထိုးသင်ကြားနိုင်ရေး မြို့နယ်အလိုက် သီးခြားစောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်းကို အကြံပြုလိုပါကြောင်း။

အဆိုပါ တိုင်းရင်းသားဘွဲ့ရလူငယ်များအား ခန့်အပ်သည်ဆိုပါကလည်း လက်ရှိတိုင်းရင်းသားဘွဲ့ရလူငယ်များသည် ပညာရေးစနစ်ဟောင်းဖြင့် ဘွဲ့ရခဲ့သူများဖြစ်သည့်အပြင် ယခုသင်ကြားနေသည့် KG+12 ပညာရေးစနစ်ဖြင့် နီးစပ်မှုမရှိသည့်အတွက် လက်ရှိပညာရေးစနစ်ပါ မူလတန်းအဆင့်အားလုံးကို သင်ကြားနိုင်ရေးအတွက် အထူးအစီအစဉ်ဖြင့် သင်တန်းဖွင့်လှစ်သင်ကြားပေးပြီးမှသာ ခန့်အပ်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင်၊ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၊ ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း၊ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီနှင့် ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွှန့်ဝင်းတို့က ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် ပညာသင်နှစ်အလိုက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ D.T.Ed ဒီပလိုမာသင်တန်းသို့ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများကို ဝင်ခွင့်လျှောက်ထားစေပြီး ၎င်းလျှောက်ထားသူများအား တက္ကသိုလ်ဝင်စာမေးပွဲရမှတ်ကြီးစဉ်အရ ရွေးချယ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ပညာရေးကောလိပ်များတွင် တက်ရောက်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူများကို လုပ်ငန်းခွင့်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း PPTT ဝင်ခွင့်စာမေးပွဲကို ဖြေဆိုစေပြီး ၎င်းဖြေဆိုသူများအား စာမေးပွဲဖြေဆိုရမှတ်ကြီးစဉ်အရ ရွေးချယ်ပြီး သက်ဆိုင်ရာ ပညာရေးကောလိပ်များတွင် တက်ရောက်ခွင့်ပြုခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

## ပညာရေးဝန်ထမ်းများကို ဒေသခံတိုင်းရင်းသားများ ထည့်သွင်းစဉ်းစားပေးသကဲ့သို့ လက်ရှိအခြေအနေတွင်လည်း အလေးအနက်ထား ဆောင်ရွက်ပေးလျက်ရှိ

သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အလိုက်မှ ဒေသခံများပါ ဝင်ရောက်လျှောက်ထားနိုင်ပြီး ၎င်းအပေါ် ရွေးချယ်ခန့်ထားခြင်းဖြင့် ဆရာ ဆရာမများ အပြောင်းအရွှေ့လုပ်ငန်းများ ဆောင်ရွက်မှုနည်းပါးသွားခြင်း၊ တိုင်းရင်းသားဒေသများတွင် ဒေသခံတိုင်းရင်းသားကလေးငယ်များကို တိုင်းရင်းသား ဆရာ ဆရာမများက သင်ကြားပေးခြင်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ပိုမိုအဆင်ပြေအောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ထမ်းများကို ဒေသခံတိုင်းရင်းသားများ ထည့်သွင်းစဉ်းစားပေးသကဲ့သို့ လက်ရှိအခြေအနေတွင်လည်း အလေးအနက်ထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆရာ ဆရာမများ ရွေးချယ်ခန့်ထားရာတွင် ဒေသခံဘွဲ့ရ တိုင်းရင်းသား တိုင်းရင်းသူများကို ဦးစားပေးရာတွင် သတ်မှတ်အခြေခံရှိသူဖြစ်ခြင်း၊ သတ်မှတ်ဆရာဖြစ်သင်တန်းများ တက်ရောက်ပြီးသူဖြစ်ခြင်း ထိုအရည်အချင်းများနှင့်ပြည့်စုံသည့်အခါ ဒေသခံဘွဲ့ရများကို ဦးစားပေးပြီး ဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် စီမံဆောင်ရွက်လျက်ရှိပါသောကြောင့် အဆိုအား လွှတ်တော်မှ အတည်ပြုပေးပါရန် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထား ရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဇွန် ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**




ဒုတိယသမ္မတ ဦးမြင့်ဆွေ  တတိယအကြိမ်မြောက် မြန်မာ-အီးယူ စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*❊ ကျောဖုံးမှ*

နေရာတွင် တည်ရှိနေပါကြောင်း၊ လူဦးရေအတန်အသင့်ရှိပြီး ပြည်တွင်းဈေးကွက် ကျယ်ပြန့်လာနေသည့် မြန်မာနိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များကို ချိတ်ဆက်ပေးခြင်းအားဖြင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ကျယ်ပြန့်လာစေမှုကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသည့် အဓိကလုပ်ငန်းများမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားလုပ်ငန်းများ၊ သတင်းအချက်အလက်ဆက်သွယ်ရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် အိမ်ခြံမြေလုပ်ငန်းများဖြစ်သည်ကို တွေ့မြင်နိုင်ပါကြောင်း၊ ယင်းလုပ်ငန်းများသည် ဈေးကွက်ပိုမိုရရှိရန် အလားအလာကောင်းသည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ ထို့အပြင် ရင်းနှီးမြှုပ်နှံသူများနှင့် ဒေသခံလူ့အဖွဲ့အစည်းများအတွက် များစွာအကျိုးရှိနိုင်သည့် အခြား ရင်းနှီးမြှုပ်နှံမှုကဏ္ဍများလည်း ကျန်ရှိနေသေးပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးကို ရည်ရွယ်ပြီး စီးပွားရေးမဟာဗျူဟာများ အပါအဝင် နိုင်ငံတော်အဆင့် ဦးစားပေးကဏ္ဍများကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ဈေးကွက်စီးပွားရေးစနစ်နှင့် အမျိုးသားရင်ကြားစေ့ရေးကို အထောက်အကူပြုသည့် စီးပွားရေးမူဘောင် ဖြစ်ထွန်းစေရေးတို့ကို ဦးစားပေးထားသည့် စီးပွားရေးမူဝါဒ (၁၂)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**မဏ္ဍိုင်သုံးရပ်၊ ပန်းတိုင်ငါးခုတို့ဖြင့် ရေးဆွဲချမှတ်**

ထို့ပြင် ၂၀၃၀ ပြည့်နှစ် အစီအစဉ်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်နှင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်တည်လာရေးတို့ကိုမျှော်မှန်းပြီး **မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan –MSDP)** ကို မဏ္ဍိုင် သုံးရပ်၊ ပန်းတိုင်ငါးခုတို့ဖြင့် ရေးဆွဲချမှတ်ကာ ၂၀၁၇ ခုနှစ်မှ စတင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်အပေါ် ကြိုးပမ်းဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ချမှတ်ထားရှိမှုကို Myanmar Sustainable Development Plan (MSDP) က ရှင်းလင်းပြတ်သားစွာဖော်ပြလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် အဆိုပါစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ အားပေးထောက်ခံမှုများ ရရှိမည်ဟု မျှော်လင့်ပါကြောင်း။

ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်နိုင်ရန်အတွက် ယှဉ်ပြိုင်မှုဥပဒေသစ်ကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ၂၀၁၆ ခုနှစ်တွင် လည်းကောင်း၊ မြန်မာကုမ္ပဏီများ ဥပဒေသစ်ကို ၂၀၁၇ ခုနှစ်တွင် လည်းကောင်း ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ မြန်မာကုမ္ပဏီများ ဥပဒေသစ်အရ ကုမ္ပဏီများအနေဖြင့် Online က မှတ်ပုံတင်နိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ပြုပြင်ပြောင်းလဲမှုများကြောင့် ကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်ရာတွင် လွယ်ကူစေမည့်အပြင် ရင်းနှီးမြှုပ်နှံသူများအတွက် ပွင့်လင်းမြင်သာမှု၊ ဖြေလျှော့ပေးမှုနှင့် အာမခံချက်ရှိမှုတို့ကို ပိုမိုပေးထားသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ရရှိစေပြီး ပိုမိုလုပ်သာကိုင်သာ ရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပြည်တွင်းကုမ္ပဏီတစ်ခုတွင် ရှယ်ယာ ၃၅ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ခွင့်ရရှိမည်ဖြစ်ပြီး လက်လီလက်ကားရောင်းဝယ်ရေးတွင် နိုင်ငံခြားသားပိုင်ကုမ္ပဏီများကို ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံခွင့်ပေးထားပါကြောင်း။

**မှတ်တိုင်တစ်ခုဖြစ်**

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအတွက် အာမခံချက်ပိုမိုရရှိစေရန် နိုင်ငံခြားကုမ္ပဏီငါးခုအား အာမခံလုပ်ငန်းကဏ္ဍတွင် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုကြောင်းကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၁၉ ခုနှစ် ဧပြီလ ၅ ရက်တွင် ကြေညာခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်မှုသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလက တရားဝင်စတင်ခဲ့သည့် **အာမခံဈေးကွက်လွတ်လပ်မှုဆိုင်ရာ ရွေးချယ်ခြင်းလုပ်ငန်းစဉ်**အတွက် မှတ်တိုင်တစ်ခုဖြစ်ပါကြောင်း။

ထိုသို့ သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုသည် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် တိုးတက်နိုင်မည်ဟု မျှော်မှန်းထားပါကြောင်း၊ မြန်မာနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုသည် ၂၀၁၈ ခုနှစ်တွင် ၆ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာက ၂၀၁၉ ခုနှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းထိရှိနိုင်သည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်က ခန့်မှန်းထားပါကြောင်း။

ထို့ပြင် ၂၀၁၉ ခုနှစ် ဧပြီလအထိ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၈၀၁၅၀ ဒသမ ၄၇၂ သန်း ရှိပါကြောင်း၊ နိုင်ငံပေါင်း ၄၉ နိုင်ငံက ကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုအများဆုံး ကဏ္ဍသုံးခုမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ ၂၇ ဒသမ ၉၇ ရာခိုင်နှုန်း၊ စွမ်းအင် ၂၆ ဒသမ ၄၂ ရာခိုင်နှုန်းနှင့် ကုန်ထုတ်လုပ်မှုအပိုင်းမှ ၁၃ ဒသမ ၅၆ ရာခိုင်နှုန်းတို့ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့်အီးယူ ကုန်သွယ်မှုပမာဏအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၇ ဘီလီယံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၇ ဘီလီယံဖြစ်သည့်အတွက် ယခင်နှစ်ကထက် အမေရိကန်ဒေါ်လာသန်း ၈၀၀ ကျော် တိုးတက်ခဲ့ပြီး ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် အတွင်းတွင်လည်း ဆက်လက်တိုးတက်လာနေသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံတွင် အီးယူ၏ လာရောက်ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် ၂၀၁၉ ခုနှစ် ဧပြီလအထိ မှတ်ပုံတင်ခွင့်ပြုပြီး ကုမ္ပဏီပေါင်း၁၅၈ ခု၊ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၇ ဘီလီယံရှိပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး၏ ၈ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသည် အီးယူ၏ အကောက်ခွန်သက်သာခွင့်ရရှိခဲ့ပြီးနောက် မြန်မာနိုင်ငံ၏ အထည်အလိပ်ကဏ္ဍထုတ်လုပ်မှုတိုးတက်လာခဲ့ပါကြောင်း၊ မြန်မာ့အထည်အလိပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကြောင့် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အတွက် သာယာဝပြောမှုကို မျှဝေပေးနိုင်လာပါကြောင်း၊ ယင်းမှာ မြန်မာနိုင်ငံကို Generalized Scheme of Preferences(GSP) အကျိုးကျေးဇူး ခံစားခွင့်ပေးထားခြင်းကြောင့် ဖြစ်ပါကြောင်း။

အီးယူ၏ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို နွေးထွေးစွာကြိုဆိုပါကြောင်း၊ ယခုကျင်းပပြုလုပ်သည့် ဖိုရမ်တွင် ပြည့်စုံသည့် အပြန်အလှန်ဆွေးနွေးမှုများမှတစ်ဆင့် မြန်မာနိုင်ငံနှင့် အီးယူနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်အရှိန်မြှင့်တင်ဆောင်ရွက်သွားနိုင်ပါစေဟု ဆန္ဒပြုပါကြောင်း။

**တရားဝင်တည်ထောင်ခဲ့**

သိရှိပြီးဖြစ်သည့်အတိုင်း မြန်မာနိုင်ငံနှင့်အီးယူအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကျိုးကျေးဇူးများ အပြန်အလှန်ရရှိရေးကို မြှင့်တင်ရန်အတွက် **မြန်မာ- အီးယူ ကုန်သွယ်မှုအကူအညီပေးရေးကောင်တာ (Myanmar- EU Trade Helpdesk)** ကိုလည်း ၂၀၁၆ ခုနှစ် မေလတွင် တရားဝင်တည်ထောင်ခဲ့ပါကြောင်း၊ အဆိုပါ အကူအညီပေးရေးကောင်တာက အီးယူဈေးကွက်ဆိုင်ရာ အချက်အလက်များ အထူးသဖြင့် အီးယူဈေးကွက်ဝင်ရောက်နိုင်မည့် အခွင့်အလမ်းများ၊ မြန်မာ့ထုတ်ကုန်အချက်အလက်များနှင့် ပို့ကုန်မြှင့်တင်ရေး လမ်းညွှန်များဆိုင်ရာ သတင်းအချက်အလက်များကို ထောက်ပံ့ပေးနေပါကြောင်း။

ယခုကျင်းပမည့် ဖိုရမ်သည် မြန်မာနိုင်ငံနှင့် အီးယူနိုင်ငံများအကြား စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုများကို ပိုမိုအားကောင်းလာစေမည့်အပြင် မြန်မာပြည်သူများအတွက်လည်း အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနှင့် အီးယူတို့အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်ကောင်းကောင်းဖြင့် ဆက်လက်တိုးတက်ပြီး ယနေ့




တတိယအကြိမ်မြောက် မြန်မာ-အီးယူ စီးပွားရေးဖိုရမ် ဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

ကျင်းပမည့် ဖိုရမ်မှ ထင်သာမြင်သာရှိသည့် ရလဒ်ကောင်းများ ပေါ်ထွန်းလာပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

**အောင်မြင်မှုများ အသိအမှတ်ပြု**

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး Mr. Kristian Schmidt က တတိယအကြိမ်မြောက် မြန်မာ-အီးယူစီးပွားရေးဖိုရမ်ကို ကျင်းပရခြင်းသည် မြန်မာနိုင်ငံနှင့် အီးယူတို့အကြား ကြီးမားသော အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အတွေ့အကြုံကောင်းများကို အပြန်အလှန်ဖလှယ်နိုင်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူဖြစ်စေရန် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်၊ မြန်မာကုမ္ပဏီများ ဥပဒေသစ်နှင့် ငွေကြေးဈေးကွက်စသည်တို့အား ဖြေလျှော့ပေးခြင်းကဲ့သို့သော မြန်မာနိုင်ငံတော်အစိုးရ၏ အောင်မြင်မှုများအား အသိအမှတ်ပြုပါကြောင်း၊ မိမိအနေဖြင့် အီးယူကုမ္ပဏီများ မြန်မာနိုင်ငံသို့ ပိုမိုလာရောက် ရင်းနှီးမြှုပ်နှံသွားကြရန် တိုက်တွန်းအားပေးလျက်ရှိပါကြောင်းနှင့် အီးယူအနေဖြင့် မြန်မာနိုင်ငံ၏ မူဝါဒရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ကူညီပေးနိုင်မည့် စံပြမိတ်ဖက်အဖွဲ့အစည်း တစ်ခုအနေဖြင့် ရပ်တည်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး အခမ်းအနားအစီအစဉ် ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂမှ သံမှူးကြီး Mr. Philipp Dupuis နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**စိန်ခေါ်မှုများကို အပြန်အလှန်ဆွေးနွေး**

ထို့နောက် တတိယအကြိမ်မြောက် မြန်မာ-အီးယူစီးပွားရေးဖိုရမ်၏ ဆွေးနွေးပွဲများကို အခမ်းအနားအစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ နယ်ပယ်ကဏ္ဍအသီးသီးမှ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် အီးယူအဖွဲ့ဝင်နိုင်ငံများ၏ လာရောက် ရင်းနှီးမြှုပ်နှံလျက်ရှိသည့် အခန်းကဏ္ဍများ၊ ကျန်းမာရေး၊ အထည်ချုပ်လုပ်ငန်း၊ မော်တော်ယာဉ် ဘေးကင်းလုံခြုံမှု၊ ဒစ်ဂျစ်တယ်နည်းပညာ၊ ဆောက်လုပ်ရေး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ ဥပဒေရေးရာ၊ စားသောက်ကုန်၊ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် လက်ရှိ စီးပွားရေးအစပြုလုပ်ရှားမှုစသည့် ကဏ္ဍများနှင့်ပတ်သက်သည့် ဖွံ့ဖြိုးတိုးတက်မှုများ၊ တီထွင်ဆန်းသစ်မှုများ၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇွန် ၅**

၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနား စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ယခုဆွေးနွေးပွဲသည် လေထုညစ်ညမ်းမှုကြောင့် လက်ရှိကြုံတွေ့နေရသည့် အသက်ဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေးဆုံးရှုံးမှုများ အပေါ် ပြန်လည်တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် လေထုညစ်ညမ်းမှု တိုက်ဖျက်ရေးတို့အတွက် အားလုံးပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်ရမည့် အနာဂတ်လုပ်ငန်းများအတွက် များစွာ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား စကားဝိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်လာနိုင်သည့်ဘေးအန္တရာယ်**

လေထုညစ်ညမ်းမှုနှင့်ပတ်သက်ပြီး အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၊ တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် အားလုံးစုပေါင်းဆောင်ရွက်မှုဖြင့် လေထုညစ်ညမ်းမှုကို တိုက်ဖျက်နိုင်ရန် ရည်ရွယ်ပြီး ယခုစကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသည့် ကောင်းမွန်သန့်ရှင်းသည့် ပတ်ဝန်းကျင်နှင့် အဖိုးတန်သယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်နိုင်ရန် မြန်မာနိုင်ငံ၏ ပြောင်းလဲလာသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆိုးကျိုးများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များကို ခိုင်မာသည့် ရေရှည်မူဝါဒ၊ မဟာဗျူဟာများချမှတ်ပြီး စနစ်တကျ ထိရောက်စွာ ဖြေရှင်းနိုင်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်များ၏ မျှော်မှန်းချက်များ အပြည့်အဝ ရရှိရန်အတွက် နိုင်ငံအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် ကျေးလက်ဒေသအဆင့်တို့မှ ဆက်စပ်ပတ်သက်သူများအားလုံးနှင့် နိုင်ငံတကာအသိုက်အဝန်းများအနေဖြင့် အတူတကွ လက်တွဲပါဝင်ဆောင်ရွက်ကြရန် လိုအပ်သလို သက်ဆိုင်ရာကဏ္ဍအသီးသီးရှိ ဖွံ့ဖြိုးမှုစီမံချက်များ၊ ရေတို၊ ရေရှည် လုပ်ငန်းစဉ်များတွင် ထည့်သွင်းပေါင်းစပ် အကောင်အထည်ဖော်ဆောင်ရွက်ပြီး အဖွဲ့အစည်းအသီးသီးက ပူးပေါင်းတာဝန်ယူဆောင်ရွက်ပေးကြရန် အလေးအနက် တိုက်တွန်းပါကြောင်း။

**နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပူးပေါင်းဖြေရှင်း**

ရာသီဥတုပြောင်းလဲမှု၊ လေထုညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ကဏ္ဍအသီးသီး၊ အဖွဲ့အစည်းအသီးသီး၊ ပုဂ္ဂလိကနှင့် ပြည်သူပိုင်ကဏ္ဍအသီးသီးရှိ ဆက်စပ်ပတ်သက်သူများနှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပူးပေါင်းဖြေရှင်းဆောင်ရွက်မှုသာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂ သံအမတ်ကြီး Mr. Kristian Schmidt ၊ မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Mr. Peter Batchelor ၊ မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂအခြေချနေထိုင်မှု အစီအစဉ်မှ Country Programme Manager Mr. Bijay Karmacharya နှင့် Myanmar Climate Change Alliance (MCCA) ကိုယ်စားလှယ်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက မြန်မာနိုင်ငံအမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၁၈-၂၀၃၀)ကို ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် “Air Pollution” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲများကို ဆက်လက်ကျင်းပရာ Environmental Health Consultant ဒေါက်တာဥမ္မာမေတင်လှိုင်က Moderator အဖြစ် ဆောင်ရွက်၍ အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးစခင်ဇော်လင်း၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်ဦး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဌာနမှူး ဒေါက်တာအောင်မြင့်မော်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင်တင်သော်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကေခိုင်အေးနှင့် စိမ်းလန်းအမိမြေဉက္ကဋ္ဌ ဦးဝင်းမျိုးသူတို့က ဦးဆောင်၍ ဆွေးနွေးခြင်း၊ မေးခွန်းများ အပြန်အလှန်မေးမြန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**အပြန်အလှန်မေးမြန်းခြင်းဆောင်ရွက်**

ထို့အတူ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) မှ Program Officer ဦးဟုန်းလိမ်းက Moderator အဖြစ် ဆောင်ရွက်ပြီး ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးရည်မွန်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွဋ်ဆွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနိုင်၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကြူကြူစိန်နှင့် RECOFTC မှ ဒေါက်တာမောင်မောင်သန်းတို့က ဦးဆောင်၍ ဆွေးနွေးခြင်း၊ မေးခွန်းများ အပြန်အလှန်မေးမြန်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများ ပြသခြင်းနှင့် အသိပညာပေး အစီအစဉ်အရ နေပြည်တော်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းပြသခြင်းတို့ကို ဆောင်ရွက်သည်။

**သတင်းစဉ်**

# ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၈ ခုနှစ် မေလအထိ ကောက်ယူခဲ့သော တိရစ္ဆာန်ကောင်ရေ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံအတွင်း ကျွဲ နွားကောင်ရေ ၁၁ ဒသမ ၅ သန်းရှိကြောင်း သိရ

**နေပြည်တော် ဇွန် ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ခိုင်းနွား၊ နို့စားနွား၊ အသားစားနွားများ မွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန် မျိုးကောင်းမျိုးသန့်နွားများ ဖြန့်ဖြူးခြင်း၊ နွားမွေးမြူသူများအား ပညာပေးခြင်းနှင့် တရားမဝင် တင်ပို့မှုများမရှိစေရေး စိစစ်ခွင့်ပြုခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လွှတ်တော်သို့ ရှင်းလင်းဖြေကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့တွင် ပဲခူးတိုင်းဒေသကြီး မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး၏ ခိုင်းနွား၊ နို့စားနွား၊ အသားစားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းကို ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုးက “ကျွန်တော်တို့ ကျေးလက်နေတောင်သူတွေဟာ နွားမွေးမြူရေးနဲ့ မစိမ်းကြပါဘူး။ အခုအခါမှာ နွားဈေးကွက်လည်း ရှိနေပြီဖြစ်တဲ့အတွက် နွားမွေးမြူရေး ဖွံ့ဖြိုးစေချင်တယ်။ ဒေသနွားမျိုးတွေကိုလည်း ထိန်းသိမ်းဖို့လိုပါတယ်။ နွားတွေ တရားမဝင် နယ်စပ်ဂိတ်တွေကနေ ရောင်းဝယ်တာတွေကိုလည်း ထိန်းချုပ်ပေးဖို့လိုပါတယ်။ နွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှ ကျေးလက်နေတောင်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှာဖြစ်တဲ့အတွက် နွားမွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးအောင် ဆောင်ရွက်ထားရှိမှု အခြေအနေကို မေးမြန်းတာဖြစ်ပါတယ်” ဟု ပြောကြားသည်။



ပဲခူးတိုင်းဒေသကြီး မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာ သန်းအောင်စိုး

အဆိုပါ မေးခွန်းကို ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားရာ မြန်မာနိုင်ငံတွင် တိရစ္ဆာန်ကောင်ရေ သန်းခေါင်စာရင်း ကောက်ယူခြင်းကို FAO နှင့် LIFT Fund အကူအညီဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာမှ ၂၀၁၈ ခုနှစ် မေအထိ ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံအတွင်း ကျွဲနွားကောင်ရေ ၁၁ ဒသမ ၅ သန်း စာရင်း ကောက်ယူရရှိခဲ့ကြောင်း၊ ယင်းအနက် ကျွဲကောင်ရေမှာ ၁ ဒသမ ၈ သန်းရှိပြီး ကျန် ၉ ဒသမ ၇ သန်းခန့်မှာ ခိုင်းနွားနှင့် နို့စားနွားများဖြစ်ကြကြောင်း။

စာရင်းကောက်ယူရရှိသော အချက်အလက်များကို အခြေခံ၍ ပြည်တွင်းစားသုံးမှု၊ သေဆုံးမှုအား စိစစ်ခန့်မှန်းတွက်ချက်မှုအရ ပြည်တွင်း၌ နှစ်စဉ် ကျွဲနွားကောင်ရေ ခုနစ်သိန်းခန့် ပိုလျှံမှုရှိကြောင်း၊ နိုင်ငံအတွင်းမှ ကျွဲနွားများ တရားမဝင် မှောင်ခိုလမ်းကြောင်းမှ ထွက်ရှိမှုမရှိစေရန် တရားဝင်တင်ပို့မှုမှ နိုင်ငံတော်ဘဏ္ဍာငွေ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ် နိုဝင်ဘာတွင် ကျွဲနွားတရားဝင် တင်ပို့နိုင်ရေး ခွင့်ပြုခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လိုအပ်သော စိစစ်မှုများကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၇ ဒီဇင်ဘာမှ ၂၀၁၉ ခုနှစ် ဧပြီအထိ တစ်နှစ်ခွဲခန့် အတွင်း ပြည်ပသို့ ကျွဲနွားကောင်ရေ ငါးသိန်း ကျော်နီးပါး တင်ပို့ခဲ့ကြောင်း၊ တစ်ဖက်တွင်လည်း ခိုင်းနွားနှင့် နို့စားနွားမွေးမြူရေးဇုန် ၂၈ ခု ထူထောင်ပြီး ပြန်လည်ဖြည့်တင်းရေးအတွက် ဆောင်ရွက်နေကြောင်း ရှင်းလင်းဖြေကြားသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျွဲနွားကောင်ရေ မကျဆင်းရေးအတွက် သားတင်စပ်နိုင်သော နွားမကောင်ရေ ၁ ဒသမ ၄ သန်းအနက် ၉၅ ရာခိုင်နှုန်းကို မျိုးနွားသိုးများဖြင့် သဘာဝ သားတင်စပ်ခြင်းနှင့် ကျန် ၅ ရာခိုင်နှုန်းကို မေထုန်မဲ့ သားစပ်ခြင်းနည်းဖြင့် ဆောင်ရွက်ပေးနိုင်ရန် မျှော်မှန်းထားကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာမှ ဖေဖော်ဝါရီအထိ ခိုင်းနွား မျိုးရည်ခဲချောင်း ၁၉၇၇၅ ချောင်း၊ နို့စားနွားမျိုးရည်ခဲချောင်း ၁၆၁၇၇ ချောင်းနှင့် အသားတိုးနွား မျိုးရည်ခဲချောင်း ၁၂၈၆၆ ချောင်းကို ငါးလအတွင်း ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ခိုင်းနွားနှင့် နို့စားနွား မျိုးရည်ခဲချောင်း ၃၅၉၅၂ ချောင်းဖြန့်ဖြူးပေးနိုင်ခဲ့သည့်အတွက် တစ်လပျှမ်းမျှ နွားမကောင်ရေ ၇၀၀၀ ခန့် မေထုန်မဲ့သားစပ်နိုင်ခဲ့သည့်အတွက် နှစ်ကုန်တွင် နွားမကောင်ရေ ၈၅၀၀၀ ခန့် သားစပ်ပေးနိုင်မည်ဖြစ်သည့်အတွက် မူလရည်မှန်းချက် ၅ ရာခိုင်နှုန်းရှိ ကောင်ရေ ၇၀၀၀၀ အထက် ပိုမိုကျော်လွန်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မေထုန်မဲ့ သားစပ်နည်းဖြင့် နွားမကောင်ရေ ၁၄၀၀၀၀ ခန့် အထိ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်မှန်းထားပြီး လိုအပ်သော သွင်းအားစုများ၊ နိုက်ထရိုဂျင်အရည်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူဖြည့်တင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားသည်။

အသားတိုးနွား တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက်ကိုလည်း ပြည်ပမှ ဘရာမင်မျိုးနွားသိုးနှင့် မျိုးရည်ခဲချောင်း ၂၀၀၀၀ ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဖြည့်ဆည်းနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ သုံးနှစ်တာကာလအတွင်း မျိုးမြှင့်တင်ရေးဆိုင်ရာ မေထုန်မဲ့သားစပ်လုပ်ငန်းသုံးမျိုးရည်ခဲချောင်းအတွက် ငွေကျပ် ၇၆ ဒသမ ၉၆ သန်းနှင့် နိုက်ထရိုဂျင်အရည်အတွက် ငွေကျပ် ၁၅၅ ဒသမ ၃ သန်း စုစုပေါင်း ငွေကျပ် ၂၃၂ ဒသမ ၂၆ သန်းသုံးစွဲခဲ့ကြောင်း၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မျိုးရည်ခဲချောင်းအတွက် ငွေကျပ်သန်း ၅၀ ခန့်၊ နိုက်ထရိုဂျင်အရည်အတွက် ငွေကျပ် သန်း ၉၀ ခန့် စုစုပေါင်း ငွေကျပ် သန်း ၁၄၀ ခန့်မှန်းကုန်ကျမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းလင်းပြောကြားသည်။

နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးစေရေးအတွက် နိုင်ငံတော်ထောက်ပံ့ငွေမှ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၄၅၀ ဖြင့် နို့စားနွား အကောင်ရေ ၄၇၀၊ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၂၇၀ ဖြင့် နို့စားနွား ၂၄၂ ကောင်၊ ၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၂၉၀ ဖြင့် နို့စားနွား ၂၆၅ ကောင် စုစုပေါင်း ငွေကျပ် သန်း ၁၀၁၀ ဖြင့် နို့စားနွား ၉၇၇ ကောင် ဖြန့်ဖြူးပေးခဲ့ပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀၀ ဖြင့် မြို့နယ် ၁၀ မြို့နယ်သို့ တစ်မြို့နယ်လျှင် ငွေကျပ် သန်း ၃၀ ဖြင့် မျိုးကောင်းမျိုးသန့် နို့စားနွားများ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနပိုင် နို့စားနွားမွေးမြူရေးခြံ နှစ်ခြံနှင့် ဒေသနွားခြံတစ်ခြံ တည်ထောင်၍ ရရှိလာမည့် မျိုးကောင်းမျိုးသန့်နွားများကို မျိုးလိုအပ်ချက်ရှိသည့် ဒေသများသို့ ဖြန့်ဝေနိုင်ရန် ဆောင်ရွက်နေကြောင်း ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားသည်။

**သတင်း - ဇင်ဦး၊ နေဝင်းထွန်း(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**



မြန်မာနိုင်ငံအလယ်ပိုင်းဒေသ နွားမွေးမြူရေးခြံတစ်ခြံကို တွေ့ရစဉ်။

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျီနီဗာမြို့အခြေစိုက် Centre for Civil and Political Rights တို့ ပူးပေါင်း၍ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်နှင့်စပ်လျဉ်း၍ အသိပညာမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ



ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စာချုပ်နှင့်စပ်လျဉ်းသည့် အသိပညာမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၅**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျီနီဗာမြို့အခြေစိုက် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာဗဟိုဌာန (Centre for Civil and Political Rights-CCPR) တို့ ပူးပေါင်း၍ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စာချုပ် (International Covenant on Civil and Political Rights-ICCPR) နှင့် စပ်လျဉ်းသည့် အသိပညာမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေးက အဖွင့်အမှာစကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

**ကြုံတွေ့ရနိုင်သည့်စိန်ခေါ်မှုများ လေ့လာဖော်ထုတ်**

ခိုင်မာသည့် ဒီမိုကရေစီနိုင်ငံ ပေါ်ထွန်းရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အပြည်ပြည်ဆိုင်ရာစာချုပ်တစ်ခုအဖြစ် နိုင်ငံတကာမှ လက်ခံထားသည့် ICCPR စာချုပ်သို့ ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာနိုင်ငံသည် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးအတွက် နိုင်ငံရေးဆန္ဒရှိကြောင်း ပိုမိုပြသနိုင်မည်ဖြစ်ကြောင်း၊ ICCPR သို့ လက်မှတ်ရေးထိုးခြင်းမပြုမီ စာချုပ်ပါပြဋ္ဌာန်းချက်များကို ကောင်းစွာသိရှိနားလည်နိုင်ပြီး စာချုပ်ကို အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများကို လေ့လာဖော်ထုတ်၍ စနစ်တကျဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာနိုင်ငံက လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးအတွက် နိုင်ငံရေးဆန္ဒရှိကြောင်း ပိုမိုပြသနိုင်မှာ ဖြစ်ပါတယ်

**ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ် (International Covenant on Civil and Political Rights-ICCPR) ကို မြန်မာနိုင်ငံမှ မကြာမီ ပါဝင်လက်မှတ်ရေးထိုးသွားမည်ဖြစ်သည်။**

**အဆိုပါစာချုပ် လက်မှတ်ရေးထိုးရာတွင် အထောက်အကူပြုနိုင်ရန်အတွက် စာချုပ်နှင့်ပတ်သက်သည့် အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပခဲ့သည်။**

**ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ် ပါဝင်လက်မှတ်ရေးထိုးသွားမည့် အခြေအနေနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။**

**မေး ။ ။ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်ကို မကြာမီ လက်မှတ်ရေးထိုးမယ်လို့ သိရပါတယ်။ ပထမဦးစွာ ဒီနေ့ပြုလုပ်တဲ့ အခမ်းအနားနဲ့ ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ဒီနေ့အခမ်းအနားကတော့ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စာချုပ် (International Covenant on Civil and Political Rights-ICCPR) ကို မကြာမီ လက်မှတ်ရေးထိုးရာမှာ အထောက်အကူပြုနိုင်ဖို့အတွက် စာချုပ်နဲ့ပတ်သက်တဲ့ အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲဖြစ်ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲကို ဂျီနီဗာမြို့မှာရှိတဲ့ Centre for Civil and Political Rights နဲ့ ပူးပေါင်းပြီး ကျင်းပတာဖြစ်ပါတယ်။ ICCPR နဲ့ ပတ်သက်ပြီး အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပတာ အခုဆိုရင် လေးကြိမ်ရှိပြီဖြစ်ပါတယ်။

ဒီနေ့ အလုပ်ရုံဆွေးနွေးပွဲကို လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဝန်ကြီးဌာနတွေနဲ့ အစိုးရအဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေကို ဖိတ်ကြားထားပါတယ်။ တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေအနေနဲ့ စာချုပ်ကို လက်မှတ်ရေးထိုးခြင်းမပြုမီ စာချုပ်ပါ အာတီကယ်တွေနဲ့ ပတ်သက်ပြီး မရှင်းလင်းတဲ့အချက်တွေကို ဆွေးနွေးနိုင်ဖို့ ဖြစ်ပါတယ်။



ဦးချမ်းအေး(ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန)

**မေး ။ ။ဒီစာချုပ်ဟာ မြန်မာနိုင်ငံနဲ့ ပြည်သူလူထုအတွက် ဘယ်လိုအကျိုးရှိနိုင်ပါသလဲ။**

ဖြေ ။ ။ICCPR ကို လက်မှတ်မထိုးသေးပေမယ့် ICCPR မှာ ပါရှိတဲ့အချက်အများစုကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ICCPR ကိုလက်မှတ်ရေးထိုးတာကြောင့် မြန်မာနိုင်ငံက လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးအတွက် နိုင်ငံရေးဆန္ဒရှိကြောင်း ပိုမိုပြသနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာ့နိုင်ငံတွေရဲ့ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်တဲ့ UPR လုပ်ငန်းစဉ်မှာ မြန်မာနိုင်ငံက အမျိုးသားအစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ်မှာ တင်သွင်းဖို့ရှိပါတယ်။ အဲဒီအစီရင်ခံစာမှာ မြန်မာနိုင်ငံရဲ့ဖြစ်ပေါ်တိုးတက်မှုအနေနဲ့လည်း ထည့်သွင်းနိုင်မှာဖြစ်ပါတယ်။ ICCPR စာချုပ်ဟာ ပြည်သူတွေရဲ့အခွင့်အရေးကို အကာအကွယ်ပေးထားတဲ့ စာချုပ်ဖြစ်ပါတယ်။

နိုင်ငံတကာကလည်း ဒီစာချုပ်ဟာ ခိုင်မာတဲ့ ဒီမိုကရေစီနိုင်ငံ ပေါ်ထွန်းရေးအတွက် လိုက်နာဆောင်ရွက်ရမယ့် အပြည်ပြည်ဆိုင်ရာစာချုပ်တစ်ခုအဖြစ် လက်ခံထားကြပါတယ်။ ဒီစာချုပ်ကို ကနဦးလက်မှတ်ရေးထိုးထားခြင်းအားဖြင့် အစိုးရအနေနဲ့ စာချုပ်ပါ ပြဋ္ဌာန်းချက်တွေကို တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့လည်း အခွင့်အရေးတွေ၊ လိုက်နာဆောင်ရွက်သင့်တာတွေကို ပိုမိုသိရှိလိုက်နာနိုင်ဖို့ ဆက်လက်အသိပညာပေးမှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။

**မေး ။ ။ရှေ့လုပ်ငန်းစဉ်တွေကို ဘယ်လိုရည်မှန်းဆောင်ရွက်သွားမယ်ဆိုတာနဲ့ လက်တွေ့အကျိုးသက်ရောက်မှုတွေကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ ။ ။လက်ရှိအခြေအနေကတော့ စာချုပ်ကို မြန်မာဘာသာ တရားဝင်ဘာသာပြန်ဆိုပြီးတော့ ဘာသာပြန်စာအုပ် ထုတ်ဝေဖို့ ဆောင်ရွက်နေပါတယ်။ အရင်က မြန်မာဘာသာပြန်ထားတာရှိပေမယ့် ပိုမိုသင့်လျော်တဲ့ အသုံးအနှုန်းတွေဖြစ်အောင်နဲ့ ဥပဒေအရ ကိုက်ညီမှုရှိအောင် ပြန်စိစစ်ထားတာဖြစ်ပါတယ်။ စာချုပ်ပါ လက်မခံနိုင်တဲ့ ပြဋ္ဌာန်းချက်တချို့ကိုလည်း ခြွင်းချက်ထားပြီး လက်မှတ်ရေးထိုးနိုင်ဖို့ လေ့လာဆောင်ရွက်နေပါတယ်။

လက်မှတ်ရေးထိုးဖို့ အားလုံးညှိနှိုင်းပြီးတဲ့အခါ တင်ပြခွင့်ပြုချက်ရယူပြီးတော့ ဖြစ်နိုင်ရင် နယူးယောက်မြို့မှာ ကျင်းပမယ့် ကုလသမဂ္ဂ အထွေထွေညီလာခံကာလအတွင်း Treaty Event မှာ လက်မှတ်ရေးထိုးနိုင်ဖို့ ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။ တစ်ချိန်တည်းမှာပဲ စာချုပ်ပါပြဋ္ဌာန်းချက်တွေ အကောင်အထည်ဖော်ရာမှာ သက်ဆိုင်တဲ့ ဝန်ကြီးဌာန အစိုးရအဖွဲ့အစည်းတွေကို စာချုပ်ကို သေချာနားလည်ဖို့ အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတွေ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။နိုင်ငံတကာရဲ့တုံ့ပြန်မှုကရော ဘယ်လိုရှိနိုင်မလဲဆိုတာ ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ICCPR ကို လက်မှတ်ရေးထိုးတာဟာ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနဲ့ မြှင့်တင်ရေးသမိုင်းမှာ မှတ်တိုင်တစ်ခုဖြစ်ပါတယ်။ အရင်ကဆို လက်မှတ်ရေးထိုးဖို့ကို တွန့်ဆုတ်နေတာမျိုးတွေ ရှိခဲ့ပေမယ့် အခုဆိုရင် အားလုံးက သဘောတူကြတာကို တွေ့ရပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ တိုးတက်မှုနဲ့ အဆင်သင့်ဖြစ်မှုတို့ပဲ ဖြစ်ပါတယ်။ နိုင်ငံတကာကလည်း အားပေးကြိုဆိုကြမယ်လို့ ယုံကြည်ပါတယ်။

နိုင်ငံတကာ လူ့အခွင့်အရေးစာချုပ်တွေမှာ ပါဝင်တာလွယ်ပေမယ့် စာချုပ်ပါ ပြဋ္ဌာန်းချက်တွေကို လက်တွေ့လုပ်ဆောင်ဖို့နဲ့ လက်ရှိပြည်တွင်းမှာ ဆောင်ရွက်နေတာတွေနဲ့ နှိုင်းယှဉ်ပြီး လိုအပ်တာတွေ မွမ်းမံဖြည့်စွက်နိုင်ဖို့အတွက် ဝန်ထမ်းတွေကို အသိပညာပေးတာ၊ စွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းပေးတာမျိုးကို အလေးပေးဆောင်ရွက်သွားဖို့ အရေးကြီးကြောင်း ပြောကြားလိုပါတယ်။

**အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

**မေးမြန်း-ရှင်မင်းမွှေး**
**ဓာတ်ပုံ- ထိန်နန်နေ၁်**

# ကျေးလက်ရေပေးရေးလုပ်ငန်းပြီးစီး၍ လွှဲပြောင်းအပ်နှံ

**ပုသိမ် ဇွန် ၅**

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း(တင်ဒါ)ဖြင့် ကျေးလက်ရေပေးရေးလုပ်ငန်းကို ကွင်းပေါက်ကြီးကျေးရွာအုပ်စု ကွင်းပေါက်ကြီးကျေးရွာ၊ ကျောက်ချောင်းကြီးကျေးရွာအုပ်စု စက်ကုန်းကျေးရွာ၊ ရေတွင်းချောင်ကျေးရွာအုပ်စု ရေတွင်းချောင်ကျေးရွာ၊ ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု ငကြီးထူကျေးရွာ၊ မြို့ချောင်းကျေးရွာအုပ်စု အောင်သပြေကျေးရွာ၊ လေးမျက်နှာကျေးရွာအုပ်စု လွှစင်ကုန်းကျေးရွာ၊ အနန်းကုန်းကျေးရွာအုပ်စု ဘူးအင်းကျေးရွာ၊ စပါးထားကျေးရွာအုပ်စု မရမ်းကွင်းကျေးရွာ၊ ရှမ်းကွင်းကျေးရွာအုပ်စု အုန်းတောကျေးရွာတို့တွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် လုပ်ငန်းပြီးစီးမှုလွှဲပြောင်းအပ်နှံခြင်းမှတ်တမ်းလွှာအား ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးဌေးနိုင်၊ ဦးသန်းဝင်းအောင်(အငယ်တန်းအင်ဂျင်နီယာ-၂)နှင့် ဒေါ်ခင်ရတီထွန်း (အငယ်တန်းအင်ဂျင်နီယာ-၂)တို့က ဇွန် ၃ ရက်တွင် သွားရောက်အပ်နှံခဲ့သည်။

ပုသိမ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများတွင် ရေပေးရေး(တွင်းနက်တူးဖော်ခြင်း) လုပ်ငန်းများ ဆောင်ရွက်ပေးသဖြင့် နွေရာသီ ရေရှားပါးပြတ်လပ်မှုများမှ ကင်းဝေးပြီး သောက်သုံးရေများ ဖူလုံစွာရရှိကြမည်ဖြစ်သည်။

**၀၀၇**

# မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေ

**နေပြည်တော် ဇွန် ၅**

မုတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၃ ဒသမ ၇၀ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၂၉ လက်မ၊ ဟသ်ာတမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ မြောင်းမြမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ မော်လိုက်မြို့တွင် ၁ ဒသမ ၆၉ လက်မ၊ ပုသိမ်မြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ဇန်းမော်မြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ဖြူးမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ပြည်မြို့၊ ရန်ကုန်(ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်) နှင့် ဟိုင်းကြီးကျွန်းမြို့တို့တွင် ၁ ဒသမ ၂၇ လက်မစီနှင့် ပြင်ဦးလွင်မြို့တွင် ၁ ဒသမ ၂၂ လက်မတို့ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာ အမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၂၉-၅-၂၀၁၉) ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၈-၄-၂၀၁၉) ရက်နေ့မှ (၁၀-၅-၂၀၁၉) ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ရှစ်ဦး ကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် နှစ်ဦး၊ မဂ္ဂဇင်း ငါးဦး၊ အထွေထွေ ၁၄ ဦး၊ ပေါင်း ၂၁ ဦး ကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ ငါးဦး ကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၇၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၆၃၀ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၉၂ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၄၀၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ဇွန် ၁ ရက်မှစ၍ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသည့် အရောင်းပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချလျက်ရှိပြီး ဝယ်ယူသူများ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကျသင့်မည်ဖြစ်

**နေပြည်တော် ဇွန် ၅**

လက်ကိုင်ဖုန်းဟန်းဆက်နှင့် ဆက်စပ်အပိုပစ္စည်းများ၊ တင်သွင်းရောင်းချသူများအနေဖြင့် ရောင်းချသည့် အရောင်းပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချခြင်းကို ဇွန် ၁ ရက်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြည်တွင်းအခွန်များ ဦးစီးဌာနမှ သိရသည်။

လက်ကိုင်ဖုန်း ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူသူ မိဘပြည်သူများအနေဖြင့် အပိုပစ္စည်းများ ဝယ်ယူခြင်းအတွက် ကျသင့်သော စုစုပေါင်း တန်ဖိုးအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

"လက်ကိုင်ဖုန်း ဟန်းဆက်နဲ့ ဆက်စပ်ပစ္စည်းတွေ ရောင်းချတဲ့ အရောင်းပြေစာအပေါ်မှာ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချမယ့် အစီအစဉ်နဲ့ ပတ်သက်ပြီးတော့ ၂၀၁၉ ဧပြီ ၁ ရက်ကနေ မေ ၃၁ ရက်အထိ ကြိုတင်ပြင်ဆင်ချိန်ကာလအဖြစ် သတ်မှတ်ထားပြီး ၂၀၁၉ ခုနှစ် ဇွန် ၁ ရက်ကစပြီး စတင်အကောင်အထည်ဖော်နေပါပြီ။ ကြိုတင်ပြင်ဆင်ချိန်ကာလအတွင်းမှာ သက်ဆိုင်တဲ့ လုပ်ငန်းရှင်တွေ၊ မြို့မိမြို့ဖတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေကို ဖိတ်ကြားပြီးတော့ ဆောင်ရွက်မယ့် အစီအစဉ်တွေကို မြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနရုံးတွေကနေ ရှင်းလင်းဆွေးနွေးပေးပါတယ်"ဟု ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေခိုင်က ပြောကြားသည်။

ယခုလက်ရှိကာလတွင် လက်ကိုင်ဖုန်းဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူသူအတွက် ထုတ်ပေးမည့် ပြေစာတွင် ကပ်နှိပ်မည့် အခွန်အမှတ်တံဆိပ် Commercial Tax Stamp Label များမှာ ငါးဆယ်ကျပ်တန်၊ တစ်ရာကျပ်တန်၊ နှစ်ရာကျပ်တန်၊ ငါးရာကျပ်တန်၊ တစ်ထောင်ကျပ်တန်၊ ငါးထောင်ကျပ်တန်နှင့် တစ်သောင်းကျပ်တန် အခွန်အမှတ်တံဆိပ်များဖြစ်ကြောင်း သိရသည်။

"လုပ်ငန်းရှင်တွေကို လုပ်ငန်းပမာဏအလိုက် လိုအပ်တဲ့ အခွန်အမှတ်တံဆိပ်တွေ ခန့်မှန်းမှာကြားစေတာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုအစီအစဉ်က ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၀၊ စည်းမျဉ်းခွဲ (ခ) အရ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ကိုင်းဖုန်းဟန်းဆက်နဲ့ ဆက်စပ်ပစ္စည်းတွေအပေါ်မှာ ပစ္စည်းတန်ဖိုးနဲ့အတူ ကျသင့် ကုန်သွယ်လုပ်ငန်းခွန်ကို အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချတဲ့ နည်းလမ်းကို သတ်မှတ်ထုတ်ပြန်ထားပြီးဖြစ်တဲ့အတွက် အကောင်အထည်ဖော်ခြင်းပဲဖြစ်ပါတယ်။

"တချို့ကျတော့ လက်ကိုင်ဖုန်းဟန်းဆက်တွေအပေါ် အခုမှ ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်း ကောက်ခံတယ်လို့ထင်ကြတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ကတော့ ရောင်းဝယ်မှုလုပ်ငန်းတွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေအပေါ် ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံလျက်ရှိပါတယ်။ ၂၀၁၉ ဇွန် ၁ ရက်မှာ စတင်မယ့် လုပ်ငန်းအစီအစဉ်ဟာ လက်ကိုင်ဖုန်းဟန်းဆက်နဲ့ ဆက်စပ်ပစ္စည်းတွေအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်တဲ့ အစီအစဉ်ပဲဖြစ်ပါတယ်"ဟုလည်း ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

လက်ကိုင်ဖုန်း ဟန်းဆက်နှင့် ဆက်စပ်အပိုပစ္စည်းများ၊ တင်သွင်းရောင်းချသူများ၊ အရောင်းဆိုင်များမှ လက်ကိုင်ဖုန်းဟန်းဆက်နှင့် ဆက်စပ်အပိုပစ္စည်းများ ရောင်းချသည့် အရောင်းပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချခြင်း မပြုပါက ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

"အရောင်းပြေစာအပေါ်မှာ အခွန်အမှတ်တံဆိပ် မကပ်နှိပ်တဲ့ ဆိုင်တွေကိုတော့ ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (စ) အရ ငွေလက်ခံရရှိကြောင်း အထောက်အထားအပေါ်မှာ ကျသင့်အခွန်ရဲ့ ၁၀၀ ရာခိုင်နှုန်း၊ ပျက်ကွက်မှုအပေါ် တိုင်ကြားခံရမှုအလိုက်၊ ပထမအကြိမ် ပျက်ကွက်ခြင်းအတွက် နှစ်သိန်း၊ ဒုတိယ ငါးသိန်း၊ တတိယ ၇ သိန်းနဲ့ တတိယအထက်ကို တစ်ကြိမ်ကို ၁၀ သိန်းစီ ဒဏ်ကြေးပေးဆောင်စေမှာ ဖြစ်ပါတယ်။ တိုင်ကြားသတင်းပေးတဲ့သူကိုလည်း တပ်ရိုက်တဲ့ ဒဏ်ငွေရဲ့၁၀ ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ထုတ်ပေးမှာဖြစ်ပါတယ်။ ဆုကြေးငွေထုတ်ပေးနိုင်ဖို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူပေးဖို့ လိုအပ်ပါတယ်။ သတင်းပေးတိုင်ကြားတဲ့သူ မည်သူဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်း မပြုရဆိုပြီး ဥပဒေမှာ ပြဋ္ဌာန်းပေးထားပါတယ်။

"တိုင်ကြားမှုကို ဘယ်အခွန်ရုံးမှာမဆို တိုင်ကြားနိုင်ပြီးတော့ တိုင်ကြားတဲ့အခါ ပြေစာအပေါ်မှာ အခွန်အမှတ်တံဆိပ်မကပ်ထားတဲ့၊ ဒါမှမဟုတ် ကျသင့်အခွန်တံဆိပ်အတိုင်း အပြည့်မကပ်ထားတဲ့ ပြေစာမူရင်း၊ ပြေစာမထုတ်ပေးတဲ့ ဆိုင်မျိုးဆို မထုတ်ပေးတဲ့အကြောင်းကို ခိုင်လုံစွာ တင်ပြတာမျိုး၊ ဥပမာ ဗီဒီယိုမှတ်တမ်းတင်ပြတာမျိုးတွေနဲ့ တင်ပြနိုင်ပါတယ်" ဟု ဒုတိယညွှန်ကြားရေးမှူးက ရှင်းပြသည်။

**ရှင်မင်း**

# ၂၀၁၉ ခုနှစ် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် ဇွန် ၅**

၂၀၁၉ ခုနှစ် ဇွန်လ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် ဇွန် ၈ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့် အဆိုပါရောင်းချပွဲသို့ နေ့စဉ် အခမဲ့ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး အရောင်းစာရင်းအချက်အလက်များနှင့် ပတ်သက်၍ မဏိရတနာကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ ဇွန် ၁၃ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ပြုလုပ်နိုင်ရေးအတွက် ဇွန် ၆ ရက်နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းတို့တွင်ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ဖုန်း ၀၆၇ ၄၁၂၁၂၅၊ ၄၁၂၁၂၆ သို့လည်းကောင်း၊ ၂၀၁၉ ခုနှစ်၊ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ၊ စီမံရေးရာလုပ်ငန်းကော်မတီ၊ ဖုန်း ၀၆၇ ၄၁၄၄၉၇၊ ၄၁၄၄၉၈ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ကွင်းသွင်းခြင်းခတ်အားကစားနည်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၅**

ဖိလစ်ပိုင်နိုင်ငံသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လေးကြိမ်မြောက်ကျင်းပမည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် Hoop Takraw (ကွင်းသွင်းခြင်းခတ်)အားကစားနည်း ထည့်သွင်းထားကြောင်း သိရသည်။ အဆိုပါကွင်းသွင်းခြင်းခတ်အားကစားနည်းပြိုင်ပွဲသို့ မြန်မာအမျိုးသမီးအသင်း အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်မှ သိရသည်။

"ကျွန်တော်တို့ ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်ပိုက်ကျော်ခြင်း အားကစားသမားများ နေပြည်တော်မှာ စခန်းသွင်းလေ့ကျင့်လျက်ရှိပါတယ်။ ကွင်းသွင်းခြင်းခတ်အားကစားနည်း မပါတာ ခြောက်ကြိမ်လောက်ရှိပြီ။ အိမ်ရှင်တိုင်းက အားသာချက်ရှိတဲ့ ကစားနည်းထည့်သွင်းကျင်းပမှာပါ။ ကွင်းသွင်းခြင်းခတ်နည်းမှာ ရွှေတံဆိပ်ရခဲ့ဖူးပါတယ်။ အခုပြိုင်ပွဲမှာ ဆုတံဆိပ်ထပ်မံရရှိဖို့လည်း ကစားသမားများ အစွမ်းကုန်လေ့ကျင့်ကြိုး စားနေပါတယ်" ဟု မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်ကပြောသည်။

"ဆီးဂိမ်းပြိုင်ပွဲမှာ အမျိုးသမီးသုံးယောက်တွဲမပါပေမယ့် တရုတ်နိုင်ငံ ကူမင်းမြို့မှာ ဇွန် ၂၂ ရက်မှာ ကျင်းပမယ့် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲမှာ အမျိုးသမီးသုံးယောက်တွဲ ပိုက်ကျော်ခြင်းဝင်ရောက်ယှဉ်ပြိုင်ဖို့ ရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲ၌ မြန်မာအားကစားသမားများသည် အမျိုးသားနှစ်ယောက်တွဲ၊ သုံးယောက်တွဲအသင်းလိုက် အမျိုးသမီးကွင်းသွင်းခြင်းခတ် အားကစားနည်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်သည် အာရှအဆင့် အရှေ့တောင်အာရှပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ဆွတ်ခူးရရှိကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ အာကာစိုး**




ပဏာမလက်ရွေးစင်အမျိုးသမီးအားကစားသမားများ ကွင်းသွင်းခြင်းခတ်ကစားနည်း လေ့ကျင့်နေစဉ်။

# အမျိုးသမီးလိဂ်ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ် ယနေ့ကျင်းပမည်

**ရန်ကုန် ဇွန် ၅**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၄) ကို ဇွန် ၆ ရက် **(ယနေ့)** စတင်ကျင်းပမည်ဖြစ်သည်။

ပွဲစဉ် (၁၄) အဖြစ် ဇွန် ၆ ရက်တွင် အောင်ဆန်းကွင်း၌ တက္ကသိုလ်အသင်းနှင့် အား/ကာ ဦးစီးဌာနအသင်း၊ တောင်ဒဂုံကွင်း၌ ဂန္ဓမာအသင်းနှင့် ဇွဲကပင်အသင်း၊ ဇွန် ၇ ရက်တွင် အောင်ဆန်းကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် YREO အသင်း၊ ဇွန် ၉ ရက်တွင် အောင်ဆန်းကွင်း၌ မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုရာသီတွင် ချန်ပီယံအသင်းမှာ နောက်ဆုံးပွဲပြီးမှ ထွက်ပေါ်မည်ဖြစ်ပြီး အား/ကာသိပ္ပံနှင့် မြဝတီအသင်းတို့ အမှတ်တူဖြင့် အပြိုင်ဖြစ်နေသည်။ ပွဲစဉ် (၁၃) အပြီးတွင် အား/ကာသိပ္ပံနှင့် မြဝတီအသင်းတို့က ၃၄ မှတ်စီ၊ သစ္စာအားမာန်အသင်းက ၃၁ မှတ်၊ YREO အသင်းက ၂၂ မှတ်၊ အား/ကာ ဦးစီးဌာနအသင်းက ၁၄ မှတ်၊ ဇွဲကပင်အသင်းက ၁၂ မှတ်၊ ဂန္ဓမာအသင်းက ခြောက်မှတ်ရထားပြီး တက္ကသိုလ်အသင်းမှာမူ ပွဲတိုင်းရှုံးနိမ့်ထားသည်။ ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည့် အား/ကာသိပ္ပံနှင့် မြဝတီအသင်းတို့တွင် ဂိုးကွာခြားချက် (+၂၀) အသာရထားသည့် အား/ကာသိပ္ပံအသင်းက ထိပ်ဆုံးမှ ဦးဆောင်နေပြီး ဂိုးကွာခြားချက်ကြီးမားနေခြင်းကြောင့် အား/ကာသိပ္ပံအသင်းအနေဖြင့် အနိုင်ရရုံဖြင့် ချန်ပီယံဆုရယူနိုင်ဖွယ်ရှိနေသည်။ နှစ်နှစ်ဆက် ချန်ပီယံဖြစ်ထားသည့် မြဝတီအသင်းအနေဖြင့် သုံးနှစ်ဆက်ချန်ပီယံ ဖြစ်ရန် အား/ကာသိပ္ပံအသင်း ခြေချော်မှသာ ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဇွန် ၉ ရက်တွင် ကျင်းပမည့် မြဝတီနှင့် သစ္စာအားမာန်အသင်းပွဲအပြီးမှ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

❋ *ကျောဖုံးမှ*

မြန်မာ ယူ-၂၂ အသင်းသည် ယင်းခြေစမ်းပွဲအတွက် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်ခဲ့ပြီး သုံးဦးလျှော့ချခဲ့ခြင်းဖြစ်သည်။ ယူ-၁၈ အသင်းမှ အားဖြည့်ရွေးချယ်ထားသည့် နောက်ခံလူ စည်သူမိုးခန့်ကို ပြန်လည်စေလွှတ်ခဲ့ပြီး ကွင်းလယ်ကစားသမား နန်းထိုက်ဇော်နှင့် တိုက်စစ်မှူး စအောင်ပြည့်ကိုတို့ကို လျှော့ချခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းတွင် **အုပ်ချုပ်သူ-**ဦးသန်းတိုးအောင်၊ **နည်းပြချုပ်-**ပိုပေ့ါဗ်၊ **လက်ထောက်နည်းပြများအဖြစ်-**ဦးချစ်နိုင်၊ ဦးဇော်ဝင်းထွန်း၊ **ကြံ့ခိုင်ရေးနည်းပြ-**ဟွမ်ရိုမန်၊ **ဂိုးနည်းပြ-**ဦးအောင်ကျော်ကျော်၊ **ဂိုး-**ဘုန်းသစ္စာမင်း(ရှမ်း)၊ ဆန်းဆက်နိုင်(ရန်ကုန်)၊ စိုးအာကာ(မကွေး)၊ **နောက်တန်း-** သူရိန်စိုး(ရန်ကုန်)၊ ရဲရင့်အောင်(၁)(ရတနာပုံ)၊ ဇင်ရဲနောင် (အား/ကာ)၊ ရဲမင်းသူ၊ ဟိန်းဖြိုးဝင်း၊ ဇွဲထက်မင်း(ရှမ်း)၊ ကျော်သူထွန်း(မကွေး) **အလယ်တန်း-**လွင်မိုးအောင် (ရောဝတီ)၊ မြတ်ကောင်းခန့်၊ အောင်နိုင်ဝင်း(ရတနာပုံ)၊ ကျော်မျိုးနိုင်(အား/ကာ)၊ ကောင်းထက်စိုး(ရန်ကုန်)၊ စိုးလွင်လွင်၊ နေမိုးနိုင်၊ ဇင်မင်းသူ(မကွေး)၊ မျိုးမင်းဖြိုး(စစ်ကိုင်း)၊ **ရှေ့တန်း-**ဟိန်းထက်အောင်(ဟံသာဝတီ)၊ ဝင်းနိုင်ထွန်း(ရတနာပုံ)၊ ထက်ဖြိုးဝေ(ရှမ်း)၊ အောင်ကောင်းမာန်(ရောဝတီ) တို့ပါဝင်ကြသည်။ မြန်မာ ယူ-၂၂ အသင်း၏ အပြီးသတ်လူစာရင်းတွင် အမာခံကစားသမားအများစုပါဝင်လာပြီး ကစားသမားသစ်အချို့ကိုလည်း ရွေးချယ်ထားသည်။ မြန်မာယူ-၂၂ အသင်းသည် ဗီယက်နမ်အသင်းနှင့် ခြေစမ်းပွဲမတိုင်မီ မေ ၃၀ ရက်က တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်းနှင့် ခြေစမ်းပွဲကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းနှင့် ဗီယက်နမ် ယူ-၂၂ အသင်းသည် ဇွန် ၇ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် ဇွန် ၅ ရက် ညနေပိုင်းက ထွက်ခွာသွားသည်။

**ညီမြတ်သော်တာ**

# ဥတ္တရသီရိမြို့နယ်တွင် နေအိမ်အတွင်း ဝင်ရောက်ခိုးယူသူများအား ဖော်ထုတ်အရေးယူထား

**နေပြည်တော် ဇွန် ၅**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ရတနာသိဒ္ဓိရပ်ကွက်၌ အိမ်ငှားနေထိုင်သည့် UNDP အကြီးတန်းအကြံပေးအရာရှိ နိုင်ငံခြားသားသည် မေ ၅ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ခရီးထွက်ခွာသွားရာ ၎င်းနေအိမ်သို့ ဇွန် ၂ ရက်တွင် ပြန်လည်ရောက်ရှိစဉ် B-Twin Mountain အဖြူရောင်စက်ဘီး နှစ်စီး၊ ဆိုနီဗီဒီယိုကင်မရာတစ်လုံး၊ အဝေးကြည့် မှန်ပြောင်းတစ်ခုနှင့် စိန်နှင့်ရွှေထည်များ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၄၇၅၉၅၀၀ ခန့်မှာ ပျောက်ဆုံးနေသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ ဘုရားကုန်းနယ်မြေရဲစခန်းက အမှုရေးဖွင့်၍ ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။



ပြစ်မှုကျူးလွန်သူ အာကာ(ခ)အာကာဖြိုးနှင့် သန့်ဇင်ဦး

အမှုနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ရတနာသိဒ္ဓိရပ်ကွက်၌ လာရောက်နေထိုင်ကာ ကျပန်းလုပ်ကိုင်သူ အာကာ (ခ) အာကာဖြိုး (၂၁) နှစ်က ဝင်ရောက်ခိုးယူခဲ့ပြီး ၎င်း၏အစ်ကိုဖြစ်သူ သန့်ဇင်ဦး (၂၄) နှစ်က ခိုးရာပါပစ္စည်းများအား ဝှက်သိမ်းပေါင်နှံပေးခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့ကို ဖမ်းဆီးခဲ့ရာ သန့်ဇင်ဦးအား ဇွန် ၄ ရက်တွင် ခိုးရာပါသက်သေခံပစ္စည်းများနှင့်လည်းကောင်း၊ အာကာ (ခ) အာကာဖြိုးအား ဇွန် ၅ ရက် တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနှင့်အညီအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ **သတင်းစဉ်**



သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ

## မြန်မာ့ရုပ်မြင်သံကြား

၆-၆-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၄၀ - NRC အစီအစဉ် Travelling to Putao
- ၈း၃၅ - "မြန်မာ့သစ်တောနှင့် REDD+"
- ၁၁း၃၀ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ပဋိပက္ခ"
- ၁၂း၃၀ - လျှော်လှုပ်ရင်ဘယ်လိုနေမလဲ
- ၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၁၉)
- ၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်"(အပိုင်း-၂၄)

**ညပိုင်း**

- ၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၇း၅၅ - လျှော်ဘေးဒဏ်ရင်ဆိုင် တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင် ကာကွယ်ကြပါစို့ (ရုပ်သံ၊ ဇာတ်လမ်း)
- ၁၈း၂၀ - မျက်မှောက်ရေးရာအဖြာဖြာ
- ၁၉း၂၅ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၂၀)(ပြေဇင်၊ ဖူးစုံ၊ မင်းသူ၊ ရဲမွန်၊ သဇင်) (ဒါရိုက်တာ-ဘိုသန့်)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ကိုယ့်ဘဝရဲ့ လင်းရောင်ခြည်"(အပိုင်း-၃၀)
- - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၄) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ သရုပ်ဆောင် တိုးညွန့်)

## ချမ်းအေးသာစံမြို့နယ်၊ ချင်းရွှေဟော်၊ တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၅**

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၃ ရက် ညနေပိုင်းက ချမ်းအေးသာစံမြို့နယ် ၇၃ လမ်း ၂၈ × ၂၉ လမ်းကြားရှိ ပိုးထည်ဆိုင်တွင် မူးယစ်ဆေးဝါးများပါရှိသည့် ကတ္တူပုံးတစ်ပုံးရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ပုံးအတွင်းတွင် ပန်းသီးများနှင့်ရောနှောထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိခဲ့သည်။

**လောက်ကိုင်မြို့နယ်**

အလားတူ ဇွန် ၄ ရက် ည ၈ နာရီက မူးယစ်တပ်ဖွဲ့စု(၂၁) ကွမ်းလုံမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့အဝင် ရော်ဘာကုန်းပူးပေါင်း စစ်ဆေးရေးဂိတ်တွင် ကျူးဖူးစိမ်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း။

**တာချီလိတ်မြို့နယ်**

ထို့အတူ ယင်းနေ့မွန်းလွဲ ၃ နာရီက မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဟိုနား (အာခါ) ကျေးရွာရှိ ဒေါ်အားဒိုး၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၈ ပြား၊ အိုက်စ် ၁၂ ဂရမ်နှင့် ဘိန်းစိမ်း ၂၅၀ ဂရမ်တို့ကိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## မိုင်းယောင်း၌ တရားမဝင် ဝင်ရောက်လာသော တရုတ်နိုင်ငံသား လေးဦးဖမ်းမိ

**မိုင်းယောင်း ဇွန် ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် ဇွန် ၅ ရက်က တရားမဝင် ဝင်ရောက်လာသော တရုတ်နိုင်ငံသား လေးဦးအား ပို့ဆောင်ပေးသူ မြန်မာနိုင်ငံသားတစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ရှောင်တခင် ပိတ်ဆို့ရှာဖွေ**

နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့သည် မုန်းလိုက်အုပ်စု မုန်းလိုက်ကျေးရွာရှိ မုန်းလိုက်တံတားတွင် ဇွန် ၅ ရက် နံနက် ၇ နာရီက ရှောင်တခင် ပိတ်ဆို့ရှာဖွေစစ်ဆေးရာ မိုင်းဖြတ်မြို့ဘက်မှ မိုင်းယောင်းမြို့ဘက်သို့ စိုင်းအောင် (၂၂ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် 61/.... WISH ယာဉ်အား ရပ်တန့်စေခဲ့ရာ ရပ်တန့်ခြင်း မရှိဘဲ မောင်းနှင်ထွက်ပြေးခဲ့သည်။

တာဝန်ရှိသူများက လိုက်လံဖမ်းဆီးရာ မိုင်းယောင်းမြို့အဝင် ဘီးခွန်ဂိတ်အနီး၌ ယာဉ်မောင်း စိုင်းအောင်နှင့်အတူ တရုတ်နိုင်ငံသား Song Xiaosu (၄၁ နှစ်) ပါ လေးဦးအား နံနက် ၇ နာရီ ၄၅ မိနစ်တွင် ဖမ်းဆီးရမိခဲ့သည်။

**ကမ္ဘောဒီးယားတွင် အလုပ်လုပ်ရန်**

ယာဉ်မောင်း စိုင်းအောင်အား စစ်ဆေးခဲ့ရာ အဆိုပါ တရုတ်နိုင်ငံသား လေးဦးအား တစ်ဦးလျှင် တရုတ်ငွေ ယွမ် ၁၅၀၀ နှုန်းဖြင့် တာချီလိတ်မြို့မှ အထူးဒေသ(၄) နမ့်ပန်းရှိ ကျင်းရဲသို့ ပို့ဆောင်ပေးရန် တာချီလိတ်မှ တင်ဆောင်လာကြောင်း၊ ၎င်းတို့သည် ကမ္ဘောဒီးယားနိုင်ငံရှိ စားသောက်ဆိုင်တွင် အလုပ်လုပ်ရန် သွားရောက်ခဲ့ပြီး လွန်ခဲ့သော နှစ်ရက်ခန့်က ထိုင်းနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း၊ ဇွန် ၅ ရက် နံနက် ၄ နာရီခွဲတွင် တာချီလိတ်မှ ကျင်းရဲသို့ ထွက်ခွာလာခြင်းဖြစ်ကြောင်း၊ ၎င်းတို့ထဲတွင် တရုတ်နိုင်ငံသား အမျိုးသမီးနှစ်ဦးဖြစ်သူ Chen Xiaoyan (၂၉ နှစ်) နှင့် Liang Shaoxian (၄၉ နှစ်) တို့၏ ပတ်စ်ပို့စာအုပ်နှစ်အုပ်လည်း သိမ်းဆည်းရမိခဲ့သည်။

**စစ်ဆေးဆောင်ရွက်လျက်ရှိ**

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မိုင်းယောင်းမြို့မရဲစခန်းက တရားမဝင် ဝင်ရောက်လာသော တရုတ်နိုင်ငံသား လေးဦးနှင့် ယာဉ်မောင်း စိုင်းအောင်တို့အား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ငါ့သရောက်မြို့ ကုလားတဲကျေးရွာတွင် အိမ်ဝင်းခြံစည်းရိုးကိစ္စ အငြင်းပွားရာမှ လူသတ်မှုဖြစ်ပွား

**ညောင်ဦး ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ ကုလားတဲကျေးရွာတွင် ယနေ့ နံနက် ၆ နာရီက အိမ်ဝင်းခြံစည်းရိုးကိစ္စနှင့် ပတ်သက်ပြီး အငြင်းပွားရာမှ ခိုက်ရန်ဖြစ်ပွားကာ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဇွန် ၅ ရက် နံနက် ၆ နာရီက ညောင်ဦးမြို့နယ်၊ ငါ့သရောက်မြို့ ကုလားတဲကျေးရွာနေ ဦးရွှေစိုးနှင့် အိမ်နီးချင်းဖြစ်သူ ဦးချစ်ဝင်းတို့ အိမ်ဝင်းခြံစည်းရိုးကိစ္စနှင့် ပတ်သက်ပြီး အငြင်းပွားရာမှတစ်ဆင့် ဦးချစ်ဝင်းက တူးရွင်းဖြင့် ရိုက်နှက်ရာ ဦးရွှေစိုးတွင် ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း ငါ့သရောက်နယ်မြေရဲစခန်းမှ ပြစ်မှုကျူးလွန်သူ ဦးချစ်ဝင်းအား အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## ဖားကန့်မြို့နယ်၌ မိုးရွာသွန်းမှုကြောင့် အမျိုးသားတစ်ဦး ချောင်းရေစီးနှင့်အတူ မျောပါသေဆုံး

**ဖားကန့် ဇွန် ၅**

ဖားကန့်မြို့နယ်၌ ဇွန် ၄ ရက် ညနေပိုင်းက မိုးရွာသွန်းပြီး ချောင်းရေကြီးခဲ့သဖြင့် ရေစီးနှင့်အတူ အမျိုးသားတစ်ဦး မျောပါသေဆုံးခဲ့ကြောင်း သိရသည်။

ဖားကန့်မြို့ ဂျွန်ဂါကျေးရွာ ရေရတနာကျောက်မျက် တူးဖော်ရေးကုမ္ပဏီအနီးရှိ စွန့်ပစ်မြေစာပုံတွင် ဇွန် ၄ ရက် ညနေ ၃ နာရီခွဲက ရေမဆေးကျောက်ရှာဖွေသူများ ကျောက်ရှာဖွေနေစဉ် တင်မောင်ဝင်း (၂၉ နှစ်) သည် ချောင်းရေစီးနှင့်အတူ မျောပါ ပျောက်ဆုံးခဲ့သဖြင့် ကျောက်မျက်ကုမ္ပဏီက ဘက်ဟိုးယာဉ်များဖြင့် ရှာဖွေရာ ညနေ ၅ နာရီ ၄၅ မိနစ်တွင် သေဆုံးလျက်ရှာဖွေတွေ့ရှိခဲ့သည်။

ရုပ်အလောင်းကို ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဖားကန့်မြို့မရဲစခန်းတွင် သေမှုသေခင်း ရေးဖွင့်ထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

## ဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

**မောင်တော ဇွန် ၅**

မောင်တောမြို့၌ ဇွန် ၅ ရက် နံနက် ၇ နာရီ မိနစ် ၅၀ ခန့်က ဒုရဲမှူး တင့်နိုင် ဦးစီး၍ တပ်ဖွဲ့ဝင်များသည် ကင်းစခန်းများမှ တပ်ဖွဲ့ဝင်များအတွက် လစာ/ရိက္ခာ၊ ထောက်ပံ့ပစ္စည်းများ ထုတ်ပေးရန် တပ်ဖွဲ့ပိုင် ယာဉ်အမှတ် 5K/---- မော်တော်ယာဉ်ဖြင့် နယ်မြေ(၃) တောင်ပြိုယာသို့ ကြိမ်ချောင်းနယ်မြေရုံးမှ ထွက်ခွာလာရာ တောင်ပြိုယာ တံတားအနီးအရောက်၌ ယာဉ်၏နောက်ခန်းတွင် လုံခြုံရေး လိုက်ပါလာသော တပ်ဖွဲ့ဝင် ၁၀ ဦးအနက် ရဲတပ်ကြပ်ကျော်သူ၏ ဘေးလွယ်အိတ်အတွင်း ရဲတပ်ကင်း စခန်းများတွင် ဖြည့်ဆည်းရန် ထည့်သွင်းသယ်ယူလာသော ဗုံးသီးသုံးလုံး အနက်မှ ဗုံးသီးတစ်လုံးမှာ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

ဗုံးသီးပေါက်ကွဲမှုကြောင့် တပ်ကြပ် ကျော်သူ၊ တပ်ကြပ်ကြီး သက်နိုင်၊ တပ်ကြပ် နိုင်လင်းအောင်၊ ဒုတပ်ကြပ် ဇော်ဦး၊၊ ဒုတပ်ကြပ် ဥာဏ်လင်းဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် နီးစပ်ရာ တောင်ပြိုလက်ဝဲ တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ဆေးရုံရောက်ရှိပြီး အရေးပေါ်ဆေးကုသမှုခံယူနေစဉ် ရဲတပ်ကြပ်ကျော်သူမှာ ရရှိဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်းသိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**

## နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တရားမဝင်သစ်ဖမ်းဆီးရမိခြင်း စာရင်းချုပ်

**နေပြည်တော် ဇွန် ၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၃၈ ဒသမ ၈၄၈၉ တန်၊ သစ်မာ ၁၅၄ ဒသမ ၂၂၄၄ တန်၊ အခြား ၅၃၈ ဒသမ ၀၃၁၉ တန် စုစုပေါင်း ၈၃၁ ဒသမ ၁၀၅၂ တန်၊ ပြစ်မှုကျူးလွန်သူ ၇၆ ဦး၊ ယာဉ်၊ ယန္တရား ၄၇ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **မောင်လူမော်**

## အိမ်တွင်းလေထုညစ်ညမ်းမှု (Indoor Air Pollution)

အိမ်တွင်းလေထုညစ်ညမ်းမှုကြောင့် အောက်ပါနောက်ဆက်တွဲပြဿနာများ ဖြစ်ပွားစေပါသည်။

- **လတ်တလောတွင်**- မျက်လုံး၊ နှာခေါင်းနှင့် လည်ချောင်းများယားယံခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အသက်ရှူလမ်းကြောင်းရောဂါပိုးဝင်ခြင်း
- **ကာလကြာရှည်စွာထိတွေ့ပါက**-
  (၁) ပန်းနာရင်ကျပ်ရောဂါ
  (၂) နာတာရှည်အဆုတ်ပွရောဂါ
  (၃) နှလုံးသွေးကြောရောဂါများကိုပိုမိုဆိုးရွားစေပြီး နှလုံးရောဂါ၊လေဖြတ်ခြင်း၊အဆုတ်ကင်ဆာတို့ ဖြစ်ပွားကာ အရွယ်မတိုင်မီသေဆုံးခြင်း အထိဖြစ်နိုင်ပါသည်။

အထူးသဖြင့် အိမ်တွင်းရှိအမျိုးသမီးများ၊ ကလေးငယ်များနှင့်သက်ကြီးဘိုးဘွားများတွင် ပိုမိုအန္တရာယ်ရှိပါသည်။

**အိမ်တွင်းလေထုညစ်ညမ်းမှုကိုမိသားစုအတွင်းကြိုတင်ကာကွယ်နိုင်ပါသည်။**

**ရှောင်ရန်**

- အိမ်တွင်းဆေးလိပ်သောက်ခြင်းကို လုံးဝရှောင်ကြဉ်ပါ။
- အိမ်တွင်းမီးစက်မောင်းခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း၊
- အမွှေးတိုင်ထွန်းညှိခြင်းနှင့် ခြင်ဆေးခွေထွန်းခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- အန္တရာယ်ကင်းအောင်ပြုပြင်ထားခြင်းမရှိသောမီးသွေး၊ ထင်းလောင်စာများကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

**ဆောင်ရန်**

- မီးဖိုချောင် လေဝင်လေထွက် ကောင်းမွန်အောင်ထားရှိခြင်း၊ ပြတင်းပေါက်ဖွင့်ခြင်း (သို့မဟုတ်)လေစုပ်ပန်ကာများ တပ်ဆင်ခြင်း
- အိမ်တွင်း၊ ရုံးတွင်းသန့်ရှင်းရေးလုပ်ရာတွင် တံမြက်စည်းအစားစိုစွတ်သော ကြမ်းတိုက်တံကို အသုံးပြုခြင်းတို့ဖြင့် အိမ်တွင်းလေထုညစ်ညမ်းမှုကို ကာကွယ်နိုင်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# အီးယူမှ ဗြိတိန်နုတ်ထွက်ပြီးနောက် ကုန်သွယ်ရေးသဘောတူ လက်မှတ်ရေးထိုးလိုကြောင်း ထရမ့်ပြော

ဝါရှင်တန် ဇွန် ၅

**ဗြိတိန်နိုင်ငံ ဥရောပသမဂ္ဂမှ နုတ်ထွက်ပြီးနောက် အလားအလာကောင်းမွန်သည့် နှစ်ဖက်ကုန်သွယ်ရေးသဘောတူညီချက် လက်မှတ်ရေးထိုးလိုကြောင်း ဗြိတိန်နိုင်ငံသို့ရောက်ရှိနေသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့က ပြောသည်။**



ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

အမေရိကန်သမ္မတထရမ့်နှင့် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေတို့ ယမန်နေ့က ပြုလုပ်သော ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။ သို့သော်လည်း သဘောတူညီချက်အသေးစိတ် အကြောင်းအရာများကို ဆွေးနွေးညှိနှိုင်းရန် လိုအပ်နေသေးကြောင်း အမေရိကန်သမ္မတထရမ့်က ပြောသည်။

ဗြိတိန်နှင့် အမေရိကန်ကြားတွင် ထူးခြားသည့် ဆက်ဆံရေးသမိုင်းကြာရှည်စွာရှိကြောင်း၊ ရာသီဥတုပြောင်းလဲမှု၊ အီရန် နျူကလီးယားပြဿနာစသည့်ကဏ္ဍများတွင် မတူညီသော အမြင်များရှိကြောင်း ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဗြိတိန်၌ ဇွန် ၃ ရက်မှ ၅ ရက်အထိ လည်ပတ်လျက်ရှိသည်။ ထိုသို့လာရောက်လည်ပတ်ရာတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဗြိတိန်ဒုတိယမြောက် ဘုရင်မကြီး အဲလိစ်ဇဘတ်အပါအဝင် တော်ဝင်မိသားစုများနှင့် တွေ့ဆုံခဲ့ပြီး တာဝန်မှ နုတ်ထွက်တော့မည့် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ဇွန် ၅ ရက်တွင် ဗြိတိန်ဆိပ်ကမ်းမြို့ဖြစ်သည့် ပို့စ်မောက်သ်သို့သွားရောက်ကာ ဒုတိယကမ္ဘာစစ်အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ထရမ့်သည် လွန်ခဲ့သောနှစ်ဇွန်လက ဗြိတိန်သို့ အလုပ်သဘော သွားရောက်ခဲ့ကြောင်းလည်းသိရသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံရှိကျောင်းတစ်ကျောင်းတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းကို ကျောင်းဝင်ကြေးအဖြစ်တောင်းဆို

**နယူးဒေလီ ဇွန် ၅**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းရှိ ကျောင်းတစ်ကျောင်း၌ ပလတ်စတစ်စွန့်ပစ် ပစ္စည်းများ၏ ဆိုးကျိုးများကို တိုက်ဖျက်သည့် ဆောင်ရွက်မှုတစ်ခုအနေဖြင့် စွန့်ပစ်ပလတ်စတစ်ပစ္စည်းများအား စုဆောင်းမှုကို ကျောင်းဝင်ကြေးအဖြစ်သတ်မှတ်ကာ အခမဲ့ကျောင်းတက်ရောက်ခွင့်ပေးအပ်လျက်ရှိကြောင်း သိရသည်။

အာသံပြည်နယ် ဒစ္စပါ ပြင်ပရှိ အက်ရှ်ဖိုရမ်ကျောင်း၌ အပတ်စဉ်တိုင်း စာသင်သား ၁၁၀တို့သည် ၎င်းတို့၏နေအိမ်များနှင့် ဒေသန္တရဧရိယာများမှ ပလတ်စတစ်ပစ္စည်းအမျိုးအစား ၂၀ ခန့် ကို ယူဆောင်လာရမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ်ကအထိ ကျောင်းတက်ခြင်းအတွက် အခကြေးငွေကောက်ခံ ခြင်းမရှိခဲ့ကြောင်း၊ သို့သော်လည်း ပလတ်စတစ်စွန့်ပစ်ပစ္စည်း ပြန်လည်သန့်စင်သုံးစွဲ သည့် စီမံချက်တွင် မိဘများပူးပေါင်း ပါဝင်ကြရန် မေတ္တာရပ်ခံခဲ့ပြီးနောက်တွင် ပလတ်စတစ်ကင်းစင်ရေး စတင်ဆောင်ရွက်ရန် ကျောင်းက ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

မိဘများအနေဖြင့် ၎င်းတို့၏ကလေးငယ်များကို အဆိုပါကျောင်း၌ အခမဲ့ ပညာသင်ကြားစေလိုပါက ပလတ်စတစ်ပစ္စည်းများကို ကျောင်းသို့ယူဆောင် လာရန် တောင်းဆိုခဲ့ကြောင်းနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခြင်းမပြုလုပ်ရန် ကတိပြုစေခဲ့ကြောင်း အဆိုပါစီမံချက်ကို ရေးဆွဲခဲ့သည့် ပါမီတာ ဆာမာနှင့် မာဇင်မတ်တာတို့က ပြောကြားခဲ့သည်။

ယခုအခါတွင် ကလေးငယ်များသည် တစ်အိမ်မှတစ်အိမ်သို့ သွားရောက်ကာ ပလတ်စတစ်ပစ္စည်းများ တောင်းခံရသည့်အကြောင်းကို ဒေသဧရိယာအတွင်း ယခင်ကထက်ပိုမိုနားလည်သိရှိလာပြီဖြစ်ကြောင်း သိရသည်။ အစိုးရမဟုတ်သော ဒေသန္တရအဖွဲ့အစည်း အန်ဗိုင်ရွန်၏ ပြောကြားချက်အရ ဒစ္စပါဒေသတစ်ခုတည်း၌ပင် နေ့စဉ်နေ့တိုင်း စွန့်ပစ်အမှိုက်သရိုက် ၃၇ တန်ခန့်ကို စွန့်ပစ်နေကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ပလတ်စတစ်အိတ်များကိုယ်စီကိုင်ဆောင်လျက် ကျောင်းသွားနေသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

# ရုရှားအမှုထမ်းများကို ဗင်နီဇွဲလားမှ ရုပ်သိမ်းမှုနှင့်ပတ်သက်၍ တွစ်တာပေါ်တွင် ထရမ့်ရေးသားခဲ့မှု မမှန်ကန်ကြောင်း ရုရှားပြော

**မော်စကို ဇွန် ၅**

ရုရှားနိုင်ငံသည် ၎င်း၏အမှုထမ်းများကို ဗင်နီဇွဲလားနိုင်ငံမှ ရုပ်သိမ်းလိုက်ကြောင်း အမေရိကန်သို့အကြောင်းကြားခဲ့သည်ဟု တွစ်တာပေါ်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရေးသားခဲ့မှုမှာ သတင်းအမှားတစ်ခုသာဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဇွန် ၃ ရက်က သမ္မတထရမ့်သည် ရုရှားနိုင်ငံက ၎င်း၏အမှုထမ်းအများအပြားကို ဗင်နီဇွဲလားနိုင်ငံမှ ဖယ်ရှားလိုက်ပြီဖြစ်ကြောင်း အသိပေးခဲ့သည်ဟု တွစ်တာပေါ်တွင်ရေးသားခဲ့သည်။ သမ္မတထရမ့် အဆိုပါရေးသားချက်ကို ဖတ်ရှုပြီးနောက်တွင် ၎င်းအနေဖြင့် အလွန်အံ့အားသင့်ခဲ့ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့က ပြောကြားခဲ့ပြီး သမ္မတထရမ့်သည် ဗင်နီဇွဲလားနိုင်ငံမှ အထူးကျွမ်းကျင်သူထောင်ပေါင်းများစွာကို ဗင်နီဇွဲလားနိုင်ငံမှ ရုပ်သိမ်းသွားမည်ဟု ဖော်ပြထားသည့် ဝေါစထရိဂျာနယ်မှ ဆောင်းပါးတစ်ပုဒ်ကို မကြာသေးမီက ဖတ်ရှုခဲ့ဟန်ရှိကြောင်း ၎င်းကဆိုသည်။

ရုရှားနိုင်ငံအနေဖြင့် ၎င်း၏အတတ်ပညာရှင်များသည် လွန်ခဲ့သောနှစ်များစွာအကြာက လက်မှတ်ရေးထိုးထားသည့် တရားဝင်ကန်ထရိုက်စာချုပ်ချုပ်ဆိုမှုများအရ ဗင်နီဇွဲလားနိုင်ငံအတွက် ထောက်ပံ့ပေးမည့် ကိရိယာများကို ဝန်ဆောင်မှုပေးရာတွင် ပါဝင်သည်ဆိုသောအချက်ကို ဘယ်သောအခါမှ ဖုံးကွယ်ထားခြင်း မရှိခဲ့ကြောင်းနှင့် မကြာသေးမီက ကျွမ်းကျင်သူအတတ်ပညာရှင် ၉၅ ဦးကို အဆိုပါကန်ထရိုက်သဘောတူစာချုပ်များအရ ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ရန် ကရာကတ်စ်သို့ စေလွှတ်ခဲ့ကြောင်း လက်ဗရော့က ပြောကြားလိုက်သည်။

**ဆင်ဟွာ**

# အေအက်ဖ်စီ အာရှဖလားဘောလုံးပြိုင်ပွဲ တရုတ်နိုင်ငံတွင် ကျင်းပမည်

**ပဲရစ် ဇွန် ၅**

အေအက်ဖ်စီ၏ အထူးအာဏာကုန်လွှဲထားခြင်းခံရသော ကွန်ဂရက်တွင် ၂၀၂၃ ခုနှစ် အေအက်ဖ်စီ အာရှဖလားဘောလုံးပြိုင်ပွဲ (AFC Asian Cup)၏ အိမ်ရှင်အဖြစ် တရုတ်နိုင်ငံအား ဇွန် ၄ ရက်က အတည်ပြုလိုက်ကြောင်း သိရသည်။

လေးနှစ်တစ်ကြိမ် ပြုလုပ်သော အဆိုပါ ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် တရုတ်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့က ၂၀၁၆ ခုနှစ်ကစ၍ အပြိုင်အဆိုင် ကမ်းလှမ်းခဲ့ကြသည်။

ပြီးခဲ့သည့်လက ယင်းပြိုင်ပွဲမှ တောင်ကိုရီးယားနိုင်ငံ နုတ်ထွက်လိုက်ပြီးနောက် ၂၀၂၃ ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်နိုင်ငံအတွက် အကဲဖြတ်ခြင်းတွင် တစ်ဦးတည်းသော ယှဉ်ပြိုင်သူအဖြစ် တရုတ်နိုင်ငံက အားကြိုးမာန်တက် လုပ်ဆောင်ခဲ့ကာ ပြင်သစ်နိုင်ငံ မြို့တော်တွင် ပြုလုပ်သော အေအက်ဖ်စီ၏ အထူးအာဏာကုန်လွှဲထားခြင်းခံရသော ကွန်ဂရက်အတွင်း အတည်ပြုခြင်းခံခဲ့ရခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၀၄ တွင် AFC Asian Cup အား အိမ်ရှင်အဖြစ် နောက်ဆုံးလက်ခံကျင်းပခဲ့ပြီး ထိုပြိုင်ပွဲတွင် ဗိုလ်လုပွဲစဉ်အထိ ရောက်ရှိခဲ့သည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံ၌ ရုရှားစိုက်ပျိုးရေးထွက်ကုန်များ အရောင်းသွက်နေ

**မော်စကို ဇွန် ၅**

တရုတ်နိုင်ငံ၌ ရုရှားမှစိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ အရောင်းသွက်နေပြီး ယခုနှစ်၏ ပထမလေးလပတ်အတွင်း အမျိုးအစား ၃၀ ကျော်ပါဝင်သည့်ရုရှားမှ စိုက်ပျိုးရေးထွက်ကုန်တင်ပို့မှု ပမာဏမှာ ယွမ် သန်း ၃၄၀ (အမေရိကန်ဒေါ်လာ ၄၉ သန်း)တန်ဖိုးခန့်ရှိခဲ့ကြောင်း သိရသည်။ တင်ပို့ကုန်များအနက် တရုတ်ယွမ်ငွေ ၂၆ သန်းတန်ဖိုးခန့်ရှိသည့် ကောက်ပဲသီးနှံ တန်ချိန် တစ်သောင်းခွဲခန့်ရှိကာ ယခင်နှစ်ကထက် ၁၂ဒသမ ၄ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ရုရှားနိုင်ငံရှိ လယ်ယာမြေများတွင် အရည်အသွေးမြင့်စိုက်ပျိုးရေး ထွက်ကုန်များကို ထုတ်လုပ်ရန် မြေအနေအထားကောင်းမွန်ပြီး တရုတ်ဈေးကွက်၏ ဝယ်လိုအားနှင့် ကိုက်ညီကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်၏ ဖိအားပေးမှုကို တောင့်ခံသွားရန် အီရန်ခေါင်းဆောင် ခါမေနီတိုက်တွန်း



အီရန်ခေါင်းဆောင်ခါမေနီ။

**တီဟီရန် ဇွန် ၅**

အီရန်နိုင်ငံခေါင်းဆောင် အလီခါမေနီက ယမန်နေ့က တီဟီရန်တွင် ပြုလုပ်သည့် အခမ်းအနားတစ်ခုတွင် အမေရိကန်၏ဖိအားပေးမှုများကို ဆက်လက်တောင့်ခံသွားကြရန် ပြည်သူလူထုအား တိုက်တွန်းခဲ့သည်။

**အင်အားတစ်ခုရခဲ့**

အီရန်၏ အမေရိကန်အား ခုခံတွန်းလှန်မှုသည် အောင်မြင်မှုရရှိခဲ့ပြီး တခြားဖိနှိပ်ခံနိုင်ငံများအတွက်လည်း အားပေးမှုတစ်ခုဖြစ်ခဲ့ကြောင်း၊ အီရန်နိုင်ငံသည် ဖိအားပေးမှုအောက်တွင် ကဏ္ဍအသီးသီးတိုးတက်မှုရှိခဲ့ကြောင်း၊ စစ်ရေးအရလည်း မိမိနိုင်ငံမိမိခုခံကာကွယ်နိုင်စွမ်းရှိသည့် အင်အားတစ်ခုရခဲ့ကြောင်း၊ အီရန်နိုင်ငံသည် အမေရိကန်၏ ပြောဆိုဆွေးနွေးမှုများအပေါ် ဂရုမပြုဘဲ ခုခံသွားမည်ဖြစ်ကြောင်း၊ ခုခံမှုက ပေးဆပ်ရသည်မှန်သော်လည်း အရှုံးပေးခဲ့ပါက ပိုမိုပေးဆပ်ရမည်ဖြစ်ကြောင်း အလီခါမေနီက ပြောခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ဆွစ်ဇာလန်ခရီးစဉ်တွင် အမေရိကန်နိုင်ငံအနေဖြင့် အီရန်နိုင်ငံနှင့် ကန့်သတ်ချက်မဲ့ ဆွေးနွေးမှု ဆောင်ရွက်သွားလိုသော်လည်း ဖိအားပေးမှုကို ဖြေလျှော့ပေးမည်မဟုတ်ကြောင်း ပြောခဲ့သည်။

မိုက်ပွန်ပီအို၏ ပြောဆိုချက်နှင့် ပတ်သက်ပြီး အီရန်နိုင်ငံခြားရေးဝန်ကြီးက စကားစစ်ထိုးနေခြင်းသာဖြစ်ကြောင်း၊ အီရန်နိုင်ငံမှ မည်သည့်တုံ့ပြန်ဆောင်ရွက်မှုမျှ ပြန်လည်ပြုလုပ်ရန် မလိုအပ်ကြောင်း ပြောခဲ့သည်။

အမေရိကန်နိုင်ငံသည် လွန်ခဲ့သောနှစ် မေလတွင် အီရန်နျူကလီးယား အရေးဘက်စုံသဘောတူညီချက်မှ တစ်ဖက်သတ်နုတ်ထွက်ခဲ့ပြီး အီရန်အပေါ် အရေးယူပိတ်ဆို့မှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လတ်တလောတွင်လည်း အမေရိကန်နိုင်ငံက အီရန်နိုင်ငံအပေါ် ဖိအားပေးမှုအသစ်များ အဆက်မပြတ်ဆောင်ရွက်ခဲ့ပြီး အရှေ့အလယ်ပိုင်းဒေသသို့ စစ်အင်အားများ တိုးချဲ့စေလွှတ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဆူဒန်နိုင်ငံ၌ ရွေးကောက်ပွဲကို ကိုးလအတွင်း ကျင်းပမည်

ခါတွန် ဇွန် ၅

ဆူဒန်နိုင်ငံတွင် အာဏာရအစိုးရက အတိုက်အခံများနှင့် ရရှိထားသည့် သဘောတူညီချက်များကို ပယ်ဖျက်လိုက်ပြီးနောက် ကိုးလအတွင်း ရွေးကောက်ပွဲကျင်းပမည်ဟု ကြေညာခဲ့သည်။

ဆူဒန်နိုင်ငံ၏ မြို့တော် ခါတွန်၌ ဒီမိုကရေစီတောင်းဆိုဆန္ဒပြသူ ၃၅ ဦး ထက်မနည်း သေဆုံးခဲ့ပြီးနောက် တစ်ရက်အကြာတွင် ယခုလို ကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဧပြီလက အိုမာအယ်လ်ဘာရှာကို သမ္မတရာထူးမှဖယ်ရှားခဲ့ပြီး တပ်မတော်ကအာဏာကို လွှဲပြောင်းရယူခဲ့သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းမှု ကို ဖြည်းဖြည်းချင်း လုပ်သွားရန် အစိုးရနှင့် အတိုက်အခံကြား အစပိုင်းက သဘောတူ ခဲ့သော်လည်း နောက်ပိုင်းတွင် ဆွေးနွေးမှု ပျက်ပြားခဲ့သည်။

ခါတွန်မြို့ ဆန္ဒပြခဲ့သူများကို ရှင်းလင်းခဲ့ပြီးနောက်တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ယခုလို အကြမ်းပတမ်းလုပ်ဆောင်မှုကို အပြစ်တင်လိုက်ပြီး သက်ဆိုင်သူများကို သည်းခံကြရန် တောင်းဆိုခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

### တရုတ်သမ္မတ ရှီကျင့်ဖျင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံပြီး စီးပွားရေးစာချုပ်များ ချုပ်ဆို

ပေကျင်း ဇွန် ၅

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် တရားဝင်ချစ်ကြည်ရေးခရီးစဉ်နှင့် (၂၃)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာ စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် သုံးရက်ကြာ ခရီးစဉ်အဖြစ် ဇွန် ၅ ရက်က ရုရှားနိုင်ငံသို့ ရောက်ရှိလာပြီး စီးပွားရေးစာချုပ်များ ချုပ်ဆိုခဲ့သည်။

ကရင်မလင်နန်းတော်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်ပြီး ချီးကျူးပြောကြားခဲ့ကြောင်း သိရသည်။ သမ္မတပူတင်သည် မိမိအတွက် သူငယ်ချင်းကောင်းတစ်ဦးဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က အစည်းအဝေးပြီးနောက် ပူးတွဲကြေညာချက်ထုတ်ပြန်ရာတွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

နှစ်ဖက်ခေါင်းဆောင်များသည် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် လက်မှတ်များရေးထိုးခဲ့သလို ရုရှားနှင့် တရုတ်ကုမ္ပဏီများကလည်း ပူးပေါင်းဆောင်ရွက်မှုများအတွက် လက်မှတ်များရေးထိုးခဲ့ကြောင်း သိရသည်။ ယင်းသို့ လက်မှတ်ရေးထိုးရာတွင် ဟွာဝေးက ရုရှားကုမ္ပဏီ အမ်တီအက်စ်နှင့် ပူးပေါင်းပြီး ၂၀၁၉-၂၀၂၀ တွင် 5G ကွန်ရက် စမ်းသပ်မှုဆိုင်ရာ စာချုပ်ချုပ်ဆိုမှုလည်း ပါဝင်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# စည်းကမ်းတင်းကျပ်မှုတွေလိုအပ်လာတဲ့ ဆယ်စုနှစ်အတွင်း သေဆုံးမှုအမြင့်ဆုံးဖြစ်ခဲ့တဲ့ ဧဝရက်တောင်တက်ခရီးကြမ်း

**ထွန်းသစ်စ**

**တောင်တက်သမားတွေနဲ့ ပြည့်ကျပ်နေတဲ့ ကမ္ဘာ့အမြင့်ဆုံးဧဝရက်တောင်ရဲ့ သေဆုံးမှုတွေများခဲ့တဲ့ ယခုနှစ် တောင်တက်ရာသီအပြီးမှာတော့ နီပေါနိုင်ငံဟာ ဧဝရက်တောင်တက်ခွင့်နဲ့ ပတ်သက်ပြီး တင်းကျပ်သွားဖို့ စဉ်းစားနေတယ်လို့သိရပေမယ့် တောင်တက်ကျွမ်းကျင်သူတွေကတော့ ဖြစ်ပေါ်လာမယ့်ပြောင်းလဲမှုတွေနဲ့ ပတ်သက်ပြီး ပြောသလိုဖြစ်မလာမှာကိုတော့ စိုးရိမ်နေကြတယ်လို့ ဆိုပါတယ်။**



တောင်တက်သမားများဖြင့် ပြည့်နေသည့် ဧဝရက်တောင်တက်ခရီး။

**မဖြစ်သေးဘူး**

ဟုတ်ပါတယ်။ ယခုနှစ်တောင်တက်ရာသီမှာတော့ နီပေါအခေါ် ဆာဂါမာသာ၊ တိဗက်အခေါ် ချိုမိုလန်မာလို့ခေါ်တဲ့ ဧဝရက်တောင်တက်ခရီးကြမ်းမှာ လူပေါင်း ၁၁ ဦး သေဆုံးခဲ့ပါတယ်။ တောင်တက်သမားတွေပြည့်ကျပ်မှုကြောင့် သေဆုံးခဲ့သူအနည်းဆုံး လေးဦးရှိခဲ့တယ်လို့ ဆိုငြားသော်လည်း အတွေ့အကြုံမရှိတာက အများအပြားသေဆုံးမှုကိုဖြစ်စေတယ်လို့ အများစုက ဆိုပါတယ်။

တောင်တက်ခြင်းကို ဘာမှနားမလည်တဲ့သူတွေအနေနဲ့ ဧဝရက်တောင်ကိုတက်ဖို့ မကြိုးစားသင့်သလို ဧဝရက်တောင်ကိုလည်း မလာသင့်ဘူးလို့ ချီလီတောင်တက်သမား ဂျူအန်ပါဘလိုမိုက ခတ္တမန္ဒူ အပြန်ခရီးမှာ အေအက်ဖ်ပီကို ပြောခဲ့ပါတယ်။

လူအတော်များများဟာ တောင်တက်ဖိနပ်တွေဖြစ်တဲ့ ရေခဲပြင်ဖိနပ်ပြားမှာတပ်တဲ့ သံဆူးသတ္တုပြားတပ်ဖိနပ်တွေကို ဘယ်လိုအသုံးချရမလဲဆိုတာ မသိသလို ကြိုးတွေကိုလည်း ဘယ်လိုအသုံးချရမလဲဆိုတာမသိဘူးလို့ သူက ဆက်ပြောပါတယ်။ အဲဒီလိုကိစ္စလေးတွေက အစပြုလို့ အခြေခံအချက်လေးတွေကို နီပေါတောင်တက်လမ်းညွှန်တွေကိုပဲ အားကိုးနေရရင်တော့ မဖြစ်သေးဘူးလို့ သူက ဆိုပါတယ်။

**အလှမ်းကွာသွားတတ်**

နှစ်ပေါင်းအတော်ကြာ နီပေါနိုင်ငံဟာ တောင်တက်သမားအသစ်ပဲဖြစ်ဖြစ်၊ ကျွမ်းကျင်တောင်တက်သမားတွေပဲဖြစ်ဖြစ် ဘယ်သူမဆို အမေရိကန်ဒေါ်လာ ၁၁၀၀၀ ပေးရင် တောင်တက်ခွင့် ထုတ်ပေးလိုက်ပါတယ်။

သို့သော်လည်း လူသေဆုံးမှုများတဲ့ ယခုနှစ် နွေဦး တောင်တက်ရာသီမှာတော့သက်ဆိုင်ရာအာဏာပိုင်တွေဟာ တောင်တက်ခွင့်နဲ့ ပတ်သက်ပြီး ပိုမိုတင်းကျပ်တဲ့ ကန့်သတ်ချက်တွေပြဋ္ဌာန်းသွားဖို့ စဉ်းစားနေတယ်လို့ ဆိုပါတယ်။

တောင်တက်သမားတွေရဲ့ အနည်းဆုံးလိုအပ်ချက်တွေကို ပြန်လည်စိစစ်သွားမှာ ဖြစ်ပါတယ်။ ကြိုးတွေ စနစ်တကျအသုံးပြုတာ၊ အောက်ဆီဂျင်နဲ့ တောင်တက်သမားတွေကို ကူညီလမ်းပြပေးသူတွေလုံလုံလောက်လောက်ရှိတာ စတဲ့အချက်တွေကိုလည်း ထည့်သွင်းစဉ်းစားသွားမယ်လို့ နီပေါခရီးသွားဝန်ကြီးဌာန အတွင်းရေးမှူးဖြစ်သူ မိုဟန်ခရစ်ရှ်နာဆက်ပ်ကိုတာက ပြောပါတယ်။

ဝါရင့်တောင်တက်သမားတွေအတွက်ကတော့ စည်းမျဉ်း စည်းကမ်းသစ်တွေပါဝင်တဲ့ ကြေညာချက်ဟာ နှစ်စဉ်လေ့ကျင့်မှုထက်တော့ပိုမယ်မထင်ပါဘူး။ နှစ်စဉ်နှစ်တိုင်းမှာအစိုးရက တောင်တက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ကြပ်ကြပ်မတ်မတ်လုပ်ဆောင်မယ်လို့ ကတိပေးခဲ့သော်လည်း တကယ့်တကယ် လိုက်နာမှုအပိုင်းမှာတော့ တောင်တက်ရာသီရောက်လာတဲ့အခါမှာ လိုအပ်ချက်တွေနဲ့ အလှမ်းကွာသွားတတ်ပါတယ်။

**ခရီးသွားလုပ်ငန်း**

ဆယ်စုနှစ်အတော်ကြာ တောင်တက်သမားတွေကို စုပေးနေတဲ့ ဟိမဝန္တာအတွေ့အကြုံရှာ ကုမ္ပဏီဖြစ်တဲ့ ဟိုင်မက်စ်ပိုင်ရှင် ရက်ဆဲလ်ဘရိုက်စ်ကနှစ်ပေါင်းအတော်ကြာ အစိုးရအရာရှိတွေနဲ့ တွေ့ဆုံမှုတွေလုပ်ပြီးတဲ့နောက် ခရီးသွားဝန်ဆောင်မှုမှာ အစိုးရနဲ့သူတို့ကုမ္ပဏီရဲ့သဘောထားတွေဟာ ကွဲပြားမှုမရှိဘူးလို့ ဆိုပါတယ်။

ဝန်ကြီးဌာနကတော့ ဧဝရက်တောင်ပေါ်မှာ လူတွေပြည့်ကျပ်နေတဲ့ကိစ္စကိုငြင်းဆိုခဲ့ပြီး တောင်တက်ခွင့်တွေကိုလည်း အများကြီးမထုတ်ပေးဘူးလို့ ဆိုပါတယ်။ ဒါတွေဟာအဓိပ္ပာယ်မရှိတဲ့ စကားတွေလို့လည်း ဘရိုက်စ်က ပြောပါတယ်။

လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ်က တောင်တက်သူတွေ ပြည့်ကျပ်မှုမရှိစေဖို့ အသေတပ်ဆင်ထားတဲ့ကြိုးတွေကို တောင်ထိပ်နားမှာနှစ်ဆတိုးမြှင့်တပ်ဆင်ပေးထားတယ်လို့ ခတ္တမန္ဒူတာဝန်ရှိသူတွေက ပြောပါတယ်။ အဲဒီလိုမျိုးတွေ တပ်ဆင်ပေးထားတဲ့အတွက် အခုလိုမျိုး တောင်တက်သူတွေပြည့်ကျပ်နေတဲ့ကိစ္စတွေ နောက်တစ်ခါထပ်မဖြစ်နိုင်တော့ဘူးလို့လည်း သိရပါတယ်။

ပြီးတော့လည်း စစ်သားတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေပါဝင်တဲ့ ကူညီပေးရေးတပ်ဖွဲ့ဝင်တွေဟာ ဧဝရက်တောင်ခြေမှာ အကူအညီပေးဖို့အတွက် အမြဲလှုပ်ရှားနေကြတယ်လို့လည်း အစိုးရက ပြောပါတယ်။ သို့သော်လည်း ၂၀၁၅ ခုနှစ်က အေအက်ဖ်ပီသတင်းထောက်တစ်ယောက် အဲဒီကိုရောက်သွားတော့ သူတို့ပြောသလို ကူညီပေးရေးတပ်ဖွဲ့ဝင်တွေ ဖြန့်ကြက်မှုမရှိတာကို တွေ့ခဲ့ရတယ်လို့ဆိုပါတယ်။ သို့သော်လည်း တစ်နှစ်နဲ့တစ်နှစ်ကတော့ ပြောင်းလဲမှုတွေ အမြဲဖြစ်နေတာကြောင့် ယခုနှစ်တော့ ဘယ်လိုရှိမလဲဆိုတာမသိပါဘူး။

ဒါပေမယ့် တိဗက်အခြမ်းမှာတော့ ဧဝရက်တောင်တက်သမားတွေကို ၃၀၀ အထိပဲ ကန့်သတ်ထားတာတွေ့ရပြီးတော့ နီပေါဘက်အခြမ်းမှာတော့ အဲဒီလိုကန့်သတ်ထားတာတွေမတွေ့ရပါဘူး။ မျိုးမျိုးမြက်မြက်ကလေးရဖို့အတွက် ဒါဟာအန္တရာယ်ရှိတဲ့ခရီးသွားလုပ်ငန်းတစ်ခုလည်းဖြစ်တယ်လို့လည်း သုံးသပ်ရမှာပါ။

**လက်ယပ်ခေါ်နေသလို**

အပြိုင်ရှိလာတဲ့ခေတ်မှာခရီးသွား ကုမ္ပဏီတွေကဈေးလျှော့ပေးပြီး ဆွဲဆောင်လာတဲ့အတွက်ကြောင့် ဧဝရက်တောင်တက်သမားတွေ စိတ်ဝင်စားမှုမြင့်တက်လာပြီး တောင်ထိပ်နားအရောက် ၈၈၄၈ မီတာ ၂၉၀၂၉ ပေ ရှိတဲ့ တောင်ပေါ်ရောက်ဖို့အတွက် ကြိုးစားနေချိန်မှာ ဖြုတ်ခနဲဆိုသလို ရာသီဥတုက ဆိုးရွားသွားတော့ အဖြစ်အပျက်တွေဟာ မတွေးရဲစရာတောင် ကောင်းလာပါတယ်။ ကံဆိုးချင်တော့ အဲဒီလို အဖြစ်အပျက်မျိုး ဒီနှစ်ဧဝရက်တောင်တက်ရာသီမှာ ဖြစ်ခဲ့တာပါပဲ။

စုစုပေါင်း ဒီနှစ် ဧဝရက်တောင်တက်ရာသီမှာ ၁၁ ဦး သေဆုံးခဲ့ပါတယ်။ တောင်တက်လမ်းညွှန်အဖြစ် ဆယ်စုနှစ်အတော်ကြာ လုပ်ကိုင်ခဲ့သူ အတွေ့အကြုံရင့်တောင်တက်လမ်းညွှန်တစ်ဦးဖြစ်သူ ဖာဘာတန်ဂျင်ရှာပါးက တချို့တောင်တက်သမားတွေဟာ ပြောစကားနားမထောင်ဘူး။ သူတို့ကို ခွင့်မပြုတဲ့နေရာတွေလည်း သူတို့က သွားတာပဲ။ အခုသေသွားတဲ့ အသက် ၅၀ ဝန်းကျင် အမျိုးသမီးတစ်ဦးဆိုရင် သူ့ကိုခွင့်မပြုတဲ့နေရာကို သူက အတင်းသွားပြီး မသွားနဲ့လို့ ပြောတော့ တောင်တက်ဖို့အတွက် သူက ပိုက်ဆံပေးထားရတာ၊ တောင်ထိပ်ကိုတော့ တွေ့ချင်တယ်ဆိုပြီး အတင်းသွားတော့ မသေသင့်ဘဲ သေခဲ့ရတာတွေလည်းရှိတယ်လို့ သူက ပြောပါတယ်။

အဲဒီလိုတောင်တက်သမားတွေ တစ်နှစ်ထက်တစ်နှစ် များလာပါတယ်။ သူတို့က သူတို့ဘာပဲဖြစ်ဖြစ် တောင်တက်မယ်ချည်းပဲ ပြောနေတော့တာပဲ။ သူတို့ရဲ့ ခေါင်းမာမှုတွေက တောင်ပေါ်မှာ လူတွေသေဆုံးစေတဲ့ အဖြစ်အပျက်တွေကို လက်ယပ်ခေါ်နေသလိုပါပဲလို့ သူက ဆက်ပြောပါတယ်။

**ကမ္ဘာကြီးက အသိအမှတ်ပြု**

ဧဝရက်တောင်တက်တာကြီးက တဖြည်းဖြည်းနဲ့ ယိုယွင်းပျက်စီးလာတဲ့အတွက် ခရီးသွားလုပ်ငန်းလုပ်ကိုင်နေတဲ့ ကုမ္ပဏီများကိုယ်စား နီပေါတောင်တက်အဖွဲ့က အစိုးရကို ပိုမိုတင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေထုတ်ဖို့ နှိုးဆော်တိုက်တွန်းလျက်ရှိပါတယ်။ ဒီနှစ် တောင်တက်ရာသီမှာ တောင်တက်သမားတွေ သေဆုံးမှုမြင့်တက်လာတဲ့အကြောင်းကတော့ အတွေ့အကြုံမရှိတဲ့ တောင်တက်သမားတွေ များပြားလာလို့ပဲဖြစ်တယ်လို့ နီပေါတောင်တက်အဖွဲ့ဥက္ကဋ္ဌ ဆန်တာဘာလာမာက ပြောပါတယ်။

တောင်တက်သမားတွေဟာ မိမိကိုယ်ကိုယ် ကျိန်းသေကာကွယ်နိုင်ရမယ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချရမယ်။ အဲဒီလိုမှ မဟုတ်ရင် တောင်တက်ခွင့်ကို မထုတ်ပေးသင့်ဘူး။ ထုတ်ပေးတဲ့အခါမှာလည်း အဲဒီလိုအချက်တွေကို ထည့်သွင်းစဉ်းစားရမယ်လို့ သူက ပြောပါတယ်။ ၁၉၅၃ ခုနှစ် မေ ၂၉ ရက်မှာ အက်မန့်ဟီလာရီနဲ့တန်ဇင်နော်ဂေးတို့ဟာ ဧဝရက်တောင်ကို ပထမဆုံးခြေချခဲ့သူတွေဖြစ်ပြီးတော့ သူတို့ဟာ ရှားပါးတဲ့ဆုလာဘ်ကိုရရှိခဲ့ပြီး ကမ္ဘာကြီးကတောင် အသိအမှတ်ပြုခဲ့ပါတယ်။

**အပေးအယူ**

အရင်ကတော့ ဧဝရက်တောင်တက်တယ်ဆိုတာ တကယ့်ရှားပါးတဲ့ဆုတစ်ခုလိုပဲခံယူထားပြီး တက်ရောက်ခဲ့ကြတာတွေ ရှိပေမယ့်လည်း အခုအခါမှာတော့ နိုင်ငံခြားဝင်ငွေရှာတဲ့ ခရီးသွားလုပ်ငန်းတစ်ခုဖြစ်လို့လာပါတယ်။

ယခုနှစ် တစ်နှစ်တည်းမှာ နီပေါနိုင်ငံဟာ ဧဝရက်တောင်တက်ခရီးစဉ်ကနေ ရရှိခဲ့တဲ့ဝင်ငွေကတော့ အမေရိကန်ဒေါ်လာ လေးသန်းနီးပါး ရှိခဲ့ပါတယ်။ အခုလိုဝင်ငွေမျိုးရရှိတာ ကောင်းတဲ့အချက်ပါလို့ ဟိုင်းမက်စ်ခရီးသွားကုမ္ပဏီပိုင်ရှင် ဘရိုက်စ်က ပြောပါတယ်။ သို့သော်လည်း အကျိုးအမြတ်တွေကိုကြည့်ပြီး ရသမျှခရီးသွားလုပ်ငန်းက ဝင်ငွေတွေကို သိမ်းကြုံးယူနေမယ်ဆိုရင် တစ်ဖက်ကလည်း သူ့အတွက် သင့်တော်တဲ့အခြေအနေတွေကို ပြန်လည်ပေးဆပ်ရမှာပဲဖြစ်ပါတယ်။ သို့မဟုတ်ပါက ယူသာယူပြီး ပြန်လည်ပေးဆပ်မှုမရှိရင် ကြာရှည်မှာခရီးသွားလုပ်ငန်းကြီးတစ်ခုလုံး ထိခိုက်လာနိုင်တယ်လို့ သူက သုံးသပ်ထားပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

**“ဒီနှစ် တောင်တက်ရာသီမှာ တောင်တက်သမားတွေ သေဆုံးမှုမြင့်တက်လာတဲ့ အကြောင်းကတော့ အတွေ့အကြုံမရှိတဲ့ တောင်တက်သမားတွေ များပြားလာလို့ပဲဖြစ်”**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တတိယတစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇွန် ၅**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တတိယတစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှိ မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားရာတွင် အစိုးရအဖွဲ့အနေဖြင့် တာဝန်ယူဆောင်ရွက်ခဲ့သည်မှာ သုံးနှစ်ကျော်ကာလကို ရောက်ခဲ့ပြီဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြီးခဲ့သည့် တစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍနယ်ပယ်အသီးသီးမှ ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ အဓိကပြုပြင်ပြောင်းလဲမှုများအနေဖြင့် ရန်ကုန်ရင်းနှီးမြှုပ်နှံမှု ကော်မတီကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်ပြီးနောက် ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး တိုင်းဒေသကြီးမှာပင် ပိုမိုဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို ပေးခဲ့ကြောင်း။

### မြို့တော်စည်ပင်သာယာရေးဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့

တိုင်းဒေသကြီးအဆင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့်လည်း လုပ်ငန်းများကို တိုင်းဒေသကြီးအတွင်းမှာပင် လျင်မြန်စွာဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ပြီးခဲ့သည့်ကာလအတွင်း တိုင်းဒေသကြီးအစိုးရအနေဖြင့် မြို့တော်စည်ပင်သာယာရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ခြင်းကြောင့် ၂၀၁၈ မြို့တော်စည်ပင်သာယာရေး ဥပဒေနှင့်အညီ မြို့တော်စည်ပင်သာယာရေး ရွေးကောက်ပွဲကို ကျင်းပဆောင်ရွက်နိုင်ခဲ့ကြောင်း။

သယ်ယူပို့ဆောင်ရေး ကဏ္ဍနယ်ပယ်တွင် အများပြည်သူသယ်ယူပို့ဆောင်ရေး စနစ်ကို ပြုပြင်ပြောင်းလဲခဲ့သည်မှာ နှစ်နှစ်ကျော်ကာလကို ရောက်ခဲ့ပြီဖြစ်ကြောင်း၊ မကြာမီကာလအတွင်း Paymant Card စနစ်ဖြင့် စီးနိုင်ရန် ဆက်လက်စီစဉ်ဆောင်ရွက်နေကြောင်း၊ ထို့ပြင် ဘတ်စ်ကားမှတ်တိုင်များ အဆင့်မြှင့်တင်မှုကိုလည်း လုပ်ဆောင်နေကြောင်း၊ မြို့ပြသာယာလှပစေမှုအတွက် ကြိုးပမ်းနေခြင်းသာဖြစ်ကြောင်း၊ အများပြည်သူလည်ပတ်သွားလာနိုင်သည့် ပန်းခြံများကိုလည်း စနစ်တကျပြင်ဆင်ဆောင်ရွက်နေကြောင်း၊ ထို့အပြင် အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍကို ပိုမိုကောင်းမွန်သည့် အဆင့်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ရထားလမ်း၊ ကားလမ်း၊ ရေလမ်းများနှင့်လည်း စနစ်တကျချိတ်ဆက်နိုင်ရန် ကြိုးပမ်းနေကြောင်း၊ Water Bus ပြေးဆွဲနိုင်မှုမှာ ရန်ကုန်မြစ်ကြောင်းမှာသာ ပြေးဆွဲနိုင်သေးကြောင်း၊ ငမိုးရိပ်ချောင်းရိုးတွင် ပြေးဆွဲနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ လေ့လာဆန်းစစ်မှုများ ပြုလုပ်နေပါကြောင်း၊ ရထားလမ်း၊ ကားလမ်း၊ ရေလမ်းဆုံနေရာများကို ပိုမိုဖွံ့ဖြိုးတိုးတက်သည့် နယ်မြေများဖြစ်စေရန် ရေတို၊ ရေရှည်စီမံကိန်းများချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ပိုမိုကောင်းမွန်သည့် သယ်ယူပို့ဆောင်ရေးစနစ်သစ် ပေါ်ထွန်းစေရန် JICA နှင့် ညှိနှိုင်းကာ ရထားလမ်း အဆင့်မြှင့်တင်မှု ပြုလုပ်နေကြောင်း ။

### တန်ဖိုးနည်းအိမ်ရာများတည်ဆောက်နိုင်ရန် ရင်နှီးမြှုပ်နှံမည့်သူများဖိတ်ခေါ်

တိုင်းဒေသကြီးအတွင်း လူဦးရေတိုးပွားလာမှုအရ နေထိုင်ရေးအခက်အခဲရှိနေသူများကို အမြန်ဆုံးနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းနေကြောင်း၊ ယင်းအခြေအနေသို့ ရောက်ရှိရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အနေဖြင့်လည်း စနစ်တကျပြင်ဆင်ဆောင်ရွက်နေကြောင်း၊ ခြောက်လတာကာလအတွင်း အမြန်ဆုံးနေရာချထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်နိုင်ရန် ရင်နှီးမြှုပ်နှံမည့်သူများကိုလည်း ဖိတ်ခေါ်ထားကြောင်း၊ သတင်းမီဒီယာနှင့်ပတ်သက်၍လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လစဉ်တွေ့ဆုံရန် စီစဉ်ထားရှိကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြောကြားကြရာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုးက တိုင်းဒေသကြီးအတွင်း လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ ဆောင်ရွက်နေမှုများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက တိုင်းဒေသကြီးအတွင်း လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ တိုင်းဒေသကြီး၏ ဘတ်ဂျက်နှင့် ဘဏ္ဍာရေးအခြေအနေများ၊ အသေးစား၊ အလတ်စားလုပ်ငန်းများတိုးတက်လာမှုများနှင့် ချေးငွေရရှိမှု ဆောင်ရွက်ပေးမှုအခြေအနေများ၊ စီပွားရေးမူဝါဒ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ သောက်သုံးရေရရှိမှု ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။




တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တတိယတစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက တိုင်းဒေသကြီးအတွင်း စပါးစိုက်ပျိုးမှုနှင့် ထွက်ရှိမှုအခြေအနေများ၊ ဆန်စားသုံးမှု ဖူလုံစေရေး၊ စပါးအထွက်နှုန်းကောင်းမွန်စေရေးအတွက် နည်းပညာပိုင်း ပံ့ပိုးကူညီပေးမှုများနှင့် ရေလုံလောက်စွာရရှိရေးတို့အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ တိုင်းဒေသကြီးအတွင်း သဘာဝဘေးဒဏ်အန္တရာယ်ကာကွယ်နိုင်ရန် ဒီရေတောထိန်းသိမ်းမှုနှင့် တိုးချဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မွေးမြူရေးလုပ်ငန်းများ၊ ငါးလုပ်ငန်းများ အောင်မြင်စေရန် ဆောင်ရွက်သွားမည့် အခြေအနေများ၊ တိုင်းဒေသကြီးအတွင်း သားငါး ဖူလုံစွာရရှိရေးနှင့် ပြည်သူတို့အတွက် ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရေးတို့အတွက် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများ၊ စက်သုံးဆီဈေး တည်ငြိမ်လျှော့ချရေးအတွက် ဈေးနှုန်းထိန်းချုပ်နိုင်ရန် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

### နိုင်ငံတကာအဆင့်မီ စက်မှုဇုန်များပေါ်ထွန်းလာရေး

လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် နေ့စဉ်သုံးစွဲနေမှု အခြေအနေများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနေမှုအခြေအနေများနှင့် ကျေးရွာမီးလင်းရေးနှင့် လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေများ၊ သဘာဝဓာတ်ငွေ့အရောင်းဆိုင်ကြီးများနှင့် အဓိကအရေးပါသည့် နေရာများကို လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေး အတွက် အလေးထားဆောင်ရွက်နေမှုများ၊ ဒဂုံမြို့သစ် လေးမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့တွင် လမ်းမီးရရှိရေးဆောင်ရွက်နေမှုများနှင့် နိုင်ငံတကာအဆင့်မီ စက်မှုဇုန်များပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် သွားလာမှုလွယ်ကူစေရေးအတွက် ကြိုးကြပ်စီစဉ်ဆောင်ရွက်နေမှုအခြေအနေများ၊ စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ်စီးနင်းခြင်းများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မှုများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ရန်ကုန်မြို့တော်ဝန်ကိုယ်စား ဒုတိယမြို့တော်ဝန် ဦးစိုးလွင်က ရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ လူကူးခုံးကျော်တံတားနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုများ၊ တန်ဖိုးလျော့ တန်ဖိုးမျှအိမ်ရာစီမံကိန်းတည်ဆောက်မှုအခြေအနေများ၊ ပြည်သူများအပန်းဖြေနိုင်ရန် ပန်းခြံများနှင့် အားကစားကွင်းများ မွမ်းမံပြင်ဆင်ခဲ့မှုများနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် သာယာလှပရေးဆောင်ရွက်မှုအခြေအနေများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်းကာ အမှိုက်ကင်းစင်ရေးနှင့် သန့်ရှင်းရေးဆောင်ရွက်မှုအခြေအနေများ၊ အထပ်နိမ့်၊ အထပ်မြင့်အဆောက်အဦများ ခွင့်ပြုခဲ့မှုများ၊ အခွန်အခကောက်ခံမှုများနှင့် ဝင်ငွေရရှိခဲ့မှု အခြေအနေများ၊ မြို့ရေပေးရေးစီမံကိန်းများ၊ တိုးတက်လာသော လူဦးရေနှင့်အညီ သောက်သုံးရေမရရှိသေးသောနေရာများအား သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ ရေပေးဝေရေးနှင့် အဝီစိတွင်း တူးဖော်မှုအခြေအနေများ၊ ရေကြီးရေလျှံမှုမဖြစ်ပွားစေရန်နှင့် မြို့တွင်းခြောက်မြို့နယ် ရေကြီးရေလျှံမှုလျှော့ချရေးတို့အတွက် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

### ကျောင်းများတွင် စာကြည့်တိုက်များတိုးချဲ့ဖွင့်လှစ်

လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက တိုင်းဒေသကြီးအတွင်း ပညာရေးနှင့်ပတ်သက်သည့် ဆောင်ရွက်မှုများ၊ အခြေခံပညာကျောင်းများတွင် စာကြည့်တိုက်များတိုးချဲ့ဖွင့်လှစ်မှုများနှင့် ကျောင်းသား ကျောင်းသူများအတွက် အသိပညာပေးဟောပြောပွဲကျင်းပမှုများ၊ တိုင်းဒေသကြီးအတွင်း သာသနာရေးနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များ၊ အားကစားပြိုင်ပွဲများ ကျင်းပမှုနှင့် ဘတ်ဂျက်သုံးစွဲမှုအခြေအနေများ၊ သဘာဝဘေးဒဏ်ဖြစ်ပေါ်မှုအခြေအနေများကြောင့် ထောက်ပံ့ပေးခဲ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက တိုင်းဒေသကြီးအတွင်း ကရင်စာပေသင်ကြားရေးနှင့် ကရင်စာပေသင်ကြားပေးသည့် ဆရာ ဆရာမများ မွေးထုတ်ပေးနေမှုအခြေအနေများ၊ တိုင်းရင်းသားစာပေတည်တံ့စေရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပနိုင်ခဲ့မှုများ၊ အခြားသော တိုင်းရင်းသားရေးရာကိစ္စများ ဆောင်ရွက်ပေးမှုအခြေအနေများ၊ ဟိုတယ်၊ တည်းခိုရိပ်သာ လိုင်စင်ထုတ်ပေးမှုနှင့် သက်တမ်းတိုးပေးမှုအခြေအနေများ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ ခရီးလှည့်လည်ရေးလိုင်စင်ထုတ်ပေးမှု၊ သက်တမ်းတိုးပေးမှုအခြေအနေများနှင့် တိုးတက်လာမှု အခြေအနေများ ၊ ဟိုတယ်၊ တည်းခိုရိပ်သာ အငြင်းပွားမှုများနှင့် အမှုဖြစ်ပွားမှုအခြေအနေများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြန်ကြားရေးတာဝန် ဆောင်ရွက်ခဲ့မှုများနှင့် စာကြည့်တိုက်ဥပဒေ ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်မှုများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် တိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

### အလုပ်ရှင် အလုပ်သမားအငြင်းပွားမှု ဖြေရှင်းဆောင်ရွက်ပေးခဲ့

ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က ရခိုင်စာပေ၊ ရခိုင်သမိုင်း၊ ယဉ်ကျေးမှုခိုင်မာပြန့်ပွားစေရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ဦးတည်၍ ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ အလုပ်ရှင် အလုပ်သမား အငြင်းပွားမှု အခြေအနေများနှင့် ဖြေရှင်းဆောင်ရွက်ပေးခဲ့မှုများ၊ အလုပ်ရှင်မှ အလုပ်သမားများအား လျော်ကြေးပေးဆောင်ခဲ့မှုများနှင့် တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ပေးနိုင်ခဲ့မှုများ၊ အခြားသော တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှုရေးရာကိစ္စများ ဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယနေ့ရှင်းလင်းပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်း-ဝင်းဝင်းမော်၊ ဇော်ကြီး၊ ဓာတ်ပုံ-ရဲထွဋ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အောင်မြေသာ စံပြကျေးရွာနေပြည်သူများ တွေ့ဆုံ

**မြစ်ကြီးနား ဇွန် ၅**

အောင်မြေသာ စံပြကျေးရွာနေ ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အင်ခိုင်ဘွမ်ခန်းမ ဆောင်၌ ဒေသခံများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကျေးရွာအတွင်း လိုအပ်ချက်များနှင့် ပတ်သက်၍ ရပ်မိရပ်ဖ ဒေါ်ကိုင်ရာက မြစ်ကြီးနား-ဆွမ်ပရာဘွမ် လမ်းမကြီးမှတစ်ဆင့် အမက၊ အထက ကျောင်းနှင့် လီဆူဘုရားကျောင်းများသို့ ဖြတ်သန်း၍ အောင်မြေသာ အပန်းဖြေစခန်းသွား ကျောက်ခင်းလမ်းကို ကတ္တရာခင်းကျင်းပေးနိုင်ရေး၊ ၎င်းတို့၏ မူလနေရပ် မြစ်ဆုံ၊ တန်ဖဲ၊ ပဒန်ကျေးရွာများတွင် မိသားစုများ၏ မြေယာပိုင်ဆိုင်မှု အထောက်အထားရရှိရေး၊ အထက ကျောင်းတွင် ဆရာ ဆရာမများအတွက် ဝန်ထမ်း နေအိမ်တစ်လုံး ဆောက်လုပ်ပေးရေး၊ စာရေးတစ်ဦးနှင့် ကာယနည်းပြဆရာတစ်ဦး ခန့်ထားပေးနိုင်ရေး၊ ကျေးလက်ကျန်းမာရေးစခန်းဖွင့်လှစ်ပေးရေးနှင့် ကျေးရွာသုသာန်မြေရရှိရေးတို့ကို တင်ပြသည်။

ကျေးရွာသူ/သားများက ပြည်နယ်ဝန်ကြီးချုပ်ထံ ကချင်ရိုးရာ မဂ္ဂန်းရှုလစ်ဖြင့် ဂုဏ်ပြုပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံယူပြီး ကျေးရွာအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းကို ထောက်ပံ့ပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးပြီး အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ကျေးရွာအတွက် ထောက်ပံ့ငွေပေးအပ်စဉ်။

# နမ့်စန်-မိုးနဲ-တာဆန်း-မိုင်းတုံ-မိုင်းဆတ်ကားလမ်း ရာသီမရွေးသွားလာနိုင်ရန် ပြုပြင်

**ရန်ကုန် ဇွန် ၅**

နမ့်စန်-မိုးနဲ-တာဆန်း-မိုင်းတုံ-မိုင်းဆတ်ကားလမ်းသည် ကီလိုမီတာအားဖြင့် ၁၁၅ ဒသမ ၅၇၁ ကီလိုမီတာရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ဆက်သွယ်သောလမ်းဖြစ်သည်။ လမ်းပိုင်းဆိုင်ရာစီမံခန့်ခွဲမှုကိုလည်း ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသည်။

တာဆန်း - မိုင်းတုံ - မိုင်းဆတ်အပိုင်း ၇၁ မိုင် ၆ ဖာလုံကို ယခင်က လမ်းတည်ဆောက်ရေးအဖွဲ့(၁) နှင့် လမ်းအထူးအဖွဲ့(၃)က ၃၁ မိုင် ၇ ဖာလုံကို တာဝန်ယူပြီး ၃၉ မိုင် ၇ ဖာလုံကို မိုင်းဆတ်ခရိုင်က ဆောင်ရွက်ခဲ့သည်။ ယင်းသို့ တာဝန်ယူဆောင်ရွက်နေစဉ် ၎င်းလမ်းကို ၁၉၅၁ ခုနှစ်တွင် ရန်ကြီးအောင်စစ်ဆင်ရေးနှင့်အတူ ဗမာ့သေနတ်ကိုင်တပ်ရင်း (၁)မှ ဦးဆောင်စတင်ပြီး အသုံးပြုသော လမ်းဖြစ်သည်။

အဆိုပါလမ်းသည် ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့်တောင်ပိုင်းကို ဆက်သွယ်ထားသောလမ်းတစ်လမ်းဖြစ်ပြီး လမ်းကို ၁၉၉၁-၁၉၉၂ ခုနှစ်တွင် ကျောက်ရောမြေအမာခံလမ်းအဖြစ် BME ထိုင်းကုမ္ပဏီက ဆောင်ရွက်ခဲ့သည်။ ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ဆက်လက် ဆောင်ရွက်ခဲ့ပြီး ၂၀၀၀ - ၂၀၀၁ ခုနှစ်တွင် ဟုန်ပန်းကုမ္ပဏီက ဆက်လက် တာဝန်ယူဆောင်ရွက်ခဲ့သည်။

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို နယ်မြေခံတပ်မှ ဆက်လက်တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၂-၉-၂၀၁၀ ရက်တွင် နယ်မြေခံမှ မိုင်းဆတ်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ပထဝီအနေအထားအရ One Side Cutting (တောင်ပေါ်ပိုင်းဖြစ်ပြီး) ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ပေ ၁၄၄ ဒသမ ၈၀ မီတာမှ ၅၆၅၄ မီတာ ကျော် အတွင်း တောင်တန်းများကို ဖြတ်သန်းဖောက်လုပ်ထားသော လမ်းဖြစ်သည်။

၂-၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ယခုအခါ ကတ္တရာလမ်း၊ ကျောက်လမ်းအမာခံလမ်း၊ မြေလမ်းဟူ၍ တည်ရှိပြီးရာသီမရွေးသွားလာနိုင်သောလမ်းဖြစ်နေပြီဟု သိရသည်။

**ခရမ်းစိုးမြင့်**



နမ့်စန်-မိုးနဲ-တာဆန်း-မိုင်းတုံ-မိုင်းဆတ်ကားလမ်း တစ်နေရာကို တွေ့ရစဉ်။

# ဂျပန် - မြန်မာချစ်ကြည်ရေး ဓာတ်ပုံပြိုင်ပွဲ မြန်မာပထမဆုရရှိ

**မန္တလေး ဇွန် ၅**

၂၀၁၉ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် ဂျပန် - မြန်မာ ချစ်ကြည်ရေးဓာတ်ပုံပွဲတော် ဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်ခဲ့ရာ မြန်မာနိုင်ငံမှ ဓာတ်ပုံဆရာများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပထမဆု (ဂျပန်ယန်းတစ်သိန်း) ကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့မှ ကိုဌေးလွင် (နှင်းဝတ်ရည်)က ဆွတ်ခူးရရှိခဲ့သည်။ ကိုဌေးလွင်၏ ဆုရဓာတ်ပုံမှာ စစ်ကိုင်းမြို့ ကောင်းမှုတော်စေတီထုံးသင်္ကန်းကပ်လှူအပြီး အနေကဇာတင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲတွင် ရိုက်ကူးထားခြင်းဖြစ်သည်။ ထို့အပြင် ရွေးချယ်ရေးကော်မတီ၏ အထူးဆုကို မင်းချမ်းစိုး၊ ဂျပန်ဝန်ကြီးချုပ်၏ ဇနီး အထူးဆုကို ဌေးဝင်း (ရမ္မာဝတီ)၊ မြန်မာသံအမတ်ကြီး၏ အထူးဆုကို သီဟဇော်၊ ကော်မတီဥက္ကဋ္ဌ၏အထူးဆုကို ခင်မေစု၊ မျိုးသက်တို့က ရရှိပြီး အထူးဆုများကို မျိုးကိုကိုအောင်၊ နီလာဝင်း၊ ကျော်နိုင်လင်း၊ ဇော်ဟိန်း၊ ချမ်းသာ၊ အောင်သူ၊ ဇော်ဇော်ဝေ၊ ဇော်ဇော်ကောင်းစံနှင့် အာကာထွန်းကျော်တို့က ရရှိကြသည်။



ပထမဆုရရှိသူ ကိုဌေးလွင်ကိုယ်စား မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌက လက်ခံရယူစဉ်။

အခမ်းအနားကို မေ ၂၅ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပပြီး ဂျပန်ဝန်ကြီးချုပ်၏ ဇနီး အာကီအဲအာဘဲဆန် ဦးဆောင်၍ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါအခမ်း အနားသို့ မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ကျော်ကျော်ဝင်းနှင့် ကိုဇော်မင်း (G.T.S) တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ကျော်ထွန်း (ပုသိမ်ကြီး)**

## မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ဆွေးနွေး

**ဂန့်ဂေါ ဇွန် ၅** - မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ များ ဆွေးနွေးပွဲကို ဇွန် ၃ ရက်က ဂန့်ဂေါမြို့တွင် လူထုအခြေပြုဗဟိုဌာနအဖြစ် ဖွင့်လှစ်ထားရှိသည့် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ခရိုင်ဥပဒေအရာရှိ ဦးကျော်ကျော်လင်းက မူးယစ်ဆေးဝါး ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်၍လည်းကောင်း၊ ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးခင်မောင်လှိုင်က ဆောင်ရွက်ထားသည့်လုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန် / ဆက်)**

# ခမီတိုင်းရင်းသားများထံ လယ်ယာသုံးအထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်

**ဘူးသီးတောင် ဇွန် ၅**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် မြောက်ချောင်းကျေးရွာနေ ခမီတိုင်းရင်းသားများကို လက်တွန်းထွန်စက် တစ်စီးနှင့် တွဲဖက်အသုံးပြုနိုင်သော ထွန် / ထယ်ကိရိယာအပြည့်အစုံ လွှဲပြောင်းပေးအပ်ပွဲကို မေလနောက်ဆုံးပတ်က အဆိုပါကျေးရွာ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ပြည်နယ်စက်မှုလယ်ယာဦးစီးမှူး ဦးတင်မောင်ကြည်က ဒေသခံတိုင်းရင်းသားများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

လယ်ယာလုပ်ငန်းတွင် ထွန်ယက်ရေးဆောင်ရွက်ရန် အခက်အခဲဖြစ်ပေါ်နေသဖြင့် လက်တွန်းထွန်စက် တစ်စီး ပံ့ပိုးကူညီပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ တင်ပြလာသဖြင့် ဝန်ကြီးဌာနက လက်တွန်းထွန်စက် တစ်စီးနှင့် တွဲဖက်အသုံးပြုနိုင်သောထွန် / ထယ်ကိရိယာအပြည့်အစုံကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက်အဆိုပါ လက်တွန်းထွန်စက် မောင်းနှင်ထိန်းသိမ်းမှုသင်တန်းကိုပါ တစ်ပါတည်း ပို့ချပေးခဲ့ကြောင်း သိရသည်။

**မေမိုးသဲ**



စက်မောင်းနှင်ထိန်းသိမ်းနည်းများကို လက်တွေ့သင်ကြားပေးစဉ်။

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၅-၆-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၃၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၃၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၅/၉၆၅ ကျပ် | ၉၆၀/၉၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၅/၉၇၅ ကျပ် | ၉၇၀/၁၀၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၀၀/၉၆၅ ကျပ် | ၈၉၀/၉၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၈၀/၉၅၀ ကျပ် | ၉၈၀/၁၀၀၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၆ ・ ၆ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၂၁ ・ ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၉ ・ ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၄၁ ・ ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၀ ・ ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၈ ・ ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၀ ・ ၉၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၀၃၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၉ ・ ၅၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ ・ ၇၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၇၀၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **စာတည်းမှူး** | - စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - မြင့်ဆွေ |
| **စာတည်းများ** | - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကမ္ဘာ့လျှပ်စစ်ကားလောကကို ဂျယ်ဂျူကျွန်းမှမျှော်ကြည့်ခြင်း (အပိုင်း-၁)

## သိပ္ပံစာရေးဆရာကိုကိုအောင်

တောင်ကိုရီးယားနိုင်ငံ ဂျယ်ဂျူကျွန်း၌ ကျင်းပပြုလုပ်မည့် Global Electric Vehicle Association Network (GEAN) Forum သို့ တက်ရောက်ရန်နှင့် The 6th International Electric Vehicle Expo (IEVE) သို့ တက်ရောက်လေ့လာရန် ဖိတ်ကြားချက်အရ ၂၀၁၉ ခုနှစ်၊ မေလ ၅ ရက် ည ၁၁း၃၀ နာရီက ရန်ကုန်မြို့ မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Korean Airline ဖြင့် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ဆီသို့ စတင်ထွက်ခွာခဲ့သည်။ မိမိနှင့်အတူ ဖိတ်ကြားခံရသူ နောက်တစ်ဦးမှာ ပါမောက္ခချုပ် ဒေါက်တာ စောစန္ဒာအေးပင် ဖြစ်သည်။ မိမိက မော်တော်ယာဉ်ထုတ်လုပ်သုံးစွဲမှုဆိုင်ရာ ပညာရှင်များအသင်း (မြန်မာနိုင်ငံ) [ Automotive Industrial Professionals' Association (AIPA)] ၏ ဥက္ကဋ္ဌဖြစ်ပြီး၊ ဒေါက်တာစောစန္ဒာအေးက သတင်းအချက်အလက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (University of Information Technology - UIT) ၏ ပါမောက္ခချုပ်ဖြစ်သည်။

နှစ်ဦးစလုံးမှာ ကမ္ဘာလုံးဆိုင်ရာ လျှပ်စစ်ကားအသင်းကွန်ရက် [ Global Electric Vehicle Association Network (GEAN)] ၏ National Member များ ဖြစ်ကြသည်။ မိမိက မော်တော်ယာဉ်အင်ဂျင်နီယာ ပညာရှင်ဖြစ်သလို ဒေါက်တာစောစန္ဒာအေးကလည်း သတင်းအချက်အလက်နည်းပညာဆိုင်ရာ ပညာရှင်ဖြစ်သည်။ မိမိတို့နှစ်ဦးစလုံး မေလ ၅ ရက် ညပိုင်း၌ ရန်ကုန်မြို့မှ ထွက်ခွာခဲ့ကြရာ မေလ ၆ ရက် တောင်ကိုးရီးယားနိုင်ငံ ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၂၀ ၌ ဆိုးလ်မြို့ Incheon အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ချောမောစွာ ရောက်ရှိကြသည်။ Incheon လေဆိပ်၌ Korea Engineers Alliance အတွင်းရေးမှူးချုပ်ဖြစ်သူ Mr. Seung Ryun Woo က စီစဉ်စေလွှတ်ပေးသော ပုဂ္ဂိုလ်တစ်ဦးက အသင့်လာရောက် ကြိုဆိုပြီး ဆိုးလ်မြို့ပြည်တွင်းလေဆိပ်ဖြစ်သော Gimpo လေဆိပ်သို့ ပို့ဆောင်ပေးရာ ဒေသစံတော်ချိန် နံနက် ၉ နာရီခန့်တွင် ရောက်ရှိကြသည်။

Gimpo လေဆိပ်၌ နှစ်နာရီကျော် စောင့်ဆိုင်းပြီးနောက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀ ၌ Korean Airline ဖြင့်ပင် ဂျယ်ဂျူကျွန်းဆီသို့ ပျံသန်းထွက်ခွာခဲ့ကြသည်။ ဂျယ်ဂျူ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်တွင် ရောက်ရှိရာ Mr. Woo က ကြိုတင်စီစဉ် ပေးထားသော ကားနှင့်အတူ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့က ဂျယ်ဂျူလေဆိပ်၌ အသင့်ရောက်ရှိကြိုဆိုနေကြသည်။ ၎င်းကားဖြင့် လေဆိပ်မှ ထွက်ခွာခဲ့ကြရာ ခေတ္တတည်းခိုနေထိုင်မည့် Jeju Shinhwa World Landing Resort ဟိုတယ်သို့ မွန်းလွဲနှစ်နာရီ၌ ရောက်ရှိကြသည်။

ဟိုတယ်၌ GEAN Forum နှင့် IEVE သို့ တက်ရောက်ရန် ရောက်ရှိလာကြသော နိုင်ငံတကာမှ ကိုယ်စားလှယ်များကို လိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက်ပေးရန်အတွက် ဧည့်ကြိုကောင်တာ တစ်ခု သီးသန့် ဖွင့်လှစ်ပေးထားသည်ကို တွေ့ရှိရသည်။ အထူးဧည့်ကြိုကောင်တာမှ ဝန်ထမ်းများက ခရီးဦးကြိုဆိုကြပြီး မိမိတို့အဖွဲ့နှင့်အတူ အခြားသော နိုင်ငံတကာမှ ကိုယ်စားလှယ်အဖွဲ့များကို ဟိုတယ်၌ စနစ်တကျ နေရာချထား စီစဉ်ဆောင်ရွက်ပေးကြသည်။ ဤသို့ဖြင့် လမ်းခရီးတစ်လျှောက်လုံး အိပ်ရေးပျက်ပြီး ပင်ပန်းခဲ့သမျှအတွက် ခေတ္တအနားယူ အိပ်စက်ခွင့်ရလိုက်သည်။

ဒေသစံတော်ချိန် ညနေ ၆ နာရီ၌ Jeju Shinhwa World Landing Resort ဟိုတယ် မြေညီထပ်ရှိ ကိုရီးယားရိုးရာ စားသောက်ဆိုင်၌ Korea Engineers Alliance ၏ အတွင်းရေးမှူးချုပ် Mr. Seung Ryun Woo နှင့် လက်ထောက်ဖြစ်သူ Ms. Lim တို့က တည်ခင်းဧည့်ခံသော ကိုရီးယားရိုးရာညစာကို သုံးဆောင်ရင်း ခင်မင် ရင်းနှီးနွေးထွေးစွာ စကားပြောဖြစ်ကြသည်။ Jeju Shinhwa World Landing Resort သည် အလွန်ကြီးမား ကျယ်ပြန့်သော ကြယ်ခုနစ်ပွင့်အဆင့်ရှိ ရောမဟိုတယ်ကြီးဖြစ်ပြီး၊ ဟိုတယ်အတွင်း တစ်နေရာမှ အခြားတစ်နေရာဆီသို့ မြေပုံအညွှန်းများကိုကြည့်ပြီး သွားလာမှသာလျှင် ရှောရှောရှူရှူ အဆင်ပြေနိုင်သည်။ Conference Hall များ၊ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ မီနီမတ်များ၊ Entertainment Booth များ၊ Amusement Park များ၊ Casino ရုံများ၊ Cosmetic Counter များ၊ Bags Collection Counter များ၊ Meeting & Discussion Booth များ စသည်ဖြင့် လိုလေသေးမရှိ ပြည့်ပြည့်စုံစုံ စီစဉ်ထားရှိ ပေးထားသောကြောင့် မြို့ငယ်လေးတစ်မြို့ကဲ့သို့ပင် ဖြစ်တော့သည်။ ထို့ပြင် သက်တမ်းနှစ်နှစ်မျှသာ ရှိသေးသည့် အသစ်စက်စက် ဟိုတယ် အုပ်စုကြီးတစ်ခုလည်း ဖြစ်သည်။

ဒေသစံတော်ချိန် ည ၉ နာရီခွဲခန့်တွင်မူ Global Electric Vehicle Association Network (GEAN) ၏ ဥက္ကဋ္ဌကြီး Mr. Kim Dae Hwan နှင့်အတူ မိမိတို့အပါအဝင် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များက ဟိုတယ်မြေညီထပ်ရှိ Star Bucks ကော်ဖီဆိုင်၌ ကော်ဖီသောက်ရင်း ခင်မင်ရင်းနှီးစွာဖြင့် ပဏာမတွေ့ဆုံ ဆွေးနွေးကြသည်။ တစ်နိုင်ငံချင်း၊ တစ်ဦးတစ်ယောက်ချင်းစီတို့၏ အတွေ့အကြုံများကို ဖလှယ်ကြသည်။အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ပွင့်လင်းစွာ ဆွေးနွေးကြသည်။ အပြန်အလှန် အကူအညီပေးရေး၊ အပြန်အလှန် အားပြုလုပ်ဆောင်သွားရေး ကိစ္စရပ်များလည်း ပါဝင်သည်။ ည ၁၁ နာရီခွဲခန့်တွင် ပဏာမတွေ့ဆုံပွဲလေးမှာ ပျော်ရွှင်ကြည်နူးဖွယ်အတိဖြင့် ပြီးဆုံးသွားခဲ့သည်။

နောက်တစ်နေ့ မေလ ၇ ရက်၊ နံနက် ၈ နာရီတွင် ဟိုတယ်စားသောက်ခန်းမကြီး၌ အာဆီယံ နိုင်ငံများမှ National Member ကိုယ်စားလှယ်များမှာ တစုတဝေးတည်း၊ နံနက်စာသုံးဆောင်ရင်း ခင်မင်ရင်းနှီးစွာ စကားစမြည် ပြောဖြစ်ကြပြန်သည်။ အမျိုးအမည်စုံလင်လှသော နံနက်စာ သုံးဆောင်စရာများကို စားသောက်ရင်း တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပိုမိုခင်မင် ရင်းနှီးကျွမ်းဝင်လာကြသည်။ Forum ၌ ဆွေးနွေးမည့် အဓိက အကြောင်းအရာများအပေါ်၌ အထူးအလေးထားကာ ဆွေးနွေးပြောဆိုဖြစ်ကြသည်။




**Global EV Association Network Forum သို့တက်ရောက်လာကြသော နိုင်ငံတကာမှ ကိုယ်စားလှယ်များ**

တောင်ကိုရီးယား ဒေသစံတော်ချိန် နံနက် ၁၀ နာရီ၌ Jeju Shinhwa World ဟိုတယ်၌ Landing Ballroom A ၊ Landing Convention Center ၌ နံနက်ပိုင်းအစီအစဉ်အဖြစ် GEAN General Meeting ကို စတင်ကျင်းပသည်။ မိမိတို့အပါအဝင် GEAN အဖွဲ့ဝင် တစ်ရာခန့်နှင့်အတူ ဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တော်ကြီးများ၊ လျှပ်စစ်ကားကုမ္ပဏီနှင့် ဆက်စပ်ပစ္စည်းထုတ်လုပ်သော ကုမ္ပဏီကြီးများမှ ဖိတ်ကြားထားသူများ စုံညီစွာ တက်ရောက်ကြသည်။ ကိုရီးယားနှင့်အင်္ဂလိပ် ဘာသာစကားနှစ်မျိုးဖြင့် ဘာသာပြန်ပေးသောကြောင့် အစည်းအဝေးတက်ရသည်မှာ အဆင်ပြေလှသည်။

ဦးစွာ တက်ရောက်လာကြသော အာဆီယံနိုင်ငံ ကိုယ်စားလှယ်အဖွဲ့များက မိတ်ဆက်စကား ပြောကြားပြီးနောက် GEAN ဥက္ကဋ္ဌကြီး Mr. Kim Dae Hwan က ဦးဆောင်ကာ အစည်းအဝေးကို စတင်ကျင်းပသည်။ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၅၀ ၌ Coffee Break ခေတ္တရပ်နားသည်။ နံနက် ၁၁ နာရီ၌ GEAN Forum ကို စတင်ကျင်းပရာ International Electric Vehicle Expo (IEVE) ၏ စီမံရေးကော်မတီဥက္ကဋ္ဌ Mr. Park Jong-woo က Moderator အဖြစ် ဆောင်ရွက်သည်။ ကိုရီးယား သမ္မတနိုင်ငံ Samsung SDI ၏ အမှုဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌ Mr. Kim Jeong Wook က Driving Force for Auto 2.0 နှင့် ပတ်သက်၍လည်းကောင်း၊ Bloomberg NEF မှ Mr. Ali Izadi က Future of Mobility & the Role of Electric Vehicle နှင့် ပတ်သက်၍လည်းကောင်း Keynote Speech များကို ပြောကြားကြသည်။

မွန်းတည့် ၁၂ နာရီတွင် အမေးအဖြေကဏ္ဍကို ပြုလုပ်ပြီး ၁၂ နာရီ မိနစ် ၂၀ ၌ Forum ကို ရုပ်သိမ်းကာ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြသည်။ မွန်းလွဲ ၁၂ နာရီခွဲ၌ GEAN Welcome Luncheon ကို Landing Ballroom C ၌ ပြုလုပ်ရာ အထူးနေ့လယ်စာကို သုံးဆောင်ရင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ ခင်မင်ရင်းနှီးစွာ စကားစမြည် ပြောဖြစ်ကြသည်။ အရသာထူးကဲလှသော စားသောက်ဖွယ်ရာများကို အေးချမ်းပျော်ရွှင်စွာ သုံးဆောင်ကြသည်။

ဒေသစံတော်ချိန် မွန်းလွဲနှစ်နာရီတွင် The 2nd ASEAN 10 Countries EV Forum ကို စတင်ကျင်းပရာ အာရှဖွံ့ဖြိုးရေးဘဏ်၏ အတိုင်ပင်ခံ Mr. Kim Jung Hwan က Moderator အဖြစ် ဆောင်ရွက်သည်။ GEAN ဥက္ကဋ္ဌကြီး Mr. Kim Dae Hwan က အဖွင့်အမှာစကား ပြောကြားပြီး Hyundai Motor ၏ ဒုတိယဥက္ကဋ္ဌ Mr. Lim Jeong Hwan နှင့် KAIST ၏ ပါမောက္ခ Mr. Kim Je Woo တို့က Keynote Speech များ ပြောကြားကြသည်။ ဆက်လက်၍ ဖိလစ်ပိုင်နိုင်ငံ လျှပ်စစ်ကားအသင်းဥက္ကဋ္ဌက ဖိလစ်ပိုင်နိုင်ငံ၏ လျှပ်စစ်ကား ထုတ်လုပ်သုံးစွဲနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် Coffee Break ရပ်နားသည်။

ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင် Forum ကို ပြန်လည်ကျင်းပရာ ထိုင်းလျှပ်စစ်ကားအသင်းဥက္ကဋ္ဌက ထိုင်းနိုင်ငံအတွင်း လျှပ်စစ်ကားဆိုင်ရာ နည်းပညာများ အဆင့်မြှင့်တင်နေမှု အခြေအနေများကိုလည်းကောင်း၊ Edison Motors Co., Ltd ဥက္ကဋ္ဌက သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သော လျှပ်စစ်ကားများအဖြစ် ပြောင်းလဲခြင်းဆိုင်ရာများကိုလည်းကောင်း၊ ဗီယက်နမ်နိုင်ငံ လျှပ်စစ်ကားအသင်း ဖွဲ့စည်းဖြစ်မြောက်ရေး အဖွဲ့ဝင်များက ဗီယက်နမ်နိုင်ငံ၏ လျှပ်စစ်ကားသုံးစွဲမှု တိုးတက်မြင့်မားရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် Panel Discussion ကို ဆက်လက်ကျင်းပရာ အာရှဖွံ့ဖြိုးရေးဘဏ်၏ အတိုင်ပင်ခံ Mr. Kim Jung Hwan က Moderator အဖြစ် ဆောင်ရွက်ပြီး Automotive Specialist Mr. Frank Steinleitner၊ အင်ဒိုနီးရှားနိုင်ငံ လျှပ်စစ်ကားကွန်ရက်ဥက္ကဋ္ဌ Mr. Muljowidodo Kartidjo နှင့် Speaker များက ဆွေးနွေးကြသည်။ ယင်းနောက် မိမိတို့မြန်မာကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံအတွင်း၌ လျှပ်စစ်ကားများ တင်သွင်းသုံးစွဲနေမှု အခြေအနေ၊ SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်နေမှု အခြေအနေများ၊ ထုတ်လုပ်သုံးစွဲရန် ရည်မှန်းထားမှုများ၊ တပ်ဆင်ထုတ်လုပ်ပြီးနောက် ပြည်ပဈေးကွက်သို့ တင်ပို့ရေးဆိုင်ရာ ရည်မှန်း လုပ်ဆောင်နေမှုများကို ရှင်းလင်းတင်ပြရာ Forum သို့ တက်ရောက်လာသူများက ကြိုဆိုအားပေး ထောက်ခံကြသည်။

ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် Forum နိဂုံးချုပ်မိန့်ခွန်း ပြောကြားမှုနှင့်အတူ Forum သို့ တက်ရောက်လာသူများ စုပေါင်းကာ အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။ ညနေ ၆ နာရီခွဲတွင် Landing Ballroom C ၌ GEAN Welcome Banquet ကို ပြုလုပ်ရာ ညစာသုံးဆောင်ရင်း တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ ခင်မင်ရင်းနှီး နွေးထွေးစွာ စကားစမြည် ပြောဖြစ်ကြသည်။ ဤသို့ဖြင့် Global EV Associaton Network ၏ General Meeting၊ GEAN Forum နှင့် The 2nd ASEAN 10 Countries EV Forum များမှာ အောင်မြင် ချောမွေ့စွာ ပြီးဆုံးခဲ့လေတော့သည်။

နောက်တစ်နေ့ မေလ ၈ ရက် နံနက်တွင် Jeju Shinhwa World Landing Resort ဟိုတယ်၌ နံနက်စာသုံးဆောင်အပြီး ဒေသစံတော်ချိန် ၉ နာရီခွဲခန့်တွင် Korea Engineers Alliance ၏ အတွင်းရေးမှူးချုပ် Mr. Seung Ryun Woo နှင့် လက်ထောက်ဖြစ်သူ Ms. Lim တို့က လာရောက်ကြိုဆိုသဖြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဖြစ်သော မိမိနှင့် ဒေါက်တာစောစန္ဒာအေးတို့ နှစ်ဦးမှာ IEVE ပြပွဲခန်းမရှိရာ Jeju International Convention Center သို့ Ms. Lim ၏ ကားဖြင့် အတူတကွ သွားရောက်ကြသည်။

တောင်ကိုရီးယား ဒေသစံတော်ချိန် မွန်းလွဲနှစ်နာရီတွင် International Electric Vehicle Expo (IEVE) ဖွင့်ပွဲပြုလုပ်မည့် Jeju-ICC မြေညီထပ်၊ မြေအောက်ထပ်နှင့် ပထမထပ်များ၌ ပြခန်းများနှင့်အတူ လျှပ်စစ်ကားများ၊ လျှပ်စစ်ဆိုင်ကယ်များ အားလုံးတို့က သပ်ရပ်လှပစွာဖြင့် အသင့်အနေအထား ဖြစ်နေကြသည်။ မြန်မာ ကိုယ်စားလှယ် အဖွဲ့အနေဖြင့် ကြိုတင်ချိန်းဆိုထားချက်နှင့်အညီ တောင်ကိုးရီးယားနိုင်ငံ၏ လျှပ်စစ်ကားသုံး မော်တာမျိုးစုံနှင့် စက်ရုပ်လေယာဉ် (Drone) သုံး မော်တာများကို အကြီးအကျယ် ထုတ်လုပ် ရောင်းချနေသော NMC (KO) ကုမ္ပဏီနှင့် တွေ့ဆုံဆွေးနွေးရန် ရှိသောကြောင့် ယခုကဲ့သို့ ကြိုတင်ရောက်ရှိအောင် သွားကြရခြင်း ဖြစ်သည်။

တွေ့ဆုံဆွေးနွေးမည့် Booth သို့အရောက်တွင် ပြပွဲတာဝန်ရှိသူတစ်ဦးက လှိုက်လှဲပျူငှာစွာ ခရီးဦးကြို ပြုပြီး IEVE ပြပွဲ အထိမ်းအမှတ်အဖြစ် မိမိက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသော မော်တော်ယာဉ် ထုတ်လုပ်သုံးစွဲမှုဆိုင်ရာ ပညာရှင်များအသင်း(မြန်မာနိုင်ငံ) (Automotive Industrial Professionals' Association - AIPA) အမည်ဖြင့် တံဆိပ်ပြား(Signet)တစ်ခုကို ပေးအပ်ချီးမြှင့်ရာ မိမိနှင့် ဒေါက်တာစောစန္ဒာအေးတို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် မိမိတို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် နှစ်ဦးနှင့် NMC (KO) ကုမ္ပဏီတာဝန်ခံတို့ တွေ့ဆုံဆွေးနွေးကြသည်။ ။

**"မြန်မာကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံအတွင်း၌ လျှပ်စစ်ကားများ တင်သွင်းသုံးစွဲနေမှုအခြေအနေ၊ SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်နေမှု အခြေအနေများ၊ ထုတ်လုပ်သုံးစွဲရန် ရည်မှန်းထားမှုများ၊ တပ်ဆင်ထုတ်လုပ်ပြီးနောက် ပြည်ပဈေးကွက်သို့တင်ပို့ရေးဆိုင်ရာ ရည်မှန်းလုပ်ဆောင်နေမှုများကို ရှင်းလင်းတင်ပြရာ Forum သို့ တက်ရောက်လာသူများက ကြိုဆိုအားပေး ထောက်ခံကြ"**



## ရဟန်း ၁၅ ပါးနှင့် ရှင် ၁၀၈ ပါး ရှင်ပြုအလှူတော်မင်္ဂလာကျင်းပ

**မကွေး ဇွန် ၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့ မဟာဝိသုတာရာမစာသင်တိုက်၌ ရဟန်း ၁၅ ပါး ရဟန်းခံပွဲနှင့် သာမဏေ ၁၀၈ ပါး ရှင်ပြုပွဲကို ဇွန် ၂ ရက်က ကျင်းပခဲ့ရာ ဆရာ တော်၊ သံဃာတော်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ပရဟိတနှင့် လူမှုရေး အသင်းအဖွဲ့များ၊ အလှူရှင်မိသားစုများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ပရိသတ်များက မကွေးမြို့ ရာဇမုနိတောင်ပေါ်ကျောင်းတိုက် သက်တော်ရှည်ဆရာတော်ထံမှ သီလခံယူဆောက်တည်ကြပြီး အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် မကွေးမြို့မဟာဝိသုတာရာမတိုက်နာယက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ရှင်ပြုအလှူ၏ အကျိုးကျေးဇူးများကို မိန့်ကြားခဲ့သည်။

ရဟန်းခံရှင်ပြု အလှူပွဲကို မဟာဝိသုတာရာမစာသင်တိုက် ဆရာတော်များ၏ ဦးဆောင်မှုဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်နေ အလှူရှင် ဦးမောင်မောင်အောင် (Viking Myanmar ကုမ္ပဏီ လီမိတက်)မိသားစုက ကျပ် ၂၂၅ သိန်းခန့်အကုန်ကျခံကာ မကွေးမြို့နယ်အတွင်းရှိ ကံပြား၊ ကျစ်စုံပွေး၊ ဆားတိုင်ခံ၊ ငွေးတောင်စမ်း၊ ဘုရားပြို၊ လေးအိမ်တန်း၊ စလင်း၊ ကျောင်း ကုန်းနှင့် ဝါးကြီးအိုင်ရွာတို့မှ ဆင်းရဲနွမ်းပါးသောကလေးများနှင့် မိဘမဲ့ကလေးများ အား ရဟန်းခံရှင်ပြုပေးခဲ့ခြင်း ဖြစ်သည်။

**မေသူလွင် (မကွေး)**



**ဇွန် ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ Myanmar International School Yangon ကျောင်းမှ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား မီးဘေး အန္တရာယ်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို တောင်ဥက္ကလာပ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးဇင်မင်း ပညာပေးဟောပြောစဉ်။** (ဟောပြောပွဲ အပြီးတွင် မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းကိုလည်း မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျောင်းဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့သည်။) **ထင်ပေါ်ဝင်း**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၁၀၅) ရေးကူးရာတွင် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၅**

လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပုံစံ (၁၀၅) ရေးကူးရာတွင် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များဆိုင်ရာ ဆွေးနွေးပွဲကို ဇွန် ၁ ရက်နှင့် ၂ ရက်နေ့တွင် နေပြည်တော် ရုံး အမှတ် ၁၅ အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ဆွေးနွေးပွဲတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက လယ်ယာမြေများအား တည်ဆဲ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လတ်တလောဆောင်ရွက်ပေးမှုမှာလက်ရှိ လွှတ်တော်၌ ပြင်ဆင်ရေးဆွဲလျက်ရှိသော လယ်ယာမြေဥပဒေမပေါ်မီ ကာလအတွင်း ဌာနရှိစာရင်းဇယား ကိန်းဂဏန်းများ တိကျမှန်ကန်ရေး တွက်လည်းကောင်း၊ တည်ဆဲလယ်ယာမြေဥပဒေပါ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများ အပြည့်အဝခံစားနိုင်စေရေးအတွက် လည်းကောင်း၊ လွှတ်တော်အသီးသီးမှ မေးခွန်းများအပါအဝင် ဆောင်ရွက်ပေးပါရန် တင်ပြလာမှုများအရ လည်းကောင်း၊ အကောင်းဆုံးအခြေအနေဖြင့် လယ်ယာမြေများအား ရောင်းဝယ်ခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်းစသည့် လွှဲပြောင်းမှုဆိုင်ရာ ကိစ္စရပ်များတရားဝင် ဆောင်ရွက်နိုင်စေရန် စီစဉ်ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း ဆောင်ရွက်မည့်လုပ်ငန်းပမာဏ များပြား ရှုပ်ထွေးနိုင်သော်လည်း တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်ခြင်းအားဖြင့် ပြည်သူလူထု၏ လိုလားချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိတရားလေးပါး



**လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ (၁၀၅) ရေးကူးရာတွင် လိုက်နာရမည့်ညွှန်ကြားချက်များဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပစဉ်။**

ကင်းရှင်းစွာဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းမှာကြားသည်။

ယင်းနောက် လုပ်ငန်းဆောင်ရွက်ရာတွင် မရှိမဖြစ် လိုက်နာဆောင်ရွက်ပေးရမည့် မြေစာရင်းပုံစံ ၁၀၅ / ၁၀၆ ရေးကူးထုတ်ပေးရေးကိစ္စ မြေယာ ခွဲစိတ်မှု အပေါ် လိုက်နာဆောင်ရွက်ပေးရမည့် ဦးပိုင်ခွဲစိတ်ခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် ညွှန်ကြားရေးမှူး၊ (မြေစာရင်းနှင့် မြေတိုင်းပုံနှိပ်) က လည်းကောင်း၊ စာချုပ်မှတ်ပုံတင်ခြင်းလုပ်ငန်းကိစ္စရပ်များအတွက် ညွှန်ကြားရေးမှူး (ကြေးတိုင်နှင့် စီမံကိန်း) က လည်းကောင်း၊ လုပ်ငန်းစဉ် တစ်ရပ်လုံးတည်ဆဲဥပဒေနှင့် အညီ ဖြစ်စေရေး အတွက် ညွှန်ကြားရေးမှူး (မြေယာ) က လည်းကောင်း၊ လုပ်ငန်းစဉ်နှင့်ပတ်သက်သောဌာနမှ ညွှန်ကြား ထားရှိချက်များနှင့်ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း အသေးစိတ်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ပြီး ဆွေးနွေးပွဲတက်ရောက်သူများက မရှင်းလင်းသည့်အချက်များအား ပြန်လည်မေးမြန်းခဲ့ခြင်းအပေါ် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ဇူလိုင်မိုး**

## မိုးညှင်းတွင် အရိပ်ရသစ်ပင် ၁၂၂၇၀၀ ကျော်အား မိုးရာသီတွင် စိုက်ပျိုးနိုင်ရေး ဖြန့်ဝေသွားမည်

**မိုးညှင်း ဇွန် ၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သဘာဝသစ်တောများပြန်လည်ထူထောင်ရေးနှင့် ရာသီဥတုအပူဒဏ်ကာကွယ်နိုင်ရေးတို့အတွက် လာမည့်မိုးရာသီကာလတွင် မြို့နယ်အတွင်းအရိပ်ရပျိုးပင်



**မိုးညှင်းတွင် မိုးဦးကာလ ဖြန့်ဝေမည့် အရိပ်ရပျိုးပင်များကို တွေ့ရစဉ်။**

ပေါင်း ၁၂၂၇၀၀ ကျော်ကို ဖြန့်ဝေစိုက်ပျိုးပေးမည်ဖြစ်ကြောင်း သိရသည်။

မိုးညှင်းမြို့နယ် နတ်ပုတ်ကျေးရွာအနီး သစ်တောပျိုးဥယျာဉ်အတွင်း၌ စနစ်တကျ ပြုစုပျိုးထောင်ထားသည့် ကျွန်း၊ ပျဉ်းကတိုး၊ ယမနေ၊ ပျဉ်းမ၊ မန်ကျည်းရှား၊ မယ်ဇလီ၊ ခရေ၊ ကံ့ကော်၊စသည့် စနစ်တကျပြုစုပျိုးထောင်ထားသောပျိုးဥယျာဉ်ခြံ နှစ်ခြံတွင် စုစုပေါင်းပျိုးပင် ၁၂၂၇၀၀ ကျော်ကို မြို့နယ်အတွင်းရှိ ကောလိပ်ကျောင်း၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ မြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၊ ဌာနဆိုင်ရာများ၊ လမ်းဘေးဝဲယာနေရာများ၊ သဘာဝပတ်ဝန်းကျင်ချစ်မြတ်နိုးသူများနှင့် တစ်နိုင်တစ်ပိုင် သစ်တောစိုက်ခင်းတည်ထောင် လိုသူများအတွက် အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ပြီး စနစ်တကျရှင်သန်ကြီးထွားနိုင်ရေးအတွက် သစ်တောဦးစီးဌာနမှ မှန်ကန်သော စိုက်ပျိုးနည်းဖြင့် ပညာပေးလမ်းညွှန်ပြသပေးမည်ဖြစ်ကြောင်း မိုးညှင်းမြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိဦးဝင်းခိုင်ဖြိုးက ပြောကြားခဲ့သည်။

ထိုကဲ့သို့ မိုးညှင်းမြို့နယ်သစ်တောဦးစီးဌာနပျိုးဥယျာဉ်မှ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး နှစ်စဉ်မိုးရာသီတွင် အရိပ်ရသစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် အမျိုးအမည်စုံလင်သော ပျိုးပင်များကို ကြိုတင်ပြုစုပျိုးထောင်ထားပြီးဖြစ်သည့်အတွက် မြို့နယ်အတွင်းရှိ နေရာဒေသအသီးသီးတွင် မည်သူမဆိုအခမဲ့လာရောက်တောင်းယူနိုင်ကြောင်း မိုးညှင်းမြို့မှ သစ်တောဘိနယ်တာဝန်ခံတောအုပ်ဦးသော်ဇင်ထွန်းက ပြောကြားသည်။

**(၀၇၈)**

## ဒုဋ္ဌဝတီမြစ်အတွင်း စက်မှုဇုန်မှ စွန့်ပစ်ရေဆိုးများကြောင့် မြစ်ဘေးတစ်လျှောက်ရှိပြည်သူများ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို စိုးရိမ်လျက်ရှိ

**ရန်ကုန် ဇွန် ၅**

မန္တလေးမြို့တွင် အရက်ချက်စက်ရုံ၊ သကြားစက်ရုံ၊ ချည်မျှင်စက်ရုံနှင့် အခြားစက်ရုံတို့ရှိရာ ထိုစက်ရုံများမှ စွန့်ပစ်ရေဆိုးများကြောင့် ဒုဋ္ဌဝတီမြစ်ကမ်းတစ်လျှောက်တွင် နေထိုင်သော ကျေးလက်နေ ပြည်သူတို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။

ယခင်ကထိုစက်ရုံများမှ စွန့်ပစ်ရေဆိုးများကို ပရံတော်ချောင်းအတွင်းသို့ စွန့်ပစ်ကြရာ (၁၀) လက်မပိုက်ဖြင့်သာစွန့်ပစ်ရန် စည်ပင်သာယာမှ ညွှန်ကြားခဲ့သော်လည်း ယင်းတို့၏အစီစဉ်အတိုင်းသာစွန့်ပစ်လျက်ရှိပြီး အရက်ချက်စက်ရုံ၊ သကြားစက်ရုံနှင့်စက္ကူစက်ရုံတို့မှ ရေဆိုးများကို မြစ်အတွင်း တိုက်ရိုက်စွန့်ပစ်မှု ကြာမြင့်လာသောကြောင့် မြစ်ကမ်းတစ်လျှောက်ရှိ ကျေးလက်နေပြည်သူတို့၏ ကျန်းမာရေးကဏ္ဍမှာ စိုးရိမ်လာကြ၍ မန္တလေးမြို့တော်ဝန်ထံဒေသခံများတင်ပြထားသည်မှာလေးလကျော်ကြာမြင့်သည့်တိုင်ယနေ့ထိထူးခြားမှုမရှိသောကြောင့် ဒေသခံပြည်သူများအနေဖြင့် နေစဉ်အသုံးပြုနေသောမြစ်ရေမှ ရရှိလာမည့်ရောဂါနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်လာနိုင်မှု ကြိုတင်ကာကွယ်လိုခြင်းဖြစ်သည်။

"မန္တလေးစက်မှုဇုန်နဲ့ ဒုဋ္ဌဝတီမြစ်ဘေးက ကျွန်တော်တို့ ညောင်ပင်စောက်ရွာနဲ့ ငါးမိုင်နီးပါးဝေးတယ်။ ၁၀ လက်မရေဆိုးစွန့်ပစ်တဲ့ ပိုက်လိုင်းက ကျွန်တော်တို့ရွာနားက ဒုဋ္ဌဝတီမြစ်ထဲကို တိုက်ရိုက်စွန့်ပစ်နေတာ ၁၀ နှစ်ရှိပြီ။ အရင်ကဘာလို့မပြောလဲဆိုရင်အခုလို ပွင့်လင်းမြင်သာမှုမရှိခဲ့လို့ ပြည်သူကမပြောနိုင်ခဲ့ကြဘူး။ အခုတင်ပြထားတာတောင်လေးလကျော်နေပြီ မထူးခြားသေးဘူး။ ကျွန်တော်ရွာအောက်ဘက်ကကျေးရွာ ၅၀ နီးပါးဆိုရင်မြစ်ရေကို လုံးဝ မသုံးတော့ဘူး။ ကျွန်တော်တို့လည်း မသုံးရဲပေမယ့် ရေချိုး၊ အဝတ်လျှော်အတွက် အသုံးပြုနေရသေးတယ်။ ဘယ်နေ့ ဘာဖြစ်လာမလဲဆိုတာ အားလုံးစိုးရိမ်မှုနဲ့ မြစ်ရေကို သုံးနေရတာ။ အရက်ချက်စက်ရုံက စွန့်ပစ်ရေဆိုးတွေမြစ်ထဲ စွန့်ပစ်နေတာရပ်သင့်နေပြီ"ဟု ဒုဋ္ဌဝတီမြစ်ဘေးညောင်ပင်စောက်ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူဦးထွန်းမြတ်က ပြောကြားကြောင်း သိရသည်။

မန္တလေးတိုင်း အမရပူရမြို့နယ်အတွင်းရှိ ညောင်နီပင်၊ မြို့သစ်၊ မြို့ပြင်ကြီး၊ စာတို၊ ဥယျာဉ်တော်၊ လမ်းပွဲ၊ ရေကြည်ပေါက်၊ စားတော်၊ မြေတူး၊ သပြေအုပ်၊ လိပ်ဆံခွံ၊ လိပ်ဆံနင်း၊ ညောင်ပင်စောက်စသည့် ကျေးရွာများတွင် နေထိုင်ကြသော ကျေးလက်နေပြည်များမှာ ဒုဋ္ဌဝတီမြစ်ကို အမှီပြုနေရသောမြစ်ဘေး ကျေးရွာများဖြစ်ပြီး မြစ်ရေကို အသုံးပြုနေရလျက်ရှိရာစက်မှုဇုန်ရှိ စက်ရုံများမှရေဆိုးများကို မြစ်အတွင်းသို့ပိုက်ဖြင့် သွယ်တန်း၍ စွန့်ပစ်နေကြသည့်အတွက် ကလေးသူငယ်၊ သက်ကြီးရွယ်အိုနှင့် ကျွဲနွားတိရစ္ဆာန်များအတွက် စိုးရိမ်ဖွယ်အခြေအနေကြောင့် မြစ်အတွင်းရေဆိုးများ တိုက်ရိုက်စွန့်ပစ်နေမှုကို အချိန်မီထိန်းသိမ်းရန် လိုလားလျက်ရှိသည်။

မန္တလေးစက်မှုဇုန်ကို(၁၉၉၄-၁၉၉၅)ခုနှစ်တွင် စတင်ခဲ့ပြီး စက်ရုံမှ စွန့်ပစ်ရေများကိုချောင်းများ၊ အင်းထဲသို့ စွန့်ပစ်ခဲ့ကြရာ တောင်သမန်အင်းအတွင်းရှိငါးများနှင့် ငှက်များ သေဆုံးမှုငါးကြိမ်ခန့်ဖြစ်ပွားခဲ့ရာ ဒုဋ္ဌဝတီမြစ်အတွင်းသို့ ပြန်လည်သန့်စင်မှုမရှိသော ရေဆိုးများကိုတိုက်ရိုက်စွန့်ပစ်သည့်အတွက် မြစ်ရေကို အသုံးပြုနေသောလူ၊ တိရစ္ဆာန်နှင့်သစ်ပင်များ ထိခိုက်လာနိုင်မှုအပေါ် ကျေးလက်နေပြည်သူတို့ စိုးရိမ်နေကြခြင်းဖြစ်သည်။

ထိုစက်မှုဇုန်တွင် စက်ရုံလည်ပတ်ရန် လွှစာ



**စွန့်ပစ်ရေဆိုးများ ပါဝင်နေသော ဒုဋ္ဌဝတီမြစ်ရေကို တွေ့ရစဉ်။**

မှုန့်ထက် စပါးခွံကိုအသုံးပြုသောကြောင့် မြစ်အတွင်းစပါးခွံဖွဲပြာများ ပို့ချလျက်ရှိ၍ မြစ်နှင့် မြစ်ရေကိုထိခိုက်စေလျက်ရှိကာ ဒုဋ္ဌဝတီမြစ် သန့်ရှင်းသာယာလှပရေး၊ ချောင်းများ၊ အင်းများ ရေရှည်တည်တံ့မှုနှင့် သန့်ရှင်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများဖွံ့ဖြိုးရေးနှင့် အမှိုက်ကင်းမဲ့ဇုန်များ ပေါ်ထွန်းရေးကို နိုင်ငံတော်၊ ပြည်သူနှင့်လူမှုအသင်းအဖွဲ့များပူးပေါင်းဆောင်ရွက်လျက်ရှိရာ တစ်ဦးတစ်ယောက်၏ အကျိုးစီးပွားအတွက် ဖြစ်ပေါ်လာသောဆိုးကျိုးသည် အများပြည်သူနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသောကြောင့် ဒုဋ္ဌဝတီမြစ်အတွင်းသို့ အရက်ချက်စက်ရုံနှင့်အခြားစက်ရုံများမှ ရေဆိုးများ တိုက်ရိုက်စွန့်ပစ်နေမှုကို တားဆီးထိန်းချုပ်ရန် လိုအပ်လျက် ရှိကြောင်း သိရသည်။

**ခတ်ပုံ - သစ္စာ၊ (၁၆၄)**

# အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇ ။)**

**၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁ ရက်**

**(၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) **အလုပ်သမား** ဆိုသည်မှာ အလုပ်ရှင်ထံ ကာယအား၊ ဉာဏအား အသုံးပြု၍ အခကြေးငွေရယူပြီး လုပ်ကိုင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်သင်၊ အစမ်းခန့်နှင့် အငြင်းပွားမှုဖြစ်ပွားနေစဉ်အတွင်း အလုပ်မှရပ်စဲခံရသူ သို့မဟုတ် အလုပ်ထုတ်ခံရသူ အလုပ်သမားများလည်း ပါဝင်သည်။ သို့ရာတွင် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်၏ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့အစည်းများ မပါဝင်။"

(ခ) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) **အလုပ်ရှင်** ဆိုသည်မှာ မိမိ၏လုပ်ငန်းအတွက် လုပ်အားကို ရရှိရန် အလုပ်သမားအား အခကြေးငွေပေးရန် တာဝန်ရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းအမွေဆက်ခံသူ သို့မဟုတ် ၎င်း၏တရားဝင်ကိုယ်စားလှယ်၊ အခွင့်ရကိုယ်စားလှယ်၊ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ တည်ထောင်သော ကုမ္ပဏီဖြစ်ပါက လုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်မည့် အကြီးအကဲနှင့် ဒါရိုက်တာဘုတ်အဖွဲ့ဝင်များလည်း ပါဝင်သည်။"

(ဂ) ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲငယ် (၆) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၆) ဝန်ကြီးဌာနက မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည်ဟု အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် လုပ်ငန်းများ။"

(ဃ) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဈ) **သပိတ်မှောက်ခြင်း** ဆိုသည်မှာ အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုတစ်ခုခုတွင် ညှိနှိုင်း၍မရနိုင်သည့် အခြေအနေ၌ လူမှုရေး သို့မဟုတ် အလုပ်အကိုင်ဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ အလုပ်သမားအချို့ကဖြစ်စေ၊ အားလုံးကဖြစ်စေ၊ လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် အလုပ်သမားအဖွဲ့အစည်းများကဖြစ်စေ ဆုံးဖြတ်၍ အလုပ်ရပ်ဆိုင်းခြင်း၊ အလုပ်လုပ်ကိုင်ရန်ဖြစ်စေ၊ အလုပ်ဆက်လက်လုပ်ကိုင်ရန်ဖြစ်စေ ငြင်းဆန်ခြင်း၊ အလုပ်နှောင့်နှေးစေရန်ပြုလုပ်ခြင်း သို့မဟုတ် အလုပ်သမားအများစုသဘောတူညီမှုဖြင့် ထုတ်လုပ်မှုကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ ထိခိုက်ကျဆင်းစေသည့် စုပေါင်းလုပ်ဆောင်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်သမားများ၏ အသက် သို့မဟုတ် ကျန်းမာရေးအပေါ် ရုတ်တရက် ပြင်းထန်စွာ အန္တရာယ်ကျရောက်မည်ဟု ယုတ္တိတန်စွာ ယုံကြည်သည့်အကြောင်းကြောင့် လုပ်ငန်းခွင်မှ ထွက်ခွာသွားနိုင်သော ယင်းတို့၏အခွင့်အရေးကို ကျင့်သုံးခြင်း မပါဝင်။"

(င) ပုဒ်မခွဲ (ဋ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဋ) **စုပေါင်းတောင်းဆိုဆွေးနွေးညှိနှိုင်းမှု** ဆိုသည်မှာ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမားများ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများအကြား အလုပ်လုပ်ကိုင်မှုအခြေအနေနှင့် စည်းကမ်းချက်များ၊ ယင်းတို့၏ အလုပ်သမားရေးရာ ဆက်ဆံမှုများ သို့မဟုတ် အငြင်းပွားမှု မဖြစ်ပွားစေရန် ကာကွယ်မှုနှင့် ဖြေရှင်းမှုများကို စုပေါင်းဆွေးနွေးညှိနှိုင်းပြီး စုပေါင်းသဘောတူညီချက် ချမှတ်နိုင်ရန် ဆောင်ရွက်သည့်လုပ်ငန်းစဉ်ကို ဆိုသည်။"

(စ) ပုဒ်မခွဲ (ဌ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဌ) **စုပေါင်းသဘောတူညီချက်** ဆိုသည်မှာ စုပေါင်းတောင်းဆိုဆွေးနွေးညှိနှိုင်းမှုအရ အလုပ်သမားများ၏ လုပ်ငန်းခွင်နှင့် အလုပ်လုပ်ကိုင်မှု အခြေအနေများသတ်မှတ်ခြင်း၊ အလုပ်ရှင်များနှင့် အလုပ်သမားများ၊ ယင်းတို့၏ သက်ဆိုင်ရာ အဖွဲ့အစည်းများအကြားတွင် ဆက်ဆံမှုဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ အလုပ်သမားအဖွဲ့အစည်းများ၏ တရားဝင်ရပ်တည်မှုကို အသိအမှတ်ပြုဆောင်ရွက်ခြင်းနှင့် အလုပ်သမားများအတွက် လူမှုကာကွယ်စောင့်ရှောက်မှု အာမခံချက်များကို မြှင့်တင်ခြင်းတို့အပါအဝင် အလုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ စာဖြင့်ချုပ်ဆိုသည့် နှစ်ဖက်သဘောတူညီချက်ကို ဆိုသည်။"

(ဆ) ပုဒ်မခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဍ) **အငြင်းပွားမှု** ဆိုသည်မှာ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းနှင့် အလုပ်သမား သို့မဟုတ် အလုပ်သမားများ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများ၏ အလုပ်ခန့်ထားခြင်း၊ အလုပ်လုပ်ကိုင်ခြင်း၊ အလုပ်ရပ်စဲခြင်းတို့နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ လုပ်သက်ဆု၊ လုပ်အားဆုနှင့် စရိတ်အပါအဝင် အလုပ်လုပ်ကိုင်မှု သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အလုပ်နှင့်သက်ဆိုင်သည့် ထိခိုက်နစ်နာမှုများ၊ လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်ဒဏ်ရာရရှိမှုများ၊ သေဆုံးမှုများ သို့မဟုတ် လုပ်ငန်းခွင်ကြောင့် ဖြစ်ပေါ်သော ရောဂါများအတွက် လျော်ကြေးနှင့် စပ်လျဉ်း၍သော်လည်းကောင်း အလုပ်သမားများ၏ နားရက်၊ ခွင့်ကိစ္စအပါအဝင် အလုပ်သမားရေးရာ အခြားကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အလုပ်သမားအများစု၏ ရသင့်ရထိုက်သော အကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များနှင့်သော်လည်းကောင်း အလုပ်ရှင်တစ်ဦး သို့မဟုတ် အလုပ်ရှင်များ သို့မဟုတ် ယင်းတို့အား ကိုယ်စားပြုသည့် အလုပ်ရှင်အဖွဲ့အစည်းနှင့် အလုပ်သမားတစ်ဦး သို့မဟုတ် အလုပ်သမားများ သို့မဟုတ် ယင်းတို့အားကိုယ်စားပြုသည့် အလုပ်သမားအဖွဲ့အစည်းတို့အကြား ဖြစ်ပွားသော အငြင်းပွားမှု သို့မဟုတ် သဘောထားကွဲလွဲမှုကို ဆိုသည်။"

(ဇ) ပုဒ်မခွဲ (ဎ) နှင့် (ဏ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဎ) **အခွင့်အရေးဆိုင်ရာ အငြင်းပွားမှု** ဆိုသည်မှာ အလုပ်ရှင် သို့မဟုတ် အလုပ်သမားများ၏ အလုပ်သမားဥပဒေပါ ရပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုကို ဆိုသည်။

(ဏ) **အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှု** ဆိုသည်မှာ စုပေါင်းသဘောတူညီချက်နှင့် စပ်လျဉ်းသော အငြင်းပွားမှု၊ အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များနှင့် အကျုံးဝင်မှု မရှိသော်လည်း အလုပ်သမားအများစု၏ ရသင့်ရထိုက်သော အကျိုးစီးပွားနှင့် သက်ဆိုင်သည့် အငြင်းပွားမှုများနှင့် လုပ်ငန်းခွင်ဆက်ဆံရေးနှင့် စပ်လျဉ်းသော အငြင်းပွားမှုများကို ဆိုသည်။

(ဈ) ပုဒ်မခွဲ (ဖ) နှင့် (ဗ) တို့တွင်ပါရှိသော "အလုပ်သမားဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

(ည) ပုဒ်မခွဲ (ဗ) ၏ နောက်တွင် ပုဒ်မခွဲ (ဘ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဘ) **ဦးစီးဌာန** ဆိုသည်မှာ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနကို ဆိုသည်။"

၃။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (က) ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) အလုပ်သမားအဖွဲ့အစည်းရှိလျှင် စုပေါင်းတောင်းဆိုဆွေးနွေးညှိနှိုင်းမှု ပြုလုပ်နိုင်ရေးအတွက် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီကို သတ်မှတ်ချက်နှင့်အညီ သတ်မှတ်ကာလအတွင်း အောက်ပါအတိုင်း ဖွဲ့စည်းရမည် -"

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) အလုပ်သမားအဖွဲ့အစည်းတစ်ခုချင်းက အဆိုပြုသည့် အလုပ်သမားကိုယ်စားလှယ် သုံးဦးစီ၊"

(ဂ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) အလုပ်သမားအဖွဲ့အစည်းမရှိလျှင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီကို သတ်မှတ်ချက်နှင့်အညီ သတ်မှတ်ကာလအတွင်း အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) အလုပ်သမားများက ရွေးချယ်ပေးသော အလုပ်သမား ကိုယ်စားလှယ်သုံးဦး၊

(၂) အလုပ်ရှင်ကိုယ်စားလှယ် သုံးဦး။"

၄။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ညှိနှိုင်းရေးကော်မတီ၏ သက်တမ်းသည် နှစ်နှစ်ဖြစ်သည်။"

၅။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆။ (က) အလုပ်သမား သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းဘက်ကဖြစ်စေ၊ အလုပ်ရှင်ဘက်ကဖြစ်စေ ၎င်းတို့၏ နစ်နာချက်ကို ညှိနှိုင်းရေးကော်မတီသို့ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်ဖြင့် တောင်းဆိုတိုင်ကြားလာပါက ညှိနှိုင်းရေးကော်မတီသည် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ဆွေးနွေးညှိနှိုင်း ဖြေရှင်းရမည်။"

၆။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ အလုပ်သမား ၃၀ ဦး မပြည့်သဖြင့် ညှိနှိုင်းရေးကော်မတီဖွဲ့စည်းခြင်း မရှိသည့်လုပ်ငန်းတွင် နစ်နာချက်ကို အလုပ်ရှင်ထံ တောင်းဆိုပါက အလုပ်ရှင်သည် အလုပ်သမားများ သို့မဟုတ် ယင်းတို့၏ ကိုယ်စားလှယ်များနှင့် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ဆွေးနွေးညှိနှိုင်း ဖြေရှင်းပြီး ဖြေရှင်းမှုမှတ်တမ်း ရေးသားထားရှိ၍ သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က တောင်းခံသည့်အခါ ယင်းမှတ်တမ်းကို ပေးပို့ရမည်။"

၇။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉။ ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၇ အရ ဆွေးနွေးညှိနှိုင်းရာတွင် -

(က) ပြေငြိမ်းမှုရရှိပါက အလုပ်ရှင်နှင့် အလုပ်သမားများသည် စုပေါင်းသဘောတူညီချက် ချုပ်ဆိုပြီး သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ မိတ္တူပေးပို့ရမည်။

(ခ) ပြေငြိမ်းမှုမရရှိသည့် အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ဖျန်ဖြေရေးကို ဆက်လက်ခံယူလိုပါက အလုပ်ရှင် သို့မဟုတ် အလုပ်သမားသည် သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားနိုင်သည်။

(ဂ) စုပေါင်းသဘောတူညီချက်ကို လိုက်နာမှုမရှိပါက နစ်နာသူသည် သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားနိုင်သည်။

(ဃ) စုပေါင်းသဘောတူညီချက်၏ သက်တမ်းကာလမှာ တစ်နှစ်ဖြစ်ရမည်။ အဆိုပါ သက်တမ်းကာလအတွင်း သဘောတူညီထားသည့်အချက်နှင့် စပ်လျဉ်း၍ ထပ်မံတောင်းဆိုခြင်း မပြုရ။"

၈။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များတွင် အငြင်းပွားမှုညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသူ တစ်ဦး၊ ဥက္ကဋ္ဌ

(၂) အခြေခံနှင့် မြို့နယ်အလုပ်ရှင်အဖွဲ့အစည်းများက ရွေးချယ်ပေးသော အခြေခံနှင့် မြို့နယ်အဆင့် အလုပ်ရှင်အဖွဲ့အစည်းဝင်ကိုယ်စားလှယ် သုံးဦး၊ အဖွဲ့ဝင်

(၃) အခြေခံနှင့် မြို့နယ်အလုပ်သမားအဖွဲ့အစည်းများက ရွေးချယ်ပေးသောအခြေခံနှင့် မြို့နယ်အဆင့် အလုပ်သမားအဖွဲ့အစည်းဝင် ကိုယ်စားလှယ် သုံးဦး၊ အဖွဲ့ဝင်

(၄) သက်ဆိုင်ရာ မြို့နယ်အဆင့် အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ် တစ်ဦး၊ အဖွဲ့ဝင်

(၅) ဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူ တစ်ဦး။ အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို စက်ရုံ၊ အလုပ်ရုံများ၊ အလုပ်သမားဦးရေနှင့် အငြင်းပွားမှုများပြားသော မြို့နယ်များတွင် လိုအပ်ပါက တစ်ဖွဲ့ထက်ပို၍ ဖွဲ့စည်းနိုင်သည်။"

၉။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ သက်တမ်းသည် သုံးနှစ်ဖြစ်သည်။"

၁၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၂။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် -

(က) တိုင်ကြားလာသည့် သို့မဟုတ် လက်ခံရရှိသည့် အငြင်းပွားမှုအား ပြေငြိမ်းစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း ဖျန်ဖြေဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အခွင့်အရေးဆိုင်ရာ အငြင်းပွားမှု သို့မဟုတ် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုအမျိုးအစား ခွဲခြားသတ်မှတ်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

